www.burmeseclassic.com

Future Publishing House

# အောင်သင်း

## မျိုးဆက်သစ်အတွက်

# ကဗ္ဗဝင်မိတ်ဆက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးသားဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# မျိုးဆက်သစ်အတွက်

# ဂန္ထဝင်မိတ်ဆက်

## အောင်သင်း

**FTURE**

**Publishing House**

No. 52 (A) , Ground Floor, 12th Street
Lanmadaw Township, Yangon.
Ph: (01) 224431

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**

၄၄၅/၂၀၀၂ (၅)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၅၅၂/၂၀၀၂ (၇)

**ပုံနှိပ်ခြင်း**

၂၀၀၂ ခုနှစ် ၊ စက်တင်ဘာလ၊

ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀။

**မျက်နှာဖုံးသရုပ်ဖော်**

ဗဂျီလင်းဝဏ္ဏ

**တန်ဖိုး**

၄၀၀ - ကျပ်

**မျက်နှာဖုံးပုံနှိပ်သူ**

ဦးထွန်းထွန်း (၀၂၇၂၆) ၊ အောင်မြင့်ထွန်း ပုံနှိပ်တိုက် ၊

အမှတ် (၂၂၄) လမ်း-၄၀၊ ရန်ကုန်။

**အတွင်းပုံနှိပ်သူ**

ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်းပုံနှိပ်တိုက်၊

အမှတ်(၁) ၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊

ဒဂုံမြို့နယ်၊ ရန်ကုန်။

**ထုတ်ဝေသူ**

ဦးတင်ရှိန် (စန်းရောင်ရှိန်စာပေ)

အမှတ်-၄၊ မေခလမ်း၊ ဒဂုံမြို့သစ်။

**စီစဉ်သူ**

ဝင်းသိန်းဦး

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၆ |
| ၂။ | ပါရာယနဝတ္ထု | ၁၂ |
| ၃။ | ကိုးခန်းပျို့ (၁) | ၂၀ |
| ၄။ | ကိုးခန်းပျို့ (၂) | ၃၈ |
| ၅။ | ကိုးခန်းပျို့ (၃) | ၅၆ |
| ၆။ | လူမှုရေးဂန္ထဝင်စာပေ | ၇၂ |
| ၇။ | ချစ်သောသူဇာ (၁) | ၈၆ |
| ၈။ | ချစ်သောသူဇာ (၂) | ၁၀၄ |
| ၉။ | ချစ်သောသူဇာ (၃) | ၁၂၀ |
| ၁၀။ | ချစ်သောသူဇာ (၄) | ၁၃၄ |
| ၁၁။ | မန်လည် မင်္ဂလာရတုများ (၁) | ၁၅၀ |
| ၁၂။ | မန်လည် မင်္ဂလာရတုများ (၂) | ၁၆၈ |


www.burmeseclassic.com

www.burmeseclassic.com



## နိဒါန်း

"မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက်" ဆိုတဲ့ ခေါင်းစဉ်ကိုမြင်လိုက်တာနဲ့ ရည်ရွယ်ချက်ကို မှန်းလို့ ရလောက်နေပြီ ဖြစ်ပါတယ်။ ဒါပေမယ့် အသေးစိတ်ကလေးကိုတော့ ပြောလိုက်ရပါဦးမယ်။

**ရည်ရွယ်ချက်**

(တစ်) လူငယ်တွေ သိသင့်သိထိုက်တဲ့ ဂန္ထဝင် စာအုပ်တွေမှာ ဘယ်စာအုပ်မှာ ဘာအကြောင်းတွေကို ရေးထားတယ်၊ ကောင်းပုံကောင်းနည်းက ဘယ်လို၊ ဘာကြောင့် ဂန္ထဝင်စာပေဖြစ်လာရတယ် ဆိုတာကို အကြမ်းအားဖြင့် လူငယ်တွေကို သိကြစေချင်တယ်။

(နှစ်) 'စာသွေး' ပါတဲ့ လူငယ်တွေ ကျပြန်တော့ သက်ဆိုင်ရာ စာအုပ်တွေကို ကိုယ်တိုင်ရှာဖွေပြီး သေချာ ဖတ်ကြည့်ချင်စိတ် နိုးကြားလာစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးအလေး ပဓာနထားပြီး ပြောချင်တာကတော့ လေးလေးနက်နက် ကျမ်းကြီးတစ်ခု ပြုစုဖို့ ကြိုးစားတာမဟုတ်ပါဘူးဆိုတဲ့အချက်ပါပဲ။ တကယ့်ကို လူငယ်တွေနဲ့ မိတ်ဆက်ပေးရုံသက်သက် လောက်ပါပဲ။

**တင်ပြပုံ**

လေးလေးပင်ပင်ကြီး မဟုတ်ဘဲ ပေါ့ပေါ့ပါးပါးရေးဖို့ ရည်ရွယ်တာဖြစ်တဲ့အတိုင်း စာသင်ခန်းငယ်တစ်ခုမှာ/စကားဝိုင်းကလေးတစ်ခုမှာ စကားစပ်မိကြလို့ ပြောကြသလို -

(တစ်) စကားပြောသလိုပဲ ရေးသွားပါမယ်။

(နှစ်) သက်ဆိုင်ရာ စာအုပ်စာပေရဲ့ ကောင်းပုံကောင်းနည်းကို တင်ပြတဲ့အခါမှာ သင့်နိုးရာရာ ကောက်နှုတ်ချက်ကလေးတွေကို ထည့်သွင်းဖော်ပြသွားပါမယ်။

(သုံး) သုတေသနကျမ်းကြီးများရဲ့ လုပ်ထုံးလုပ်နည်းအတိုင်းမဟုတ်ဘဲ စပ်မိစပ်ရာ စိတ်ဝင်စားစရာ၊ မှတ်သားစရာလေးတွေကို သတိရမိလိုက်ရင်လည်း ဝန်မလေးဘဲ ထည့်သွင်းသွားပါမယ်။

(လေး) အထူးသဖြင့် လူငယ်တွေမှာ အကြားအမြင်တိုးစေမယ့်၊ ဆင်ခြင်တုံတရား ထက်မြက်စေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အချက်အလက်မျိုး ဖြစ်မယ်ဆိုရင် သွက်သွက်ကြီး ထည့်သွားမယ်လို့ စဉ်းစားထားပါတယ်။

**ပါမောက္ခ ကျောင်းဆရာကြီးနှစ်ပါး**

ပါရာယနဝတ္ထုကို ဆရာတော် ရှင်မဟာသီလဝံသ ရေးခဲ့တယ် ဆိုတာလောက်ကိုတော့ဖြင့် လူငယ်တိုင်းလိုလို ကြားဖူးနေကြပါတယ်။ ရှင်မဟာသီလဝံသလို့ပြောလိုက်ရင် ရှင်မဟာရဋ္ဌသာရကို သတိရကြစမြဲပါပဲ။ ရာမလို့ပြောလိုက်ရင် လက္ခဏာဟာ တွဲပြီးပါလာရသလိုပဲပေ့ါ။ ငါတို့ခေတ်မှာလည်း 'ဇော်ဂျီ' လို့ ပြောလိုက်ရင် 'မင်းသုဝဏ်' ကို တွဲပြီး သတိရလိုက်ကြသလိုပဲပေ့ါ။ ဒီဆရာတော်ကြီး နှစ်ပါးကိုလည်း ခွဲလို့မရလောက်အောင် ဖြစ်လာခဲ့ပါတယ်။

အရင်ကတော့ဖြင့် 'ဆုတောင်းခန်းပျို့' 'ပါရမီတော်ခန်းပျို့' တွေကို သီကုံးရေးစပ် တော်မူခဲ့တဲ့ ရှင်မဟာသီလဝံသ၊ 'ကိုးခန်းပျို့' 'သံဝရပျို့' တွေကို စီရင်တော်မူခဲ့တဲ့ ရှင်မဟာရဋ္ဌသာရ စသည်ဖြင့် စာပေပါရဂူကြီးများအဖြစ်၊ တစ်နည်းအားဖြင့် မြန်မာစာပေရဲ့ ရှေးဦးကဗျာဆရာကြီးများအဖြစ် ရှိသေသတိရခဲ့မိပါတယ်။ အခုလို အသက်ကလေးရလာပြီး သူတို့စာ၊ သူတို့ဘဝ ကို သေချာလေ့လာကြည့်လိုက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



"မျိုးဆက်သစ် တိုးတက်ရစ်ဖို့' တကယ့်ကို ကြိုးပမ်းတော်မူခဲ့တဲ့ ပါမောက္ခကျောင်းဆရာကြီး နှစ်ပါး ပါကလားရယ်လို့ ရှိသေကြည်ညိုခြင်းအသစ် ဖြစ်ရပြန်ပါတယ်။

စဉ်းစားကြည့်လေ - သူတို့ဟာ ခေတ်ပြိုင်ကျောင်းတိုက်ကြီး (တက္ကသိုလ်ကြီး) နှစ်ခုရဲ့ ပဓာန နာယက ဆရာတော်ကြီး (ပါမောက္ခချုပ်ကြီး) နှစ်ဦး မဟုတ်ပါလား။

ကျောင်းတိုက်ဆိုမှ စကားစပ်မိလာလို့ ပြောလိုက်ရဦးမယ်။ 'တိုက်' ဆိုတာက အစုအဝေး၊ 'အစု' ကိုပြောတာ။ ကျောင်းအုပ်စုကြီးပေါ့ကွယ်။ ဥပမာသရက်တော ကျောင်းတိုက် ဆိုကြပါစို့ - အဲဒီ ကျောင်းတိုက်ထဲမှာ ကျောင်းသီးခြားတွေ အများကြီးပဲ။ သူ့ကျောင်းနဲ့ သူ့ကျောင်းထိုင် ဆရာတော်နဲ့ သီးသန့် သီတင်းသုံးနေကြတာပဲ။ ကျောင်းတိုက်ကြီး တစ်ခုလုံးကို စီမံကွပ်ကဲတဲ့ ဆရာတော်ကြီးကိုတော့ တိုက်အုပ် ဆရာတော်ကြီး၊ ဦးစီးပဓာန နာယက ဆရာတော်ကြီးပေါ့။

ငါတို့ တက္ကသိုလ်နဲ့တူပါတယ်။ University ဆိုတာ a collection of colleges ပဲ မဟုတ်လား။ ကောလိပ်တွေ စုထားတာကို တက္ကသိုလ်လို့ ခေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ။ ဒါကြောင့် ရှေးခေတ် စစ်မဖြစ်မီက ရန်ကုန်ကောလိပ်၊ ဂျတ်ဆင်ကောလိပ်၊ ဆရာအတတ်သင်ကောလိပ်၊ ဆေးကောလိပ်ဆိုတာတွေ စုထားတာမို့ 'ရန်ကုန် တက္ကသိုလ်ကျောင်းတိုက်' ရယ်လို့ မြန်မာလို ပြန်ဆိုသုံးစွဲခဲ့ဖူးတယ်။ တက္ကသိုလ်မဂ္ဂဇင်း အဟောင်းတွေကို ကြည့်လိုက်မယ်ဆိုရင် 'ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း' ရယ်လို့ ရေးထားတာတွေကို တွေ့ရလိမ့်မယ်။

ရှင်မဟာသီလဝံသနဲ့ ရှင်မဟာ ရဋ္ဌသာရ ဆရာတော်ကြီး နှစ်ပါးဟာလည်း ပဓာနနာယက ဆရာတော်ကြီးများ ဖြစ်ကြလေတော့၊ သူ့ခေတ်သူ့အခါမှာ ပါမောက္ခချုပ်ကြီး တွေပဲပေါ့။ ကျောင်းဆရာကြီးတွေပဲပေါ့။ တကယ့်ကျောင်းဆရာ ဆိုတာမျိုးက မျိုးဆက်သစ် တိုးတက်ရစ်အောင် ဘာလုပ်ရမလဲ ဆိုတာ နေ့နေ့ညည ကြံစည်နေကြသူတွေ မဟုတ်လား။ 'ဆရာကောင်းတပည့် ပန်းကောင်းပန်" ဆိုတာမျိုးလို ကိုယ့်ကျောင်းက ထွက်သွားတဲ့ တပည့်တစ်ယောက်ဟာ လူ့လောကအလယ်မှာ ထည်ထည်ဝါဝါ မဖြစ်လာရင်တောင်မှ လိမ်လိမ်မာမာ ဖြစ်စေချင်ကြတာကိုး။ အဲဒီစေတနာတွေဟာ သူတို့စာတွေမှာ တဝိုးဝိုး တဝင်းဝင်း တောက်ပ ထင်ဟပ်နေတာကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေကြရတယ်။

‘ပါရာယနဝတ္ထု’ လို စာမျိုးကို ဆရာတော်ဟာ ကောက်ကာငင်ကာ ရေးလိုက်တယ်လို့ မထင်မိဘူး။ တပည့်ဖြစ်သူ ဟောပြောဆုံးမရာကနေပြီး ကျမ်းတစ်စောင်ပြုဖို့ စိတ်ကူးပေါက်လာတယ်လို့ထင်မိပါတယ်။ ကောင်းပြီ၊ ‘ပါရာယနဝတ္ထု’ အကြောင်းကို ဆွေးနွေးကြစို့။

တကယ့်ကျောင်းဆရာ ဆိုတာမျိုးက
မျိုးဆက်သစ် တိုးတက်ရစ်အောင်
ဘာလုပ်ရမလဲဆိုတာ နေ့နေ့ညည
ကြံစည်နေကြသူတွေ မဟုတ်လား။
‘ဆရာကောင်းတပည့် ပန်းကောင်းပန်’ ဆိုတာမျိုးလို
ကိုယ့်ကျောင်းက ထွက်သွားတဲ့
တပည့်တစ်ယောက်ဟာ လူ့လောက အလယ်မှာ
ထည်ထည်ဝါဝါ
မဖြစ်လာရင်တောင်မှ လိမ်လိမ်မာမာ
ဖြစ်စေချင်ကြတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ပါရာယနဝတ္ထု

ဆရာတော် ရှင်မဟာသီလဝံသ ၈၁၅-၈၈၀ (၁၄၅၃-၁၅၁၈)ဟာ ပါရာယနဝတ္ထုကို ၈၆၃(၁၅၀၁) မှာ ပြုစုပြီးမြောက်ခဲ့ပါတယ်။ ခုဆိုရင် ကျမ်းသက်တမ်း အနှစ် ၅၀၀ လောက်ရှိပြီပေါ့။

'ပါရာယန' ဆိုတာမှာ ပါရာ = တစ်ဘက်ကမ်း + အာယန = လမ်းကြောင်း။ သံသရာ တစ်ဘက်ကမ်း နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းဆိုတဲ့ အဓိပ္ပါယ်ရှိပါတယ်။ ပါရာယနဆိုတဲ့ အမည်ကိုတော့ ဘုရားဟော ခုဒ္ဒကနိကာယ် ပါရာယနသုတ်အမည်ကို ယူလိုက်ခြင်းဖြစ်ပါတယ်။ ပါရာယနသုတ်ရဲ့ ဝတ္ထုအကြောင်းအကျဉ်းကတော့ 'ဗာဝရီ' ဆိုတဲ့ ရသေ့ပုဏ္ဏားကြီးက သူ့တပည့်ကြီး တစ်ကျိပ်ခြောက်ယောက်ကို ဘုရားရှင်ထံ စေလွှတ်ပြီး ပုစ္ဆာများကို မေးစေခြင်းဖြစ်ပါတယ်။ မေးပုံက စိတ်နဲပသာလျှင်မေးပြီး ဘုရားရှင်က နှုတ်နဲ့ ဖြေတော်မူခြင်းဖြစ်ပါတယ်။

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် (ပါမောက္ခကျောင်းဆရာကြီး) ရှင်မဟာ သီလဝံသရဲ့ ပဓာန ရည်ရွယ်ချက်က မျိုးဆက်သစ် လူငယ်တွေကို ရဟန်းဖြစ်စေ၊ လူဖြစ်စေ၊ သီလရင်ဖြစ်စေ လူရည်ချွန်၊ လူရည်မွန်ဖြစ်လာ စေချင်တာပါပဲ။ နိဒါန်းပျိုးလိုက်ပုံကို ကြည့်လိုက်ရင် ဆရာတော်ရဲ့ ရည်မှန်းချက်ကို ထင်းထင်းကြီး တွေ့နိုင်ပါတယ်။ ကြည့်ပါ -

*ဘုရားသခင်လက်ထက်၌ သဒ္ဓါကြည်ညို သောလူသူတော်တို့သည်ကား၊ သားချစ် သမီးချစ်တို့ကိုဤသို့ လျှင် ဆုံးမသတတ်။*

*ချစ်သားတို့ . . . ရဟန်းတည်း ဖြစ်ငြားမူကား သာရိပုတ္တရာ၊ မောဂ္ဂလန် အရှင်နှစ်ပါးကို နည်းယူကြပါကုန်။ အရှင်နှစ်ပါးကို နှိုင်းရှည့်စရာမူပါကုန်။*

*လူတည်းဖြစ်မူကား စိတ္တသူကြွယ်၊ ဟတ္ထဠာဝကသီတင်းဦး၊ ဤယောကျ်ားမြတ်နှစ်ဦးတို့၏ အကျင့်ကို နည်းယူပါကုန် ဟုဆုံးမ၏*

*သားမိန်းမကိုတည်း ဆုံးမမူကား -*

*ချစ်သမီးတို့ . . . ရဟန်းတည်း ဖြစ်ပါလေငြားမူကား . . . ခေမာ၊ ဥပ္ပလဝဏ် ရဟန္တာမိန်းမနှစ်ပါးတို့၏ အကျင့်ကို နည်းယူပါကုန်။*



www.burmeseclassic.com

www.burmeseclassic.com



*လူတည်းဖြစ်ငြားမူကား . . . ခုဇ္ဇုတ္တရာ တကာမကဲ့သို့၄င်း၊ ဝေဠုကဏ္ဍကပြည်၌ နန္ဒမာတာတကာမကဲ့သို့၄င်း ဖြစ်ပါစေချင်၏။ မိန်းမမြတ်နှစ်ပါး၏ အတုကို သင်ပါကုန်ဟု ဆုံးမ၏။ ဤသို့လျှင် မြတ်သော အမျိုးတို့သည် သားသမီးကို ဆုံးမစရာ ပုံမူကုန်သတတ်။*

ဒီလောက် ဆိုရင်ကိုပဲ ဆရာတော်ရဲ့ မျိုးဆက်သစ် တိုးတက်ရစ်ဖို့ ဆိုတဲ့စေတနာကို မှန်းဆလို့ရလောက်ပါပြီ။ "ဤသို့လျှင် မြတ်သော အမျိုးတို့သည် သားသမီးတို့ကို ဆုံးမစရာ ပုံမူကုန်သတတ်" ဆိုတဲ့ စကားလုံးရွေးချယ်ပုံကို သတိထားပြီးကြည့်လိုက် စေချင်ပါတယ်။ 'မြတ်သော အမျိုးတို့သည်' လို့ဆိုလိုက်တာဟာ 'မောင်ရှင်တို့ . . . မောင်ကျောင်းသားတို့ လိုက်နာကျင့်သုံးကြကုန်လော့' လို့ ပြောတာထက် ပိုပြီးမထိရောက်ပေဘူးလား။ ရှေ့ဆက်ပြီးရေးမယ့် ရဟန္တာသူတော်စင်တွေရဲ့ အကြောင်းကို ဆက်ပြီးဖတ်ချင် သိချင်စိတ်ကို မနှိုးဆော်နိုင်ပေဘူးလား။ လူကြီးတွေ ဒီစာကို ဖတ်ရရင်လည်း ကိုယ့်သားကိုယ့်သမီးကို ဘယ်လို ဆုံးမပဲ့ပြင်ရမယ်ဆိုတာ လမ်းညွှန်ဖြစ်မနေဘူးလား။ ဒီစာကို ဖတ်ရှုကြားနာခဲ့ဖူးတဲ့ ကျောင်းသား မောင်ရှင်ငယ်တို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



လူကြီးဖြစ်လာရင် ဘယ်လိုနေရထိုင်ရမယ် ဆိုတဲ့ အသိဉာဏ် မရနိုင်ပေဘူးလား။

ဒါ့ကြောင့် ရှင်မဟာသီလဝံသနဲ့ ရှင်မဟာရဋ္ဌသာရကို 'မျိုးဆက်သစ် တိုးတက်ရစ်ဖို့' အားကြိုးတော်မူခဲ့တဲ့ ပါမောက္ခ ကျောင်းဆရာကြီး နှစ်ပါးလို့ ကြည်ညိုခြင်းအသစ်နဲ့ 'ဦးခိုက်စကား' ဆိုခဲ့ရတာပါ။

**အစောဆုံး 'ရုပ်ပုံလွှာ'**

ဆရာတော်က စံပြုအတုယူအပ်တဲ့ ရဟန်းယောကျ်ား ရဟန်းမိန်းမ (၄) ဦး၊ လူယောကျ်ား၊ လူမိန်းမ (၄) ဦး၊ စုစုပေါင်း (၈) ဦးတို့ရဲ့ ရုပ်ပုံလွှာကို တင်ပြခဲ့ပါတယ်။

'ရုပ်ပုံလွှာ' ဆိုတာကတော့ ဆရာဒဂုန်တာရာရဲ့ စကားလုံးလေးကို လှတာလည်း တစ်ကြောင်း ဆီလျော်တာလည်း တစ်ကြောင်းမို့ ယူပြီးသုံးလိုက်တာပါ။ ဆရာဒဂုန်တာရာက ဗိုလ်ချုပ်အောင်ဆန်း၊ ရဲဘော်ဗဟိန်းစတဲ့ သူတွေထိ သိကျွမ်းခဲ့ဖူးသူတွေရဲ့ အကြောင်းကို ဟိုတစ်ကွက်၊ ဒီတစ်ကွက် တို့ကာ ထိကာပြပြီး 'စရိုက်ကောက်ကြောင်း' (Character Sketch) ပေါ်လာအောင် ရေးခဲ့ဖူးပါတယ်။ အဲဒါကို 'ရုပ်ပုံလွှာ' လို့ အမည်ပေးခဲ့ပါတယ်။ လူအများ စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားတဲ့ ပုဂ္ဂိုလ်တွေလည်းဖြစ်ပြန်၊ ရေးသားတင်ပြပုံကလည်း ဉာဏ်ညောပေါ်လွင်ပြန်ဆိုတော့ ပရိသတ်က အဲဒီ စာစုကို ကြိုက်ရုံမကဘူး 'ရုပ်ပုံလွှာ' ဆိုတဲ့ စကားလုံးကလေးကိုပါ ချစ်သွားကြပါတယ်။ မြသန်းတင့် ကတောင် 'အညတရ ရုပ်ပုံလွှာ' ဆိုပြီး မြတ်မြတ်နိုးနိုး သုံးစွဲရေးသားခဲ့ပါသေးတယ်။

'ပါရာယနဝတ္ထု' ကို ဘာကြောင့် 'ရုပ်ပုံလွှာ' လို့တင်စား လိုက်ရသလဲလို့ မေးစရာရှိပါတယ်။ ဆရာတော် ရှင်မဟာသီလဝံသကလည်း အတုယူအပ်တဲ့ သူတော်စင်များရဲ့ စရိုက်ကောက်ကြောင်းလေးတွေကို တို့ကာထိကာ ပြသွားတာကြောင့်ပါပဲ။ အထူးသဖြင့်ရှင်သာရိပုတ္တရာကိုယ်တော်ကြီးရဲ့ စရိုက်တော်ကို ဖွဲ့တာမှာ အလွန်ကိုသိသာလှပါတယ်။ ပိဋကတ်တော်တစ်ခုလုံးမှာပါတဲ့ ရှင်သာရိပုတ္တရာရဲ့ ပြုမူလှုပ်ရှားမှုဟူသမျှကို စိစစ်ပြီး ဟိုတစ်ကွက် ဒီတစ်ကွက် ထုတ်ပြသွားရင်း စိတ်နေစရိုက်တော်ကို ပေါ်လွင်အောင် ဖွဲ့ထားပါတယ်။ ဒါကြောင့် 'အစောဆုံး ရုပ်ပုံလွှာ' လို့ ဆိုလိုက်ရတာပါ။

ဆရာတော်ရဲ့ စာကိုဖတ်နေရင်း ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးကို သာမန်ကြည်ညိုမှုမျိုးသာ မဟုတ်တော့ဘဲ ချစ်လာတယ်'၊ သနားလာတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်ကို ကောင်းပါပေတယ်။ တို့များရဲ့ ဆရာ 'ပါဠိ ပါရဂူ ဦးအောင်မိုး' ကဆိုရင် ဆရာတော် ကောက်နှုတ် ရေးဖွဲ့ပုံကို တဖွဖွချီးကျူးလို့မဆုံးဘူး။ "ကိုအောင်သင်း ရယ် - ဆရာတော် ရှင်မဟာသီလဝံသ က ပိဋကတ်ကို တကယ်တတ်ပြီး တယ်နှံ့စပ်တာ။ တခြားဆရာ တစ်ယောက်ယောက်နဲ့ ကွဲလွဲတာတွေ့လို့ သေချာ ပါဠိတော်ကို ပြန်ကြည့်လိုက်ရင် သူကမှားတာကို မတွေ့ရဘူး၊ တခြားလူ မှားနေတာချည်းပဲ" လို့ ပြောဖူး ပါတယ်။

ဆရာကြီး ဦးအောင်မိုးလည်း ရှင်မဟာ သီလဝံသရဲ့ ဩဇာ ဘယ်လောက် မိလိုက်သလဲဆိုရင် 'ရှင်သာရိပုတ္တရာ' ဆိုတဲ့ စာအုပ်ကြီးတစ်အုပ်ကို ပြုစု ထုတ်ဝေမိတော့တာပဲ။

ဆရာတော်ရဲ့ ထူးခြား ချက်တစ်ခုက မြန်မာ စာပေသမိုင်းမှာ (ကျောက်စာတွေမှအပ) အစောဆုံး စကားပြေကျမ်း ပြုစုခဲ့ခြင်းပါပဲ။ ကျမ်းနှစ်ဆူ ပြုခဲ့ တယ်။ ပါရာယနနဲ့ ရာဇဝင်ကျော်ပါပဲ။ ဆရာတော် ဟာ လင်္ကာကြီးတွေအပြင် ပါရာယနကို စကားပြေနဲ့ ပြုစုခဲ့တာကတော့ သာမန်ပရိသတ် ပြည်သူတွေနဲ့ ပိုပြီးနီးစပ်အောင်ဆိုတဲ့ ရည်ရွယ်ချက် ဖြစ်ဟန်တူ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပါရာယန ရုပ်ပုံလွှာတွေမှာ ရုပ်လုံးအကြွဆုံးကတော့ 'ရှင်သာရိပုတ္တရာ' နဲ့ 'အာဠာဝကဘီလူး' လို့ယူဆမိပါတယ်။ ရှင်သာရိပုတ္တရာ ရုပ်ပုံလွှာ ဖွဲ့ပုံဖွဲ့နည်းကို သုံးသပ်တင်ပြလိုက်ချင်ပါသေးတယ် ။ ။

(ရွှက်နုဝေ ၊ ဇူလိုင်လ ၊ ၁၉၉၈၊)

ဆရာဒဂုန်တာရာက

ဗိုလ်ချုပ်အောင်ဆန်း၊ ရဲဘော်ဗဟိန်းစတဲ့

သူတွေ့ထိ သိကျွမ်းခဲ့ဖူးသူတွေရဲ့ အကြောင်းကို

ဟိုတစ်ကွက် ၊ ဒီတစ်ကွက် တို့ကာထိကာပြုပြီး

'စရိုက်ကောက်ကြောင်း'

(Character Sketch)

ပေါ်လာအောင် ရေးခဲ့ဖူးပါတယ်။

အဲဒါကို 'ရုပ်ပုံလွှာ' လို့ အမည်ပေးခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကိုးခန်းပျို့ (၁)

## ပါမောက္ခချုပ် ရှင်မဟာရဋ္ဌသာရ

အရင်တစ်ပတ်က ရှင်မဟာသီလဝံသနဲ့ ရှင်မဟာရဋ္ဌသာရတို့ နှစ်ပါးကို ခေတ်ပြိုင် ပါမောက္ခချုပ်ကြီး နှစ်ဦးအဖြစ် တင်ပြခဲ့ပါတယ်။ ရဟန်းစာဆိုတော်များ အဖြစ်နဲ့ စာပေတာဝန်ကိုသာမက ကျောင်းဆရာကြီး များအဖြစ် နိုင်ငံတော်ရဲ့ ပညာရေးတာဝန်ကိုပါ ကြိုးစားပမ်းစား ထမ်းဆောင်တော်မူခဲ့ကြတာကို တွေးကြည့်လိုက်ရင် တစိမ့်စိမ့်ကြည်ညိုဖို့ ကောင်းလှ ပါတယ်။

ရှေးခေတ်မြန်မာနိုင်ငံအဖို့ တစ်ခုတည်းသော ပညာသင်ဌာနဟာ ဘုန်းတော်ကြီးကျောင်းများ သာလျှင်ဖြစ်တယ်ဆိုတာကို မျက်ခြည်မပြတ်သင့်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ရှင်ဘုရင် ၊ မှူးမတ်ပညာရှိ ၊ စစ်သူကြီး ၊ သမားတော် ဟူဟူသမျှတွေဟာ ဘုန်းတော်ကြီး ကျောင်းတွေက ထုတ်ပေးလိုက်တဲ့ ကျောင်းသားတွေ ချည်းပါပဲ။ ဒီခေတ်မှာ ဂုဏ်ယူဝင့်ကြွားနေကြရတဲ့ ရှေးခေတ်ခေါင်းဆောင်တွေ ၊ သူရဲကောင်းတွေ၊ ပညာရှိ တွေ၊ စာဆိုတော်တွေအားလုံးဟာ ဘုန်းတော်ကြီး ကျောင်းတွေရဲ့ လေ့ကျင့်သွန်သင်မှုနဲ့ ထွန်းကားခဲ့သူ တွေချည်းပါပဲ။ ဒါတွေကို ကြည့်လိုက်ရင် ရှေးခေတ် မြန်မာ့ ပညာရေးစနစ်ဟာ သူ့ခေတ်သူ့အခါရဲ့ လိုအပ်ချက်ကို ကောင်းကောင်းကြီး ဖြည့်ဆည်းပေးနိုင် ခဲ့တယ်လို့ ဆိုသင့်ပါတယ်။

ခရစ်ယာန်သာသနာပြုတွေ ကိုယ်တိုင်က မြန်မာဘုန်းတော်ကြီးများရဲ့ ပညာရေးတာဝန် ထမ်းဆောင်မှုကို ချီးကျူးကြပါတယ်။ ခရစ်ယာန် သာသနာပြုဖို့ ကြိုးပမ်းတဲ့အခါမှာ သူတို့အဖို့ သိပ်ပြီး ခက်ခဲတာကို တွေ့ကြရတယ်။ ဘာကြောင့်လဲဆိုတော့ ကိုးကွယ်မှု ဘာသာရေး၊ ပညာရေး ၊ လူမှုရေးစတဲ့ အားလုံးသော အရေးတွေဟာ ဘုန်းတော်ကြီးကျောင်း မှာ အခြေခံတာတွေချည်း ဖြစ်နေလေတော့ လူ့အဖွဲ့ အစည်းနဲ့ ဘုန်းတော်ကြီးကျောင်းဟာ ခွဲလို့မရအောင် ကို တစ်သားထဲဖြစ်နေတာကြောင့်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'James George Scott' ဆိုတဲ့ပုဂ္ဂိုလ်က The Burman, His Life and Nations ဆိုတဲ့စာအုပ်ကို 'ရွှေရိုး' (Shwe Yoe) လို့ မြန်မာနာမည်ယူပြီး ရေးခဲ့တယ်။ ၁၈၈၂ မှာ ထုတ်ဝေခဲ့တယ်။ သီပေါမင်း ပါတော်မမူမီ သုံးနှစ်လောက်က ဆိုပါတော့။ စပြီး ထွက်လိုက်ပါပြီဆိုကထဲက ဒီကနေ့ထိတိုင် မြန်မာပြည် အကြောင်းရေးသမျှ စာအုပ်တွေထဲမှာ သူ့ကိုမီဖို့ မဆို ထားနဲ့ အနားတောင် မကပ်နိုင်ပါဘူးလို့ ပြောကြရ လောက်အောင်ကိုပဲ ထဲထဲဝင်ဝင် ကြွင်ကြွင်နာနာ ရေးထားတဲ့ စာအုပ်ပါပဲ။

မြန်မာပြည်မှာ စာမတတ်သူဦးရေ နည်းပါး ခြင်း၊ ဗုဒ္ဓဘာသာရဲ့ဩဇာ အတိုင်းမသိ ကြီးမားခြင်း တို့ဟာ ဘုန်းတော်ကြီးကျောင်းတွေကြောင့် ဖြစ်တယ် ဆိုတာကို သေသေချာချာ ရေးထားခဲ့တယ်။ သူတို့ရဲ့ အနောက်တိုင်း အမြင်နဲ့ဆိုရင် ဘုန်းတော်ကြီးကျောင်း တွေရဲ့ ပညာသင်ကြားမှုစနစ်ဟာ စိတ်ပျက်စရာကြီးလို့ ထင်ကောင်းထင်စရာ ဖြစ်နေပေမယ့် မြန်မာလူမျိုး ဘုန်းကြီးကျောင်းထွက်လူကြီးတွေဟာ သူတို့ငယ်ငယ် ကျောင်းသားဘဝကို ပြန်ပြောလိုက်ကြတိုင်း သက်ပြင်း ကလေး ချတဲ့ပြီး လွမ်းပုံလွမ်းနည်းဟာ အင်္ဂလန်က နာမည်ကြီး အီတန်တို့၊ ရဗ္ဗီတို့ဆိုတဲ့ ကျောင်းတွေ က



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားဟောင်းကြီးတွေ လွမ်းပုံလွမ်းနည်း အောက် တစ်ရွေးသားမလျော့ဘူးလို့ ရေးထားပါတယ်။ ရှေးခေတ် မြန်မာ လူ့အဖွဲ့အစည်းမှာ ဘုန်းတော်ကြီးကျောင်းဟာ အရာရာလည်း ဟုတ်တယ်၊ အလုံးစုံလည်းဟုတ်တယ်လို့ ပြောရ လောက်ခမန်း ပါပဲ။ ဆင်းရဲချမ်းသာ ရာထူးကြီးငယ် မရွေး တစ်ပြေးညီဘယ်သူ့ သားသမီးပဲဖြစ်ဖြစ် တန်းတူ ညီတူ ဉာဏ်စွမ်းရှိသလောက် ပညာထွန်းကားခွင့် ရကြတာကိုလည်း သူတို့နှစ်သက် ချီးကျူးကြပါတယ်။

ဂန္ထဝင်စာပေ လေ့လာမှုမှာ ဒါတွေကို ဘာကြောင့် ရေးနေရသလဲလို့ မေးစရာရှိပါတယ်။ ရှေးခေတ်က မြန်မာ့လူ့ဘောင်မှာ ရဟန်းစာဆိုတော် (ပညာရေးခေါင်းဆောင်/ကျောင်းဆရာကြီး) တွေဟာ ဘယ်လိုတာဝန်မျိုးတွေကို ထမ်းဆောင်ခဲ့ကြတယ်။ စာပေလက်နက်ကို ဘယ်လိုအသုံးချခဲ့ကြတယ် ဆိုတာ ကို သိမှ သူတို့စာကို ပိုပြီး အရသာခံနိုင်မှာ ဖြစ်ပါတယ်။

ဘုန်းတော်ကြီးကျောင်းများဟာ ပညာရှင်တို့ စုဝေးရာ နေရာပါပဲ။ ဘာသာရေးဆိုင်ရာ ပိဋကတ် တော်ကိုသာမက စာပေပျို့ကဗျာ လင်္ကာကို လေ့လာ ချင်ရင်လည်း ရနိုင်တယ်။ နက္ခတ်ဗေဒင်ကို လေ့လာချင် ရင်လည်းရနိုင်တယ်။ ဆေးပညာ၊ အင်္ဂရတ် စသည်



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် ပညာအားလုံးအခြေခံကို ဘုန်းကြီးကျောင်းတွေမှာ ဆည်းပူးကြရတာချည်းပါပဲ။ ကုန်ကုန်ပြောလိုက်မယ် မြန်မာ့သမိုင်း ခေတ်ဦးပိုင်းကဆိုရင် သိုင်း၊ လက်ဝှေ့စတဲ့ ကိုယ်ခံပညာတွေကိုတောင် သင်ယူနိုင်ကြတာပဲ။

စကားစပ်မိလာလို့ ပြောလိုက်ရပါဦးမယ်။

ကောသလမင်းကြီးနဲ့ အဇာတသတ်မင်းတို့ဟာ'ကာသိ' ဆိုတဲ့ ရွာကလေးတစ်ခုနဲ့ ပတ်သက်ပြီး မကြာခဏ စစ်ထိုးကြတယ်။ ထိုးတိုင်း ကောသလမင်းကြီးကချည်း ရှုံးနေတော့ ဘယ်လိုလုပ်ရရင်ကောင်းမလဲဆိုတာ မှူးမတ်တွေနဲ့တိုင်ပင်တယ်။ မှူးမတ်တွေက ရဟန်းတော်တွေဟာ အသိပညာထက်မြက်ကြတယ်။ ဒါကြောင့် ဘုရားကျောင်းတော်ကို သူလျှိုများစေလွှတ်ပြီးထောင်လှမ်း နားထောင်သင့်တယ်လို့ အကြံပေးကြတယ်။ အဲဒါနဲ့ သူလျှိုတွေလွှတ်လိုက်တယ်။

ဇေတဝန်ကျောင်းဝင်း အစွန်မှာ သစ်ရွက်မိုးတဲကျောင်းကလေးနဲ့နေတဲ့ ရဟန်းအိုကြီးနှစ်ပါးရှိတယ်။ အဲဒီ ရဟန်းအိုကြီးနှစ်ပါးက မနက်စောစောနိုးပြီး ပြန်အိပ်လို့မရတာနဲ့ စကားပြောကြတော့ ဓနုဂ္ဂဟတိဿဆိုတဲ့မထေရ်က "ကောသလမင်းကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်း တစ်အိုးချက် ကုန်အောင်သာ စားတတ်တယ်။ သူ့သားအရွယ်လောက်ရှိတဲ့ အဇာတသတ်ကိုတောင် နိုင်အောင် စစ်မထိုးနိုင်ဘူး၊ လူညံ့ကြီး” လို့ပြောတော့ သူ့အဖော် မန္တိဒတ္တဆိုတဲ့ မထေရ်က “ဘယ်လိုစစ်ဆင် သင့်သလဲ” လို့မေးတာပေါ့။ ဒီတော့မှ “တောင်ကြား ကလေးတစ်ခုရှိနေသားပဲ၊ ဘေးတောင်ကုန်းမှာ မင်းချင်းတပ်တွေကိုထား၊ မင်းကြီးတပ်က အဇာ တသတ်တပ်တွေကို တောင်ကြားထဲ ဝင်လာအောင် စစ်မြူ ဝင်လာမှ ကဏန်းလက်မှ ညှပ်သလို ဘေးက တပ်တွေက ဝင်တိုက်လိုက်ရင် အဇာတသတ် ဘာခံ နိုင်မှာလဲ ကိုယ်တော်” လို့ပြောသံကြားတာကို သူလျှိုတွေ ပြန်ပြီးလျှောက်ထားတော့မှ အဲဒီအတိုင်း စစ်ဆင်တာ အဇာတသတ်ကို ဖမ်းမိတော့တာပဲ။

ပြောချင်တာက ရှေးခေတ် ဘုန်းတော်ကြီး ကျောင်းတွေဟာ လူစုံ ၊ ဉာဏ်စုံ ပညာစုံ စုဝေးနေတဲ့ ဌာနကြီးတွေဖြစ်တဲ့အကြောင်း ပြောပြလိုက်ရတာပါ။ ဆရာတော် ရှင်မဟာရဋ္ဌသာရဟာ စာပေကို လက်နက် အဖြစ် အသုံးပြုပြီး ပညာရေးစစ်ဆင်မှု ဘယ်လိုလုပ် သွားတယ် ဆိုတာကို သတိထားမိအောင် ပြောချင် ပါတယ်။ ဆရာတော်ရဲ့ လက်ရာတွေထဲမှာ နာမည် အကြီးဆုံးဖြစ်တဲ့ ကိုးခန်းပျို့ အကြောင်းကို တင်ပြမှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာကြောင့် ကိုးခန်းပျို့ရဲ့ မူရင်း 'ဟတ္ထိပါလ' ဇာတ်တော်ကိုလည်း အကျဉ်းအားဖြင့် သိထားသင့်ပါတယ်။ တခြားကြောင့် မဟုတ်ပါဘူး၊ ဆရာတော်ဟာ ဘာကြောင့် ဒီဇာတ်တော်ကို ရေးသလဲဆိုတာကိုလည်း ဆွေးနွေးချင်တာကြောင့် ဖြစ်ပါတယ်။

## ဟတ္ထိပါလဇာတ် အကျဉ်း

ဗာရဏသီပြည် ၊ ဧသုကာရီ မင်းကြီးနဲ့ သူ့ပရောဟိတ် ပုဏ္ဏားကြီးတို့ဟာ ငယ်သူငယ်ချင်းတွေ ဖြစ်ကြတဲ့အတိုင်းအလွန်ချစ်ခင်ကြတယ်။သူတို့နှစ်ဦးလုံး မှာ သားသမီးမရကြဘူး၊ မင်းကြီးကလည်း ပုဏ္ဏားကြီး မှာပဲ သားယောကျ်ားရမယ် ဆိုရင်တောင် သားအဖြစ် ထီးနန်းကိုပေးမှာပဲ။ ဒါပေမယ့် မရဘူး။

တစ်နေ့မှာတော့ ပုဏ္ဏားကြီးက သူစားရတဲ့ ကျေးလက်ရွာက ပြန်အလာမှာ ကလေးတွေကို ခုနှစ်ယောက် တစ်သီကြီးနဲ့ မိန်းမတစ်ယောက်ကို တွေ့တယ်။ ကလေးတွေကလည်း ကျန်းမာလိုက်တာ ဒေါင်ဒေါင်ကိုမြည်လို့။ ကလေးအဖေကိုမေးတော့ မည်မည်ရရ မရှိဘူး၊ ဒါနဲ့ အဲဒီမိန်းမက အနီးမှာရှိတဲ့ ညောင်ပင်ကြီးကို လက်ညှိုးထိုးပြပြီး ဒီညောင်ပင်က သားဆုပေးပါတယ်လို့ ပြောတယ်။ ဒီတော့မှ ပုဏ္ဏားက



www.burmeseclassic.com

www.burmeseclassic.com



ညောင်ပင်ရဲ့ သစ်ကိုင်းကိုကိုင်ပြီး ဘုရင်းမင်းမြတ်ကို သားဆုပေးရမယ်။ မပေးရင် အမြစ်ပါဖျက်ဆီးမယ်လို့ ကြိမ်းမောင်းတယ်။ ညောင်စောင့်နတ်လည်းလန့်ပြီး သိကြားမင်းဆီသွားပြီး အကူအညီတောင်းတယ်။ သိကြာမင်းက နတ်သား ၄ ပါးကို လူ့ပြည်ကိုသွားဖို့ အမျိုးမျိုးမေတ္တာရပ်ခံမှ သူတို့က ပုဏ္ဏားထံမှာပဲ ဝင်စားမယ်။ သို့သော်လည်း အရွယ်ရောက်ရင် ရသေ့ရဟန်းပြုပြီး တောထွက်မယ်လို့ပြောတယ်။ သိကြားမင်းကလည်း 'ထွက်ပေ့ါ' လို့ပြောလိုက်တယ်။ ညောင်ပင်စောင့်နတ်ကလည်း ကိုယ်ထင်ပြီး ပုဏ္ဏားကြီးမှာ သား ၄ယောက်ရမယ်။ ဒါပေမယ့် အရွယ်ရောက်ရင် ရသေ့ရဟန်းပြုပြီး တောထွက်ကြလိမ့်မယ်လို့ ပြောတယ်။

ဒါနဲ့ပဲ ပုဏ္ဏားကြီးမှာ သားယောကျ်ား ၄ ယောက်ရတယ်။ အရွယ်ရောက်ရင် တောထွက်သွားမှာ စိုးလို့ စရိုက်ကြမ်း ပညာမဲ့နေအောင် သားအကြီးဆုံးကို ဆင်ထိန်းတွေဆီကို ပို့ထားလိုက်တယ်။ သူ့နာမည်က 'ဟတ္ထိပါလ' (ဟတ္ထိ+ပါလ=ဆင်+ထိန်းကျောင်းသူ)။ ဒုတိယသားကိုတော့ မြင်းထိန်းတွေဆီ ပို့ထားလိုက်တယ်။ 'အဿပါလ'။ တတိယသားကို နွားထိန်းတွေဆီ ပို့တယ်။ 'ဂေါပါလ'။ စတုတ္ထသားကို ဆိတ်ထိန်းတွေဆီ ပို့လိုက်တယ်၊ 'အဇပါလ'။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ သူတို့အရွယ်ရောက်လောက်တဲ့ အချိန်ကျတော့ သားတော် ဟတ္ထိပါလရဲ့စိတ်ကို စူးစမ်းဖို့ မင်းကြီးနဲ့ ပုရောဟိတ်တို့နှစ်ဦးဟာ ရသေ့အသွင်ယူပြီး သွားကြတယ်။ တာဝတိံသာက စုတေလာခဲ့တာဖြစ်လေတော့ ရသေ့အသွင်ကို မြင်လိုက်တာနဲ့ တပြိုင်နက်တောထွက်ချင်တော့တာပဲ။ အဲဒီမှာ ခမည်းတော် ပုဏ္ဏားကြီးက သူဟာ ဖခင်ဖြစ်ကြောင်းနဲ့တကွ သူတို့ရည်ရွယ်ချက်အတိုင်း ထီးနန်းစည်းစိမ်ကို လက်ခံဖို့ တိုက်တွန်းကြတယ်။ ဟတ္ထိပါလက လောကီကာမဂုဏ်စည်းစိမ်တို့ရဲ့ အန္တရာယ် ကြောက်မက်ဖွယ်ကောင်းပုံကို တရားဟောတယ်။ နောက်တော့ တောထွက်သွားတယ်။

ဒါနဲ့ ကျန်တဲ့သား ၃ ယောက် ဆီကိုသွားပြန်တော့လည်း ဒီနည်းနှင်နှင် တောထွက်ပြီး နောင်တော်နောက်ကို လိုက်သွားကြတယ်။ နောက်တော့ ဖခင်ပုဏ္ဏားကြီးလည်း တောထွက်တော့ မိခင်ပါ တောထွက်လိုက်ပါသွားတယ်။ ပိုင်ရှင်မဲ့ ကျန်ရစ်ခဲ့တဲ့ ပုဏ္ဏားကြီးရဲ့ ပစ္စည်းတွေကို မင်းကြီးက သိမ်းပိုက်တော့ မိဖုရားကြီးက သူများတံတွေးပေါက်ကို သောက်မလား တရားပြတာနဲ့ မင်းကြီးပါအားလုံး တောထွက်၊ တိုင်းသူပြည်သားတွေလည်း ဟိမဝန္တာတောကို လိုက်သွားကြတယ်။ တခြားတိုင်းပြည်တွေက လာပြီး သိမ်းပိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြပြန်တော့ ဒီလောက်စည်းစိမ်ကြီးတွေကို စွန့်ပစ်ကြတာမြင်ရလို့ သူတို့ ခုနှစ်ပြည်ထောင်ပါ တောထွက်သွားကြတယ်။ ဇာတ်လမ်းက ဒါပါပဲ။

ငါးရာ့ငါးဆယ် ဝိသတိနိပါတ်က 'ဟတ္ထိပါလ' ဇာတ်တော်ကို ဖွဲ့တာမို့ 'ဟတ္ထိပါလပျို့' လို့လည်း ခေါ်ကြတယ်။ သားတော်လေးပါးက ဟောကြားတဲ့ တရားတွေက အနှစ်သာရပြည့်ဝတာကြောင့် 'စတုဓမ္မသာရပျို့' လို့လည်း ခေါ်ကြတယ်။ ဟတ္ထိပါလတောထွက်ခန်း စသည်အားဖြင့် အခန်းကြီး ၉ ခန်း ဖွဲ့တာကြောင့် 'ကိုးခန်းပျို့' လို့လည်း ခေါ်ကြပါတယ်။ လူသိများတာကတော့ 'ကိုးခန်းပျို့' ပေါ့။

ဒုတိယဘုရင်မင်းခေါင်က တောင်းပန်လို့ ဒီပျို့ကို ရေးတယ်လို့ ဆိုပါတယ်။

## ရှင်မဟာရဋ္ဌသာရ၏ စကားရည်လုပွဲ

'စကားရည်လုပွဲ' လို့ ပြောလိုက်တာကို ရှင်းပြပါမယ်။

ဒေသကာရီ မင်းကြီးနဲ့ ပုရောဟိတ် ပုဏ္ဏားကြီးက လောကီလူ့ဘောင်မှာ ကြီးပွားတိုးတက်အောင် လုပ်ဖို့ပြောတယ်။ ဟတ္ထိပါလသတို့သားနဲ့ ညီတော်တွေက လောကီလူ့ဘောင် ကြီးပွားတိုးတက်မှု ဆိုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ အချည်းအနှီးမျှသာ ဖြစ်ကြောင်း လောကုတ္တရာ ရှုထောင့်က ပြောတယ်။ စကားရည်လုပွဲသဘောနဲ့ သုံးသပ်ကြည့်လိုက်မယ်ဆိုရင် မင်းကြီးနဲ့ ပုရောဟိတ်ကြီးတို့က 'အဆို' ဘက်ကဖြစ်ပြီး ၊ သား ၄ ဦးက 'သချေ' ဘက်ကလို့ ပြောရပါမယ်။

သချေဘက်ကြည့်လိုက်ရင် အဆိုဘက်က ပြောတဲ့ စကားတွေဟာလည်း အချက်အလက်တွေက ခိုင်မာကောင်းမွန်လွန်းလို့ ဘယ်လိုမှ ငြင်းလို့ မရနိုင်ဘူးလို့ပြောရတော့မယ်။ တစ်ခါ အချေဘက်က စကားတွေကို နားထောင်ကြည့်လိုက်ပြန်တော့လည်း ပြောသမျှတွေက ဟုတ်လွန်းမက ဟုတ်နေတာကြောင့် ဘယ်လိုပြန်ပြီး ချေပလိုက်ရမှန်း မသိအောင်ပါပဲ။

ကောင်းပြီ- - ဆရာတော်ဟာ ဘာကြောင့် ဒီအကွက်ကို ကြိုးစားပမ်းစားဖွဲ့ခဲ့သလဲဆိုတာကို စဉ်းစားကြည့်မိပါတယ်။ ဆရာတော်က သူ့တပည့်တွေအားလုံးဟာ သာသနာ့ဘောင်မှာ ထာဝရပျော်သွားကြမှာမဟုတ်ဘူး။ အများစုက လောကီလူ့ဘောင်ကို ပြန်သွားကြမယ်ဆိုတာကို သိနေပြီးသားမဟုတ်လား။ ဒီတော့ 'ဆရာကောင်းတပည့် ပန်းကောင်းပန်' ဆိုတာလို လောကအလယ်မှာ တင့်တယ်စေချင်တယ်၊ လူဖြစ်သန်စေချင်တယ်။ ဒါကြောင့် အောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်မြောက်တဲ့၊ လူချွန်လူမွန်တွေဖြစ်စေနိုင်တဲ့ နည်းလမ်းနဲ့ တွန်းအားတွေကို မင်းကြီးနဲ့ ပုရောဟိတ်ကြီးနေရာက သင်ပြလိုက်တယ်။

ကောင်းပြီ - - ကောင်းမွန်သော နည်းလမ်းတွေကြောင့်ပဲ ကြီးပွားအောင်မြင်လာခဲ့ပြီ ဆိုပါတော့။ အသက်ကြီးလာတော့ ဘယ်လိုလဲ၊ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘဝပြဿနာကတစ်မျိုးဖြစ်လာပြီ။ ပစ္စုပ္ပန်ကို ကြည့်နေရာက သံသရာကို မြော်ရတော့မယ်။ အဲဒီလို သူ့တပည့်တွေကို ပျိုတတ်အောင်၊ အိုတတ်အောင် နေတတ်အောင်၊ သေတတ်အောင် သင်ပေးလိုက်တာပဲလို့ ပြောချင်ပါတယ်။

နောက်တခါ ရသစာပေတစ်စောင် အနေနဲ့ ကြည့်လိုက်မယ်ဆိုရင် ငယ်ရွယ်သူတွေဟာ မင်းကြီး ပုရောဟိတ်ကြီးတို့ရဲ့ တိုက်တွန်းဆုံးမစကားတွေကို ကျက်မှတ်နာယူကြလိမ့်မယ်။ လူကြီးတွေကတော့ ညီနောင်လေးဦးရဲ့ စကားတွေကို တရားအမြင်နဲ့ ဆင်ခြင်မိကြလိမ့်မယ်။

ဒီလိုနည်းအားဖြင့် ကိုးခန်းပျို့ဟာ ငယ်ငယ်မှာလည်းကောင်း၊ အသက်ကြီးလာပြန်တော့လည်း တစ်မျိုးတစ်ဖုံကောင်းလာပြန်တယ်။ သည်တော့ဒီပျို့ဟာ 'အရွယ်' ကို မမူသောစာ ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အဲဒီလိုသာ မကတော့ဘူး ဆရာတော်ရဲ့ စကားတွေ၊ အကြောင်းပြချက်တွေက ဘယ်ခေတ် ဘယ်အခါမှာမဆို မှန်ကန်နေပြန်လေတော့ ခေတ်ကို မမှုတဲ့စာတွေ ဖြစ်လာပြန်တယ်။

*"သကျရှုပ်၊ ကြံကြံသမျှ၊ တောင့်တရာရာ၊ တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို ၊ ငယ်က မသင်၊ ပျော်ပါးလွင်မှု"*

*"ပထမအရွယ် ၊ ငယ်သော်ကတည့်၊ သိပ္ပခေါင်အား၊ တတ်မြောက်မြားမှု၊ တောသားရန်အောင် ၊ ခြသေ့်ယောင်သို့"*

ဆိုတာတွေဟာ ဒီနေ့တိုင်အောင် ခေတ် အဆက်ဆက် ကျက်ကြမှတ်ကြ ဖြစ်နေခဲ့တာ ထင်ရှားတဲ့ သာဓကပါပဲ။ 'ဂန္ထဝင်' ဆိုတာ အဲဒါပါပဲ။ အရွယ်ကို မမှုသော၊ ခေတ်ကိုမမှုသော စာပေပဲပေါ့။

## အာဂုံကျက်မှတ်ကြသောခေတ်

ရှေးခေတ်က စာကောင်းပေမွန်တွေကို အာဂုံကျက်မှတ်ကြတဲ့ အလေ့ရှိခဲ့ကြတယ်။ စာပေကိုတန်ဖိုးထား မြတ်နိုးတာကြောင့်သာ မဟုတ်ဘူး၊ စာအုပ်စာပေ ရှားပါးတာကြောင့်လည်း ဖြစ်တယ်။ ခုခေတ်လို ပုံနှိပ်စက်တွေ ဝေါခနဲ ဝေါခနဲ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေတပုံကြီး ထွက်လာအောင် လုပ်နိုင်ကြတာ မဟုတ်ဘူး။ စာမူတစ်ခုကိုလိုချင်ရင် ပေရွက်ပေါ်မှာ လက်နဲ့ ကညစ်ကိုကိုင်ပြီး ရေးရတာ၊ ကညစ်နဲ့ရေးရတာကလည်း ခုခေတ်ဘောပင်နဲ့ စက္ကူပေါ်မှာ ရေးရသလို ချောခနဲ ချောကနဲ သွက်တာမဟုတ်ဘူး။ နောက်ပြီး ပေရွက်ကို စာရေးနိုင်အောင် ပြင်ဆင်ရတာကိုက နည်းတဲ့ဒုက္ခမဟုတ်တာ။ တစ်ခါ တလေရှေးက စာရေးဆရာတွေ ဒီလောက် ကျမ်းစာတွေဘာတွေ ပြုစုနိုင်ခဲ့ကြတာ ဘယ်လို အံ့သြမိမှန်းမသိဘူး။ သူတို့လို ဦးနှောက်ထုတ် မနေဘဲသူတို့စာကို ပေရွက် ပေါ်မှာ ကူးရုံကူး ပေးပါလို့ကိုယ့်ကို မျှားခိုင်းလာရင် အသက်ထွက် ရချည်ရဲ့လို့ ပြောမိမလားမသိဘူး။

ဒါကြောင့် ရှေးခေတ်က 'ကျောင်းစာရေး' ဆိုတာရှိတယ်။ အဲဒီလို ပေစာတွေ ဘာတွေကို ကူးရေးပေးရတဲ့သူပေါ့။ မျှားသောအားဖြင့် ဘုန်းကြီးကျောင်းကပဲ သူတို့ ကျွေးထားတာပါပဲ။ ဘုန်းကြီးကျောင်းမှာ လိုအပ်နေတဲ့စာကို ဓမ္မဒါန ပြုချင်သူက သူ့ကို အဖိုးအခပေး၊ အကူးခိုင်းပြီး လှူကြရတာပေါ့။ နောက်ပြီး ကိုယ့်သား ကိုရင် အတွက် မင်္ဂလသုတ်၊ ပရိတ်ကြီး စသည်အားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ပေစာမရှိရင်လည်း အဲဒီကျောင်းစာရေးကိုပဲ ပေတစ်ဆူ (စာတစ်အုပ်) ရဖို့ အလုပ်အပ်ရပြန်တာပေါ့။

ပေစာကူးခဆိုလို့ ပေါ့ပေါ့သေးသေးများ မထင်လေနဲ့။ ဆရာဒေါက်တာသန်းထွန်းရဲ့ 'ခေတ်ဟောင်းမြန်မာရာဇဝင်' ထဲက 'ပုဂံခေတ် စီးပွားရေး' က မှာ "ပြာသဒ်များနှင့် စုလစ်ကျောင်းကြီး တစ်ဆောင် ဆောက်ရန် ငွေ ၃၅ဝ ကုန်သောအခါ ပိဋကတ်သုံးပုံ ကူးခမှာ ငွေကျပ် ၂၀၀၀ ကုန်ကျ၏ စာရေးတတ်သူ နည်းသေးသဖြင့် စာကူးခကြီးဟန်တူသည်"လို့ရေးထားတယ်။

ဒီတော့ 'ကိုးခန်းပျို့' လိုစာမျိုး ပေမူတစ်ဆူလောက် အိမ်မှာရှိဖို့ဆိုတာ အတော်ကို ငွေကြေး ပြည့်စုံတဲ့ လူမျိုးလောက်သာ ထားနိုင်မှာပေါ့။ 'မဟာရာဇဝင်ကြီး' ကို ပြုစုခဲ့တဲ့ 'ဦးကုလား' ဟာ ညောင်ရမ်းခေတ်က သူဌေးကြီး 'ဒေဝသေဋ္ဌ' ရဲ့ သားဆိုတာ သတိရကြမှာပေါ့။ ဒါကြောင့် အတော်အတန် ကြီးတဲ့ ဘုန်းတော်ကြီးကျောင်းများမှာသာလျှင် ပိဋကတ်တိုက်ရယ်လို့ ရှိနိုင်ကြတာ။ ကိုယ်ပိုင်စာကြည့်တိုက် ဆိုတာမျိုးကို ကင်းဝန်မင်းကြီးတို့၊ ယောအတွင်းဝန် ဦးဖိုးလှိုင်တို့လို ပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေသာ ထားနိုင်တာ။ သည်တော့ ဘုန်းကြီးကျောင်းမှာ ပေစာကိုဖတ်၊ ကြိုက်တဲ့စာပိုဒ်ကို ပုရပိုဒ်နဲ့ကူးထားပြီး အလွတ်ကျက်၊ စာမေးပွဲအတွက်မဟုတ်ဘူး။ ချစ်ကို ချစ်လို့၊ တန်ဖိုးကို ထားလို့ ဒီလိုလုပ်ကြတာကိုး။ နောက်ပြီး တခြားဖတ်စရာ သတင်းစာ၊ ဂျာနယ် ဆိုတာမျိုးလည်း ဘာမှမရှိဘူး မဟုတ်လား။

ဒီလို အာဂုံကျက်ထားလိုက်တော့ ကောင်းကွက်တစ်ခုပေါ်လာတာ ရှိတယ်။ ကိုယ်ရထားသမျှ စာကလေးကို အထပ်ထပ် အပြန်ပြန် စဉ်းစားနေရင်း တစိမ့်စိမ့် သဘောပေါက် ဆင်ခြင်မိလာတယ်။ ကိုယ့်ဘဝအတွေ့အကြုံနဲ့ ယှဉ်ပြီး "သြော်. . . ကိုးခန်း ဆရာတော်က ဒါကြောင့် ဒီလိုရေးတော်မူခဲ့တာကိုး" ဆိုတာမျိုးတွေ ခံစားမိလာတယ်။ကိုယ့်သားသမီး စသည်ဖြင့် မျိုးဆက်သစ်တွေကိုလည်း ဆရာတော်ရဲ့ သြဝါဒကို လက်ဆင့်ကမ်းပြီး ရွတ်ပြနိုင်ပြန်တယ်။ သည်တော့မှ စာတိုပေစ ချစ်တတ်တဲ့ မျိုးဆက်သစ်ကလေးက ပုရပိုဒ်ကလေး တစ်လွှာနဲ့ ကန့်ကူတံကလေး ကိုင်လာတဲ့ပြီး "ဘိုးဘိုး အဲဒီစာလေး ကျွန်တော် မှတ်ထားချင်တယ်၊ ရွတ်ပြပါဦး" ဆိုတာမျိုး ဖြစ်လာ ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနဲ့မြန်မာစာပေကြီးကို ခက်ခက်ခဲခဲ ပင်ပန်းကြီးစွာ ထူထောင်လာခဲ့ကြတာပေါ့။ အံ့သြစရာချစ်စရာမကောင်းပေဘူးလား။

ဆရာတော် ရှင်မဟာရဋ္ဌသာရရဲ့ အံ့သြစရာတွေကို ဆက်ပြီးတင်ပြပါဦးမယ်။

(ရွှက်နုဝေ၊ ဩဂုတ်လ ၊ ၁၉၉၈။)

*ခရစ်ယန် သာသနာပြုဖို့ ကြိုးပမ်းတဲ့အခါမှာ*
*သူတို့အဖို့ သိပ်ပြီးခက်ခဲတာကို*
*တွေ့ကြရတယ်။*
*ဘာကြောင့်လဲဆိုတော့*
*ကိုးကွယ်မှု ဘာသာရေး၊ ပညာရေး၊ လူမှုရေးစတဲ့*
*အားလုံးသော အရေးတွေဟာ*
*ဘုန်းတော်ကြီးကျောင်းမှာ အခြေခံတာတွေချည်း*
*ဖြစ်နေလေတော့*
*လူ့အဖွဲ့အစည်းနဲ့ ဘုန်းတော်ကြီးကျောင်းဟာ*
*ခွဲလို့မရအောင်ကို တစ်သားထဲ*
*ဖြစ်နေတာကြောင့်ပါပဲ။*



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ကိုးခန်းပျို့ (၂)

ကိုးခန်းပျို့ဆရာ ရှင်မဟာရဋ္ဌသာရ နဲ့ ပါရမီတော်ခန်းဆရာ ရှင်မဟာသီလဝံသတို့ဟာ အင်းဝဘုရင် ဒုတိယမင်းခေါင်လက်ထက် ခေတ်ပြိုင်စာဆိုများဖြစ်ကြတာကို သိကြပြီးဖြစ်ပါတယ်။ ဘုရင်မင်းခေါင်ကလည်း နှစ်ပါးလုံးကို အလွန်လေးမြတ် ကြည်ညိုတော်မူတယ်။ အရှင်နှစ်ပါးရဲ့စာများကို နန်းတော်ထဲမှာ မကြခဏ 'စာနာပွဲ' များပြုလုပ်လေ့ရှိတယ်လို့ ဆိုပါတယ်။ 'စာနာပွဲ' ဆိုတာက 'အာရှင်း' တဲ့ စာတော်ဖတ်များက 'ဖတ်လျှောက်' တာကို စိတ်ဝင်စားစွာ ကြားနာသုံးသပ်ခြင်းပါပဲ။

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ တစ်ခုမမေ့သင့်တာက အဲဒီခေတ်မှာ စာအုပ်စာတန်းကလည်း ရှားပါးပါတယ်။ ပျို့ကဗျာခေတ်ဦးလည်း ဖြစ်တယ်၊ ဘာသာရေးကိုလည်း ရှင်ဘုရင်ကစပြီး သူတောင်းစားအထိ အလွန်အလေးထားကြတယ်။ ကုန်ကုန်ပြောရရင် လူဆိုး သူဆိုး သူခိုးဓားပြ ကစပြီး သူတို့ဆိုးနေတာက ဆိုးနေတာတခြား ဘာသာ ရေးအဆုံးအမကိုတော့ဖြင့် သံသယတစ်စေ့မရှိ လက်ခံယုံကြည်ကြတဲ့ ခေတ်ပေကိုး။ သူတို့ကိုယ်တိုင်က ခိုးဆိုးနေသော်လည်း သူတို့ သားသမီးကိုတော့ဖြင့် ဘာသာရေး အဆုံးအမအောက်မှာ ကြီးပြင်းကြစေချင်တယ်။ (စင်စစ် ခုခေတ်မှာလည်း ဒီလိုပဲလို့ ထင်ပါတယ်။ ခါးပိုက်နှိုက်တွေဟာတောင်မှ သူတို့သားသမီးကို ခါးပိုက်နှိုက်ပညာကို သင်ပေးမယ် မထင်ပါဘူး။ သူတို့ဟာ ခါးပိုက်နှိုက်ပဲ ဆိုတာကို သူတို့သားသမီး သိစေချင်မယ် မထင်ဘူး) အဲဒီလို သူတို့ခေတ်ကို လှမ်းပြီး သဘောပေါက်ထားမှ သူတို့နဲ့အတူ သူတို့စာပေကို အရသာခံနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် စကားသွယ်ထားလိုက်ရတာပါ။

အဲဒီလို 'စာနာပွဲ' တွေလုပ်တဲ့အခါမှာ ဘုရင်မင်းခေါင်က "ရှင်မဟာသီလဝံသရဲ့စာများကို ကြားနာရတာက စည်ကြီးကိုတီးခေတ်သလို ရှိပါပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်မဟာရဋ္ဌသာရရဲ့စာများကတော့ တူရိယာငါးပါးကို တစ်ပြိုင်နက် တီးခတ်သကဲ့သို့ ရှိပါပေတယ်။ ရှင်မဟာသီလဝံသရဲ့ စာများကတော့ ပိဋကတ်တော်နဲ့ တစ်ချက်မကွာစေပဲရှိတာမို့ လိပ်ရင်ဘက်ဟာ မြေကြီးနဲ့မကွာသလိုပါပဲ။ရှင်မဟာရဋ္ဌသာရရဲ့ စာများကတော့ လောကီဘက်ကို ရောက်တုံ လောကုတ္တရာဘက်ကို ရောက်တုံ ရှိတာမို့ ထန်းသမားရင်ဘတ်ဟာ ထန်းပင်နဲ့ ကပ်တုံခွါတုံ ရှိသလို ဖြစ်ပါပေတယ်" လို့ ဝေဖန်သုံးသပ်ကြောင်း စကားစဉ်ရှိပါတယ်။

တကယ်ဆိုတော့ ရှင်မဟာသီလဝံသက တပည့်များ လိမ်မာရေးခြားရှိစေရေးအတွက် 'ပါရာယန' ကို ရေးခဲ့သလို ရှင်မဟာရဋ္ဌသာရကလည်း တပည့်များကို ပျိုတတ်အောင်၊ အိုတတ်အောင်၊ နေတတ်အောင်၊ သေတတ်အောင် အဆုံးအမပေးချင်လို့ ရေးခဲ့တာပါပဲ။

## ပညာရေးလက်နက်

အရင်တစ်ပတ်က 'ရှင်မဟာရဋ္ဌသာရရဲ့ အံ့သြစရာကောင်းတာတွေကို ပြောပါဦးမယ်' လို့ ရေးလိုက်ခဲ့ပါတယ်။ အံ့သြစရာကောင်းတာက ပညာရေးလက်နက်ကို ထက်ထက်မြတ်မြတ် အသုံးပြု



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပုံပါပဲ။ ကိုးခန်းပျို့မှာ စာပေလက်နက်၊ ပညာရေး လက်နက် အသုံးပြုထားပုံကို ကြည့်စေချင်ပါတယ်။ ဟတ္ထိပါလ ဇာတ်တော်ကို ဘုရားရှင်က ဘာကြောင့် ဟောရကြောင်း ရေးဖွဲ့ပြီးတာနဲ့ ဗာရာဏသီ နေပြည်ရဲ့ သာယာပုံကို ဖွဲ့တော့တာပါပဲ။ ဘာကို ပဓာနထားပြီး ဖွဲ့လိုက်သလဲဆိုတော့ ဗာရာဏသီပြည့်ရှင် 'ဧသုကာရီ' မင်းကြီးက မင်းကျင့်တရား (၁၀)ပါးနဲ့ အညီအုပ်ချုပ်လို့ ပြည်သူအပေါင်း ကိုယ်စိတ်ချမ်းသာ နိုင်ငံတော် သာယာအေးချမ်း ပုံကို ဖွဲ့လိုက်ပါတယ်။

မင်းကောင်းမင်းမြတ်တို့ လိုက်နာကျင့်သုံးရတဲ့ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ပြည်သူနှင့် မဆန့်ကျင်ခြင်း၊ အခွန်အတုတ်များနဲ့ ပြည်သူကို မညှင်းဆဲခြင်း စတဲ့ မင်းကျင့်တရား (၁၀)ပါး ဆိုတာကလည်း ဘုရားဟော ပိဋကတ်တော်မှာပါတဲ့ အဆုံးအမပေပဲ မဟုတ်လား။ ကိုးခန်းပျို့ အပိုဒ် (၅) မှာ ဆရာတော် ဖွဲ့သွားပုံကလေးကို ကြည့်စမ်းပါ . . .

*ဗာရာဏသီ ၊ စုံညီပြောဝ၊*
*ထိုပြည်မဏ္ဍ ၊ ဒါနမမေ့၊*
*စောင့်လေ့သီတင်း၊ မင်းဓါတ်မခွန့်၊*



www.burmeseclassic.com

www.burmeseclassic.com



စွန့်ကြဲဟန်လည်း၊ ချက်သွန်ဖြောဖြော၊
နှမြောမဲ့လျှင်၊ မြားနှယ်စင်းဖြို၊
ဝမ်းတွင်းဖြောင့်တန်း၊ မကောက်ယွန်းတည့်၊
တစ်ခွန်းဟာကာ၊ နှစ်ခွမသွေ၊
မျိုးဆွေချစ်သူ၊ ဟူလင့်ကစား၊
လျှပ်ရှားမနိုင်၊ ကြံ့ခိုင်မြဲဆုံး၊
တည့်တည့်သုံး၊ နှလုံးမကြွမ်း၊
ကျင့်တမ်းမွေ့ညက်၊ မျက်သက်နည်းပါး၊
ပိုင်ကားနိုင်ယက်၊ နှိပ်စက်မရှိ၊
ခံချိသည်းညည်း၊ စောင်မာန်နည်း၊
ဖြင်ပည်းပြောထူ၊ လူအဝှန့်နှင့် မဆန့်ကျင်မူ၊
လိုက်လျော ပြုသား၊ ဆယ်ခုနက်စုံ၊
ရာဇဓံတွင်၊ တစ်အင်မချို့ . . . .

'ရာဇဓံ' ဆိုတာက 'ရာဇမွေ' ပါ ။ မင်းကျင့်တရားပေါ့။

နိုင်ငံတော်ရဲ့ အကြီးအကဲ ဘုရင်မင်းခေါင်ကိုယ်တိုင်ကလည်း ဆရာတော်ကို ရိုသေတယ်။ သူ့စာတွေကိုလည် မြတ်မြတ်နိုးနိုး ကြားနာတယ်။ သည်တော့မင်းကျင့် တရားဆယ်ပါးကို သတိပေးနေသလို ဖြစ်မနေပေဘူးလား။

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ကိုးခန်းပျို့ကို သာမန်ပြည်သူတွေကလည်း နှစ်နှစ်သက်သက် ဖတ်နေကြသေးတာကိုး။ သည်တော့ မင်းကောင်း မင်းမြတ် တို့မည်သည် ဘယ်လိုကျင့်သုံးတယ် ဆိုတာကို ပြည်သူကို အသိပေးထားရာ မရောက်ပေးဘူးလား။ တစ်နည်းအားဖြင့် ဘုရင်မင်းမြတ်ဟာ အခြေခံဥပဒေနဲ့ အညီ အုပ်ချုပ်၏၊ မအုပ်ချုပ်၏ စောင့်ကြည့်ဖို့ သင်ပေးလိုက်တဲ့သဘော မရောက်ပေဘူးလား။

ဧသုကာရီ ဘုရင်မင်းမြတ်က မင်းကျင့်တရားနဲ့အညီ အုပ်စိုးလေတော့ တိုင်းသူပြည်သား တို့အဖို့ အားကိုးရာ တစ်ဆူဖြစ်လာပုံကို ဖွဲ့ထားလိုက်တာ စာဖတ်သူစိတ်မှာ မင်းကြီးကို မကြည်ညိုဘဲ မနေနိုင်အောင် ခံစားမိလာပါတယ်။ ဒါကြောင့် ကိုးခန်းပျို့ကို ဖတ်ကြည့်စမ်းပါလို့ကြားဖြတ်ပြီးတိုက်တွန်းလိုက်ပါရစေ။

(ဖတ်တဲ့အခါမှာ ပေါရာဏ စကားဟောင်းတွေ၊ပါဠိသက် ဝေါဟာရတွေကို နားမလည်လို့ စိတ်မပျက်ပါနဲ့၊ နားလည် သလောက်နဲ့သာ ဆက်ဖက်ပါ၊ စိတ်ကို ပေါ့ပေါ့ထားပြီး ဖတ်ပါ၊ အရသာ တွေ့လာပါလိမ့်မယ်။ <u>ကောင်းတဲ့အရသာကို သေချာ ခံစားတတ်ဖို့ဟာလည်း လေ့ကျင့်ယူရသေးတာပဲ ဆိုတာကို မမေ့ပါနဲ့။)</u>



www.burmeseclassic.com

www.burmeseclassic.com



စကားရည်လုပွဲ

မင်းကြီးနဲ့ ဖခင် ပုရောဟိတ်ကြီးက လောကီဘက်က အဆိုပြုတယ်။ ဟတ္ထိပါလသတို့သားက လောကုတ္တရာဘက်က ချေပတယ်ဆိုတဲ့အကြောင်း ပြောခဲ့ပြီးပါပြီ။ ကဲ . . . သူတို့ရဲ့ အဆိုအချေတွေကို နည်းနည်းလောက် လေ့လာကြည့်ကြရအောင်။

ဖခင် ပုရောဟိတ်ကြီးကပြောတယ်။ ငယ်ရွယ်စဉ်မှာတောမထွက်ပါနဲ့ဦး၊ ပညာကိုသာ ကြိုးစားသင်ယူသင့်ပါတယ်၊ ပညာမတတ်ရင် လူ့လောကအလယ် အဘက်ဘက်မှာ အောက်တန်းကျတတ်ပါတယ်။ ပညာတတ်လာတဲ့အခါမှာလည်း အိမ်ထောင်တည်ဆောက်ပြီး သားမြေးမျိုးဆက်ကို ချန်ထားခဲ့ရပါမယ်။ ဒါဟာ ယောကျ်ားကောင်းတို့ရဲ့ တာဝန်ဖြစ်ပါတယ်။ ပုရောဟိတ်ကြီးပြောတာကို နားထောင်ကြည့်စမ်းပါ . . .

*သားသမီးလည်း၊ ပွားစီးလတ်ပြီ၊*
*မောင်ဘုန်းရှိသည်၊ ဇောခိပင်သွယ်၊*
*ညောင်မြစ်တွယ်သို့၊ နန်းဝယ်ကိုယ်စား၊*
*အရာထား ၊ မြူကျားဆံရောက်၊*
*အိုရုပ်ဘောက်မှ၊ ကျင့်ဆောက်နိုင်မှု၊*
*ရဟန်းပြုလေ့၊ ယခင်ကစင်၊*



www.burmeseclassic.com

www.burmeseclassic.com



*တောမဝင်နှင့်၊ လုလင်ငယ်သွေး၊*
*ပျိုနုသေး၏၊ တစတွားတွား၊*
*ဘာစကားကို၊ သည်းချားရှယ်လူး နှာဘိဦး။*

'သည်းချား' ဆိုတာ 'သည်းချာ' ပါပဲ၊ ကာရန်ကိုင်ပြီး 'ချား' လို့ လုပ်ထားတာပါ။ ရှေးခေတ်ပျို့လင်္ကာတွေကိုဖတ်ရင် ဒီလိုပဲ ဖြည့်တန်ဖြည့်၊ လျှော့တန်လျှော့ပြီး အနက်ကောက်ကြရပါတယ်။

'လုလင်ငယ်သွေး' ဆိုတဲ့ စကားလေးကို သတိထားလိုက်မိရဲ့လား။ ဂီတနက်သန် ကိုစောငြိမ်းရဲ့ 'သစ္စာ' သီချင်းထဲက 'လုလင်ငယ်သွေး ကလေးဘာသာအရွယ် ဟိုစဉ်ကပဲ .....' ဆိုတာလေးကိုကော သတိမရလိုက်ဘူးလား။ ဆရာတော်ရဲ့ စကားလုံးကလေးတွေဟာ ဒီနေ့တိုင်အောင် ချိုနွဲ့နေဆဲပါပဲ။ အဲဒီလို ဒီနေ့တိုင် မြန်မာလူမျိုးတွေရဲ့ နှုတ်ဖျားမှာ စီးနေတဲ့ ဆရာတော်ရဲ့ စကားလုံးတွေဟာ အများကြီးပဲ၊ အခန့်သင့်ရင် နောက်ပိုင်းမှာ ရေးလိုက်ပါဦးမယ်။

'ကိုးခန်း' ကိုပြန်ပြီး ကောက်လိုက်ကြဦးစို့။

ပုရောဟိတ် ကြီးက အဲဒီလိုတိုက်တွန်းတဲ့ အခါမှာ ဟတ္ထိပါလသတို့သားက ပြန်ပြီးချေပပြောဆို



www.burmeseclassic.com

www.burmeseclassic.com



တာက လောကီစည်းစိမ်၊ လောကီပညာဆိုတာတွေကို လေ့လာလိုက်စားနေတာဟာ ကျောက်ခဲကို ဆီကြိတ်သလို၊ ပိုးစုန်းကြူးမီးညှိသလို၊ နွားဦးချိုမှာ နို့ညှစ်သလို မိုက်မှားမှုများသာလျှင်ဖြစ်တယ် စသည်ဖြင့် ဥပမာတွေ အမျိုးမျိုးကို ပေးပြီ ပြောပါတယ်။

ယောက်ျားကောင်းတစ်ယောက် အဖြစ် ဥစ္စာ ပစ္စည်းတွေ ဘယ်လောက်ပဲ ကြိုးစားပမ်းစား ရှာထား စေဦးတော့ ရန်သူမျိုးငါးပါးကြောင့်လည်း ပျက်စီး တတ်တာပဲ။ ဥစ္စာကသော်လည်း ကိုယ့်ကိုစွန့်သွား တတ်တယ်၊ သေသွားပြန်တော့ ကိုယ်ကသော်လည်း ဥစ္စာကို စွန့်ရတာပဲ ဆိုတာကို ဆရာတော်ဖွဲ့လိုက်ပုံက . .

*သို့ထားသိမ်းဆည်း၊ တစ်ယောက်တည်းတွင်၊*
*ငါးသခင်ဟု ၊ အပင်မမြဲ၊*
*တဲ့စပါလှည့်၊ ဒွေ့သည်ပမာ၊*
*မကွာတူးတည်၊ နေမည်မခန့်၊*
*ဥစ္စာစွန့်ခွဲ၊ ပြန့်ပြန့်ပြောပြော၊*
*ဖောဖောသီသီ၊ စုံကျီတိုက်ကြွ၊*
*အနှက်မှုချည်း၊ ဖြင်ပေါပည်းလျက်၊*
*ပစ္စည်းပုံယင် ၊ ဥစ္စာရှင်တို့၊*
*ကြည်းငင်ဘမ်းဆွဲ ၊ သေမင်းမဲသော်၊*



www.burmeseclassic.com

www.burmeseclassic.com



အထဲအပ၊ ထိုမျဉ်စွာ၊
အိမ်ခန်းဝါကို၊ စွန့်ကာလည်းကောင်း၊
သွားရရှောင်ခဲ့၊ အကြောင်းလျဉ်းစပ်၊
ထိုပည်ပ်ဖြင့် ၊ စွန့်အပ်စွန့်တတ်၊
မှတ်သည်တခြား၊ ကံ ကတ္တားကား၊
တပါးမလာ၊ ကိုယ်သာလည်းကောင်း၊
ထပ်ပေါင်းမပြယ်၊ ခန္ဓာကွယ်လည်း၊
အပါယ်တို့ရှာ၊ မှတ်သိပ်စွာသား၊
ပြိတ္တာတို့ဘောင်၊ ဥစ္စာဆောင်၏၊
နောင်တမလွန်၊ ပစ္စုပ္ပန်ဟု၊
နှစ်တန်ကာလ၊ နှစ်ဘဝလုံး၊
နှစ်ပါးရှုံးကြီး၊ အချည်းနှီးကို၊
ရှာမှီးသမှု၊ ဘဇာပြုအံ့ . . .

ဥစ္စာပစ္စည်းတွေကို ဘယ်လောက်ပဲ စုဆောင်းရှာဖွေနေစေဦးတော့ ပစ္စည်းကသော်လည်း ကိုယ့်ကိုစွန့်တတ်တယ်၊ ကိုယ်ကသော်လည်း ပစ္စည်းကို စွန့်သွားရတတ်တယ်။ ကိုယ်ကစွန့်တော့ ကိုယ်က ကတ္တားပုဒ်ပေါ့၊ ကိုယ့်ကိုစွန့်သွားတော့ ကိုယ်က ကံပုဒ် ပေါ့။ ‘စွန့်အပ် စွန့်တတ်’ ဆိုတဲ့ စကားသုံးကလေးဟာ မလှဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်တစ်ပါးဖြစ်တဲ့ အလျှောက် လောကုတ္တရာဘက်က (ဟတ္ထိပါလဘက်က) ချေပ ပြောဆိုတဲ့ စကားတွေကို ပိုပြီးအားထုတ် ရေးဖွဲ့တာ အလွန် သိသာပါတယ်။ သူ့တပည့်တွေ မတော် လောဘ မဖြစ်ကြရလေအောင်၊ မျက်မှောက်ဘဝ ကြီးပွားရေးကို အားပေးသော်လည်း သံသရာကို မျက်ခြည်မပြတ်အောင် တမင်သတိပေးရေးဖွဲ့တယ်လို့ ဆိုရမှာပေါ့။

တကယ်ဆိုတော့လည်း ငါတို့တစ်တွေ (ပုထုဇဉ်)ဆိုတာ က သံသရာအရေးကို ဘယ်လောက်ပဲ တွေးနေ ကြောက်နေကြစေဦးတော့ လောဘ၊ ဒေါသတွေ တထွေးကြီးနဲ့ ဖြစ်နေတာကြောင့် 'မတော်လောဘ' 'မတော်ဒေါသ' ကို ထိန်းဖို့ သတိရကြအောင် တမင် အားထုတ် ရေးခဲ့ဖွဲ့ခဲ့တာ ဖြစ်ပါလိမ့်မယ်။

ကျန်တဲ့ 'အဿပါလ' 'ဂေါပါလ' 'အဇပါလ' သားသုံးယောက်တို့ ဟောကြားတဲ့ တရားတွေဟာ လည်း အလားတူဖြစ်နေတာမို့ ဒီနေရာမှာ အထူး တင်ပြမနေတော့ပါဘူး။

ပုရောဟိတ် ပုဏ္ဏားကြီး တောထွက်ခန်း ရောက်တော့ ပုဏ္ဏားကြီးက ဇနီးသည်ကို မှာကြားပြော ဆိုခန်းမှာ ဇနီးကောင်းအိမ်ရှင်မတို့ရဲ့ အင်္ဂါရပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ထည့်ပြန်ပါတယ်။ စကားအပြောအဆို ချိုသာပြေပြစ်တာမျိုးတွေအပြင် အဲဒီခေတ်အခါက လိုအပ်ချက်တွေဖြစ်တဲ့ ဗိုင်းငင် ဝါဖတ်စတဲ့လုပ်ငန်းတွေကိုပါ ထည့်ပြီး ချီးကျူးထားတယ်။ အဲဒါလောက်သာ မဟုတ်ပါဘူး။ စုံတကာစေ့နေအောင် ထည့်ထားတယ်လို့ ဆိုသင့်ပါတယ်။

ပုရောဟိတ်ကြီး တောထွက်ခါနီးမှာ တပည့်များကိုခေါ်ပြီး အသိပေးတဲ့အခါမှာလည်း ဆရာတို့ သတိပြုအပ်တဲ့ကျင့်ဝတ်တွေကို သေချာဖွဲ့ခဲ့ပါသေးတယ်။ မိမိတပည့်ကို အပြစ်တင်ဝေဖန်လိုတဲ့အခါများမှာဆိုရင် ကွယ်ရာမှာခေါ်ပြီးပြောသင့်တယ်၊ လူရှေ့သူရှေ့မှာဆိုရင် ချီးမွမ်းပြောဆိုသင့်တယ် ဆိုတာမျိုးပေါ့။

*တစ်ရုံတဆစ်၊ အပြစ်အနာ၊*
*ရှိသောခါမူ၊ ကွယ်ရာခေါ်၊*
*ဆုံးမလေ့၏၊ သူ့ရှေ့ သူ့မှောက်၊*
*ပွဲပြင်ရောက်မူ၊ မြှောက်မြှောက်စားစား*
*သားအားပိုက်ဖြူး၊ မိဘကျူးသို့*
*ကျေးဇူးကိုသာ၊ ရှာကာရွေးဆို၊*
*ထဲကြည်ညိုလျက်* . . . . ဆိုတဲ့ စာပိုဒ်ကလေးကိုဆိုရင် ကျည်းကန် (ကြည့်ကန်) ရှင်ကြီးက



www.burmeseclassic.com

www.burmeseclassic.com



သဘောကျလွန်းလို့ မေတ္တာစာ တစ်ပုဒ်ထဲမှာ စာကိုးထည့်ပြီး ရေးခဲ့ပါသေးတယ်။ ဒီလိုပါပဲ နောက်ပိုင်းစာဆိုတွေအားလုံးဟာ ဆရာတော်ရဲ့ ဩဇာရိပ်က မလွတ်ကြပါဘူး။ အဲဒါကြောင့် ပါမောက္ခ ဆရာကြီး ဦးဇမောင်က - -

*"သို့ကြောင့် နဝဒေး ၊ နတ်သျှင်နောင်၊ စိန္တကျော်သူ၊ လက်ဝဲသုန္ဒရ၊ ဦးတိုး၊ ဦးစ၊ ဦးကြင်ဥ၊ဦးပုည အစရှိသော နှောင်းခေတ်စာဆိုတကာတို့သည် ဩကာသ ကာယကံဖြင့် ရှိသေစွာရှိခိုးပန် တပည့်ခံကြရသည် ဖြစ်ကြောင်း. . . ."* လို့အမှာစာ ရေးခဲ့တာပါပဲ။

ပရောဟိတ်ကြီးကို တပည့် ပုဏ္ဏားများက ပြန်ပြီးပြောဆိုတဲ့အခါမှာတော့ တပည့်ကောင်းတို့ရဲ့ ကျင့်ဝတ်တွေကို ထည့်ပြီးဖွဲ့ လိုက်ပြန်ပါတယ်။ ကြည့်ပါဦး . . .

*ကျင့်ရေးမချွတ် ၊ တပည့်ဝတ်ကား၊*
*လာလတ်သောခါ၊ ဆရာသမား၊*
*သူကြီးအားလျှင် ၊ သွား ရှေ့ဆီး၊*
*ခရီးဦးကြို၊ ကြည်ညိုမြတ်နိုး၊*
*ရှိခိုးခယ၊ ဆိုကယုံကျုံ၊*
*မှုကုံထံရင်း၊ လုပ်ကျွေးခြင်းနှင့်၊*



www.burmeseclassic.com

www.burmeseclassic.com



*စင်းလျှဉ်းရှိညွှတ်၊ အတတ်ပညာ၊*
*သင်အပ်စွာသည်၊ အင်္ဂါကျွှသို့ငါးပါးတည်း။*

အခုအခါ လေ့ကျင့်ခန်း ဗလာစာအုပ်ကျောဖုံးတွေမှာ တွေ့နေရတဲ့ တပည့်ကျင့်ဝတ်ငါးပါးဆိုတာတွေက သင်္ဂဇာဆရာတော် ရေးစပ်ပေးခဲ့တာတွေပါ။ ဆရာတော်နောက် နှစ်ပေါင်း သုံးရာလောက်ကြာမှ ရေးခဲ့တာဖြစ်ပါတယ်။

တက္ကသိုလ်ကြီးတစ်ခုရဲ့ ပါမောက္ခချုပ်ဆရာတော်ဟာ မျိုးဆက်သစ်တွေအတွက် စေတနာအလွန်ကြီးလှပါတယ်။ အလွှာအသီးသီး လူတန်းစားအဖုံဖုံကို ပျိုနည်း၊ အိုနည်း၊ နေနည်း၊ သေနည်းသိအောင် ညွှန်တော်မူခဲ့ရှာတယ်။ ဆရာတော်ဟာသူ့ခေတ်သူ့အခါကိုသာမက ငါတို့ခေတ် တိုင်အောင်လှမ်းပြီး သင်ကြားပေးနေသေးတာကိုး။

## ယနေ့ထက်တိုင်

ဆရာတော်ရဲ့ စကားတွေဟာ မြန်မာတို့ရဲ့နေ့စဉ်သုံးဖြစ်နေတာ အများကြီးပဲ။ အောက်မှာထုတ်ပြလိုက်တဲ့ စကားတွေကို ကြည့်လိုက်စမ်းပါ။ ဂဏန်းတွေက စာပိုဒ်အမှတ်တွေဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခါးတောက်မြစ်ယှက် ၊ စိုက်ရောဘက်သား၊ သရက်ပင်မင်း၊ သီးချိုကင်းသို့ (၁၅)

ပညာရဲရင့်၊ ပွဲလယ်တင့် (၂၇)

ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏ (၃၄)

ရင်သွေးဟူက၊ ချစ်မဝတည့် (၄၅)

လက်ဦးဆရာ ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ (၄၆)

သားတို့ရုပ်ရည် ၊ သီတာမည်သား ၊ ရေကြည်ချမ်းမြ၊ တစ်ပေါက်ကျက ၊ မိဘတို့ဝမ်း ၊ ငြိမ်းစတမ်းတည့် (၉၇)

သူတော်ချင်းချင်း ၊ သီတင်းမြွေမြွေ ၊ ပေါင်းဘက်တွေ့ (၂၀၉)

အဲဒါတွေဟာ ကိုးခန်းပျို့ တစ်ခုထဲက ထုတ်ပြလိုက်တာ။ တခြားစာတွေ မပါသေးဘူး။

ဆရာတော် ရှင်မဟာရဋ္ဌသာရ (၁၄၆၈-၁၅၃၀) ဟာ ကိုခန်းပျို့ကို (၁၅၂၃) မှာရေးသားတော်မူခဲ့တယ်။ ဒီကနေ့ (၁၉၉၈) က ပြန်ပြီးတွက်လိုက်မယ်ဆိုရင်နှစ်ပေါင်း ၄၇၅ နှစ်ရှိသွားပြီ၊ ဘာကြောင့် မြန်မာလူမျိုးတွေရဲ့ နှုတ်ဖျားမှာ သူ့စကားတွေ စီးနေသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စဉ်းစားကြည့်လိုက်တော့ သူ့စကားတွေက လှလည်းလှလို့ အသုံးလည်းကျလို့ လို့ထင်မိပါတယ်။

သတိထားမိတာလေးတစ်ခုကို ပြောလိုက်ရဦးမယ်။

အလယ်တန်းအရွယ်ကစပြီး ကလေးတွေကို မေးကြည့်လိုက်ရင် ရှင်မဟာရဋ္ဌသာရကို မသိသူ မကြားဖူးသူရယ်လို့ မရှိပေမယ့် ဘယ်မင်းလက်ထက် ဘယ်ခေတ်အခါက ပေါ်ထွန်းခဲ့တဲ့ စာဆိုလဲလို့ မေးလိုက်ရင် အမှုမဲ့အမှတ်မဲ့ ဖြစ်ကုန်ကြတယ်။ မသိကြ မမှတ်သားမိကြတာကများတယ်။ ငါတို့ တစ်တွေဟာ ဆရာတော် ရှင်မဟာရဋ္ဌသာရရဲ့ ကျေးဇူးကို စဉ်ဆက်မပြတ်တရစပ် ယခုထက်တိုင် ခံစားခဲ့ကြရတာဆိုတော့ သူ့ရဲ့အမည်၊ သူ့ရဲ့ ဂုဏ်သတင်းဟာ ခေတ်ကာလဆိုတဲ့ဘောင်ကို ကျော်လွန်နေတယ်။ သူ့ရဲ့ စာတွေဟာ သူ့ခေတ်သူ့အခါမှာ သာမဟုတ်ဘဲ ငါတို့ခေတ် လူငယ်တွေအဖို့ရော နောင်ခေတ်တွေအတွက်ပါ အသုံးဝင်တဲ့ဂန္ထဝင် မြောက်သော စာတွေ ဖြစ်နေတာကိုး။

အဲဒီလို စဉ်းစားမိလိုက်ပြန်တော့ ဂန္ထဝင်စာပေတွေကို ဖန်တီးနိုင်စွမ်းရှိတဲ့၊ ခွန်အားကြီးမားတဲ့ စာဆိုတစ်ဦးဖြစ်ရတာဟာ တယ်လည်း လူဖြစ်ကျိုးနပ်ပါကလားလို့ အောက်မေ့မိပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရဲ့ ကိုးခန်းပျို့ ရေးဖွဲ့ပုံထဲမှာ ဒီကနေ့ကျောင်းသားလူငယ်များ သတိပြုအပ်တဲ့ အချက်ကလေးတွေကို ထောက်ပြချင်လွန်းလို့ ရှေ့တစ်ပတ်ဆက်လိုက်ချင်ပါသေးတယ်။

(ရွက်နုဝေ၊ စက်တင်ဘာလ ၊ ၁၉၉၈)

ငယ်ရွယ်စဉ်မှာ တောမထွက်ပါနဲ့ဦး။
ပညာကိုသာ
ကြိုးစားသင်ယူသင့်ပါတယ်၊
ပညာမတတ်ရင် လူ့လောကအလယ်
အဘက်ဘက်မှာ အောက်တန်းကျပါတယ်။
ပညာတတ်လာတဲ့အခါမှာလည်း
အိမ်ထောင် တည်ဆောက်ပြီး
သားမြေးမျိုးဆက်ကို ချန်ထားခဲ့ရပါမယ်။
ဒါဟာ ယောကျ်ားကောင်းတို့ရဲ့
တာဝန်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ကိုးခန်းပျို့ (၃)

ကိုးခန်းပျို့ အကြောင်းရေးနေတာ ပြီးပဲမပြီး နိုင်တော့ပါလားလို့ မအောက်မေ့လိုက်ပါနဲ့။ ကျောင်းသားလူငယ်တွေ သတိပြုသင့်တာတွေကို ပြောချင်လွန်းလို့ ဆက်ပြီးရေးနေတာပါ။ အခုထုတ်ပြ လိုက်မှာကလည်း ကျောင်းသားတွေ သိထားပြီးဖြစ်တဲ့ ကောက်နှုတ်ချက်ပါပဲ။ ဒါပေမယ့် သူတို့ သတိမထား မိတဲ့ အချက်ကို ထုတ်ပြမှာဖြစ်ပါတယ်။ (ဒီနေရာမှာ အကြောင်းဆိုက်လာလို့ စကားလေး တစ်ခွန်း ပြောလိုက်ချင်ပါသေးတယ်။ 'အောင်သင်း' အဖြစ်နဲ့ စာရေးတဲ့အခါမှာ ပြောစရာ 'အသစ်' တစ်ခုမပါပဲနဲ့ ရေးချင်စိတ်မရှိပါဘူး)

အခုလည်း ထုတ်ပြလိုက်တဲ့ စာပိုဒ်က လူသိ များနေတာဖြစ်သော်လည်း တင်ပြချင်တာက အသစ် တွေဖြစ်နေတာကို တွေ့ကြရပါလိမ့်မယ်။ ဒီစာပိုဒ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလူငယ်တွေ ရင်းနှီးပြီးသားဖြစ်ပါတယ်။ မဖတ်ချင်တော့ရင် ကျော်သွားလိုက်ပါတော့။ (စာပိုဒ်တွေကို လိုအပ်ချက်အရ တမင်ခွဲထားလိုက်ပါတယ်)

## ပါမောက္ခချုပ်ရဲ့ သြဝါဒ

*သကျရှုပ်၊ ကြုံကြုံသမျှ၊*
*တောင့်တရာရာ၊ တတ်ကောင်းစွာသား၊*
*ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊*
*ပျော်ပါးလွင့်မူ၊*
*အကြွင်းသူ့အား၊*
*စကားချေတင်၊ သဘင်မပြဲ့၊*
*ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ။*
*ညှိုးမျက်နှာနှင့်၊*
*ရှုံ့ရှာလန့်ထိတ်၊ အသံဆိတ်၏။*
*တိတ်တိတ်မနေ၊ ဆိုပါချေလည်း၊*
*မပြေမပြစ် ၊ အထစ်ထစ်လျှင်၊*
*ကျစ်ကျစ်မရှိ၊ အငြိငြိတည့်၊*
*ဟုတ်လိန်းနိုး။ ဆင်ကန်တိုးသို့၊*
*အကျိုးအကြောင်း၊ ကောင်းကောင်းမမှန်၊*



www.burmeseclassic.com

www.burmeseclassic.com



သမ္ဗန်ပါင်္ဂလျှောက်၊ ရှေ့နောက်မညီ၊
အစီအစဉ်၊ အလျဉ်မသင့်၊
တဖျင့်တပါး၊ ရယ်ဖွယ်များခဲ့။
ဘိုးဘွားမိဘ၊ သူကြီးမ ၊
မလျှမည်ျိုး၊ မစိုးမရိမ်၊
နတ်စည်းစိမ်သို့၊ ရွှေအိမ်ဘုံမြင့်၊
ခုနစ်ဆင့်ဝယ်၊ နေလင့်ကစား၊
ပြာသာဒ်ဖျားဝယ်၊ နားသည့်ကျီးမျှ၊
ပမာကျလိမ့်။
အင်္ဂပစ္စင်၊ သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊
နှံ့သာလှိုင်ခြင်း၊ ငုက်နံ့တင်းမူ၊
အဆင်းလှဆန်း၊ 'လူ့ပေါက်ပန်း' ဟု၊
သွမ်းမှန်းသိတွေ ၊ ကဲ့ရဲ့လေအံ့။
လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး၊
မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ၊ လိုခါမရ၊
တောင့်တစိုးရိမ်၊ ဖန်ကြိမ်များစွာ။
အိုသောအခါလည်း၊
မဟာဒုက္ခ၊ တွင်းဆုံးကျသည်၊
နောင်တနှလုံးမငြိမ်တည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် တင်ပြသွားလိုက်ပုံကို သေချာကြည့်လိုက်မယ်ဆိုရင် အလွန်စည်းစည်းလုံးလုံးရှိတဲ့ 'စာစီစာကုံး' လေးတစ်ပုဒ်လို ဖြစ်နေတာ တွေ့ကြရပါလိမ့်မယ်။ ခွဲခြမ်းစိတ်ဖြာ ကြည့်လိုက်ရင် -

**ဖွဲ့စည်းပုံ**

ငယ်စဉ်အခါမှာ ပညာမသင်ဘဲ ပေါ့ပေါ့လွှင်လွှင် နေခဲ့ရင် -

၁။ ပြဿနာပေါ်လာရင် လူကြားထဲမှာ မပြောဝံ့မဆိုတတ် ငုတ်တုတ်ခံနေရတတ်တယ်။

၂။ ပြောလိုက်ပြန်ရင်လည်း အိုးနင်းခွက်နင်းနဲ့ ပြဿနာအသစ်ပေါ်တတ်ပြန်တယ်။

၃။ မိဘဘိုးဘွားကြောင့် ချမ်းသာစွာနေနိုင်ဦးတော့ လူပေါကြီးဖြစ်နေတတ်တယ်။

၄။ ရုပ်ချောနေဦးတော့ အနှစ်ဗလာ ဆင်းရူပါဆိုတာမျိုး ဖြစ်နေတတ်တယ်။

၅။ အမြဲမပြတ် ခြေလက်လှုပ်ရှားရုန်းကန်ပြီး နေ့စာညစာပူပန်နေရတတ်တယ်။

၆။ အိုမင်းလို့ မလုပ်နိုင်တော့မှ ဒုက္ခကြီးစွာ ရောက်ပြီး ပညာမသင်ခဲ့မိတာကို နောင်တရတတ်တယ်။

(ဒါကြောင့် -- ငယ်ရွယ်စဉ်မှာ ပညာကိုသင်ပါ။)



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ရဲ့ အချက်အလက် စီစဉ်သွားပုံ မကောင်းပေဘူးလား။ ငယ်ရွယ်စဉ်မှာ 'ပညာမသင်ခဲ့ရင်' ဆိုတဲ့ အဆိုကလေးကို မူတည်ပြီး သက်ရောက်လာမယ့် အကျိုးတရားတွေကို တန်းစီပြီးရေးသွားတာပဲ။အသီးတစ်ရာ အည္ဟာတစ်ခုဆိုတာမျိုးပေါ့။ ဒီကဗျာပိုဒ်ကလေးကို စီကာစဉ်ကာ စကားပြေပြန်လိုက်ရင် အလွန်သပ်ရပ်တဲ့ စာစီစာကုံးကောင်းလေး တစ်ခုဖြစ်သွားမှာပါ။ လူငယ်ဘဝ မိဘရှိန်ဝါချမ်းသာမှု မာန်တက်တာမျိုးလည်းရှိတတ်တယ်၊ ရုပ်ကလေး ချောတာကြောင့် အလှမာန်တက်တာလည်း ရှိတတ်တယ်။ အဲဒါလေးတွေကိုလည်း ထောက်ပြလိုက်သေးတယ် မဟုတ်လား။

## လူပုံအလယ်မှာ

ကဲ - ဆရာတော့်စကားကို အသေးစိတ်သုံးသပ်ကြည့်လိုက်ကြရအောင် -

**"သကျရုပ်၊ ကြံ့ကြံ့သမျှ ၊ ထောင့်တရာရာ၊ တတ်ကောင်းစွာသား၊ ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို၊ ငယ်ကမသင်၊ ပျော်ပါးလွှင်မူ"** တဲ့။

(သကျရုပ်) မိမိ စွမ်းဆောင်နိုင်သော၊ မိမိတို့ သန်ရာသန်ရာဖြစ်သော အသိပညာ၊ အတတ်ပညာ၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခုကို ငယ်ငယ်မှာ သင်ယူကြပါ။ ပေါ့ပေါ့လွှင့်လွှင့် မနေကြပါနဲ့။

"လူ့ကိစ္စ" ဆိုတဲ့ စကားလုံးကို သတိထားမိကြရဲ့လား။ ရဟန်းကိစ္စမဟုတ်ဘူးပေါ့။ ရဟန်းတို့ မည်သည်မှာတော့ဖြင့် လောကီအတတ်ပညာတွေ ဘာတွေကို စိတ်ဝင်တစား လိုက်စားနေဖို့ မလိုဘူး၊ မဂ်ဖိုလ်ရောက်ကြောင်းကိုသာလျှင် အားထုတ်ကြရတယ်။ ဆရာတော်က သူ့တပည့်အများစုဟာ ကျောင်းမှာ ခဏနေပြီး လူဝတ်ကြောင်ဘဝကို ပြန်ရောက်ကြတော့မယ်ဆိုတာ သိနေတာကိုး။ ဒါကြောင့် လူ့လောကအလယ်မှာ တင့်တင့်တယ်တယ် နေနိုင်ကြအောင် ဆုံးမလိုက်တာပါ၊ တကယ့် ကျေးဇူးရှင်ကျောင်းဆရာကြီးတွေပါပဲ။

အဲဒီလို ငယ်ရွယ်စဉ်အခါမှာ ပညာမသင်ဘဲ ပေါ့ပေါ့လွှင့်လွှင့်နေခဲ့ရင် **"အကြွင်းသူအား၊ စကားချေတင်၊ သဘင်မပြဲ့၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ ၊ ညှိုးမျက်နှာနှင့် ၊ ရွံရှာလန့်ထိတ် ၊ အသံဆိတ်၏"** တဲ့။

'စကားချေတင်' ဆိုတာကို ရုတ်တရက် ကြည့်လိုက်ရင် သာမန်စကားအချေအတင် ပြောတာ လောက်လို့ ထင်စရာ အကြောင်းရှိတယ်။ ဆရာတော် ပြောတာက အဲဒါမျိုးလောက်ကို ဆိုလိုတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



လူ့လောကထဲမှာ နေလိုက်ပြီဆိုရင် ပြဿနာ အရှုပ်အရှင်းဆိုတာ ရှောင်လွဲလို့ရတာ မဟုတ်ဘူး၊ စကားများစရာ၊ ငြင်းခုန်စရာ ပေါ်လာတတ်စမြဲ မဟုတ်လား။ ယုတ်စွအဆုံး ကက်ဆက်သံ အကျယ်ကြီးဖွင့်တာ၊ ဂစ်တာတီး သီချင်းဆိုတာမျိုးကြောင့် ဟိုဘက်ခန်း၊ ဒီဘက်ခန်း စကားများပြီး ရပ်ကွက်/မြို့နယ် ရုံးတွေကိုရောက်လို့ စကားချေတင် ပြောချင် ပြောရတာမျိုးကိုး။ ဒီလိုအခါမျိုးမှာ ကိုယ်က ပညာမတတ်ရင် ‘ခွေးအကြီး လှည်းနင်းထားသလို’ ဆိုတာမျိုး သူ့တပည့်တွေကို မဖြစ်စေချင်ဘူး။

ဘာမှလည်း နားမလည်ဘဲ စွတ်ပြီး ပြောလိုက်ပြန်တော့လည်း လိပ်ပတ်လည်အောင် မပြောတတ်ဘဲ ဟိုရောက် ဒီရောက်သော်လည်း ဖြစ်နေတတ်တယ်။ နားထောင်တဲ့လူတွေက သူဘာပြောချင်တယ်ဆိုတာကို မသိတော့ဘူး။ ဒါမှမဟုတ်ရင်လည်း သက်ဆိုင်ရာ ရပ်ကွက်မြို့နယ်လူကြီးတွေကို ထိပါးတဲ့ အဖြစ်ကို ရောက်သွားပြန်တော့ ပြဿနာအသစ်တတ်ကုန်ပြန်ရော။

ရေးနေရင်းပဲ သတိရမိလို့ ကြုံခဲ့ရတဲ့ ရယ်စရာ အဖြစ်ကလေးတစ်ခုကို ပြောလိုက်ရဦးမယ်။

ကျေးရွာ သမဝါယမ အစည်းအဝေးလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှာပေါ့။

ဥက္ကဋ္ဌက ပစ္စည်းတွေ မဲချပေးမယ့် အကြောင်း မဲကို ဘယ်လိုနှိုက်ရမယ်၊ ဘယ်လိုဖွင့်မယ်ဆိုတဲ့ အကြောင်းတွေကို ရှင်းပြတာပါ။

သူက - "ဒီဖလားထဲမှာ အိမ်ထောင်စုဦးရေ အတိုင်း မဲတွေကို ထည့်ထားပါတယ်။ ဗလာမဲလည်း ပါတယ်၊ ပစ္စည်းမဲလည်းပါတယ်။ ကျွန်တော်က စပြီးနှိုက်တယ်ဆိုပါတော့. . ."

စကားမဆုံးသေးခင်မှာဘဲ လူတစ်ယောက်က ထတဲ့ပြီး - "ဟာ -- ခင်ဗျားက အရင်ဆုံးစနှိုက်လို့ ဘယ် ဟုတ်မလဲဗျ" တဲ့။

ဥက္ကဋ္ဌလည်း ဒေါကန်သွားပြီး -

"ဟေ့ကောင် -- ခွေးသား၊ ဒါ -- ဥပမာကွ၊ ဥပမာပြောတာ ၊ ငါအရင်ဆုံးနှိုက်မယ်လို့ ပြောတာ မဟုတ်ဘူး"

အစည်းအဝေးတစ်ခုလုံး ဝါးခနဲ ပွဲကျသွား တာပဲ။

အဲဒီသဘောမျိုး ဖြစ်တတ်တာတွေကို ဆရာတော်က ဆိုလိုတာ။ ပညာတတ်နည်းပါးတဲ့ ဝန်းကျင်တွေမှာ အစည်းအဝေးလုပ်ပြီ ဆိုရင် အဲဒီလို အဖြစ်မျိုးတွေ မကြာခဏ ကြုံကြရတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ရဦးမယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့ ခေါင်းဆောင်ကြီးများက ဒိုမီနီယန်မဟုတ်ဘဲ 'လုံးဝလွတ်လပ်ရေး' ကို တောင်းဆိုနေချိန်မှာ တစ်ပြည်လုံးကလည်း 'လုံးဝလွတ်လပ်ရေး' အဆိုကို ထောက်ခံကြောင်း အနယ်နယ်မှာ လူထုစည်းဝေးပွဲကြီးတွေလုပ်ပြီး ထောက်ခံပွဲ လုပ်ကြတယ်။ လူထုစည်းဝေးပွဲတွေ လုပ်စဆိုတော့ လူထုက လူထုအစည်းအဝေးပွဲတွေနဲ့ မယဉ်ပါးလှသေးဘူး။ ကျေးရွာစု လူထုအစည်းအဝေးပွဲတစ်ခုမှာ စင်မြင့်ပေါ်က ကျေးလက်ခေါင်းဆောင်တစ်ယောက်က 'လုံးဝလွတ်လပ်ရေး' အဆိုကို ထက်ထက်သန်သန် ပြောပြီး ဒေါနဲ့မောနဲ့ နိဂုံးချုပ်လိုက်တယ်။ လက်ခုပ်သံတွေ ဝေါခနဲပေါ့။

ဒီတော့မှ ပရိတ်သတ်ထဲက လူတစ်ယောက်က မတ်တပ်ရပ်တဲ့ပြီး -- "အဲဒီအဆိုကို ကျွန်တော်က လေးလေးနက်နက်ကြီး ကန့်ကွက်ပါတယ်ခင်ဗျား" လို့အော် လိုက်တာ ပရိတ်သတ်ကြီးတစ်ခုလုံး အံ့အားသင့်ပြီး ငြိမ်ကျသွားတာပါပဲ။ သဘာပတိလုပ်သူလည်း ရုတ်တရက် ကြောင်သွားတာပေါ့။ နောက်မှ အဲဒီလူကို ဘာကြောင့် ကန့်ကွက်ရပါသလဲလို့ လှမ်းမေးလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သဘောကျလွန်းလို့ပါခင်ဗျား"

တဲ့။

လူတွေလည်း အဲဒီတော့မှ အလုံးကြီးကျပြီး ဝေါခနဲ ဖြစ်သွားကြတယ်။

ဒါကြောင့် ဆရာတော်က 'တဖျင့်တပါး၊ ရယ်ဖွယ်များခဲ့' လို့ ရေးခဲ့တာ။ ကဲ - - နောက်တစ်ပိုဒ်ကို ကြည့်လိုက်ကြဦးစို့ --

**မိဘချမ်းသာလို့**

**"ဘိုးဘွားမိဘ ၊ သူကြီးမ ၍ ၊ မလျှည့်သို့၊ မစိုးမရိမ်၊ နတ်စည်းစိမ်သို့ ၊ ရွှေအိမ်ဘုံမြင့် ၊ ခုနစ်ဆင့်ဝယ်၊ နေလင့်ကစား၊ ပြာသာဒ်ဖျားဝယ် နားသည့်ကျီးမျှ၊ ပမာကျလိမ့်"** တဲ့။

အဲဒါကတော့ ဥစ္စာခနေ ပြည့်စုံကြွယ်ဝတော့ ပိုက်ဆံရှိရင် ငွေရှိရင် လောကမှာ အရာရာပြီးမြောက်နိုင်တယ်၊ ပညာဆိုတာ မလိုပါဘူးဆိုပြီး မိဘကျေးဇူးနဲ့ ဂုဏ်မောက်နေချင်တဲ့ တပည့်တွေကို သတိပေးလိုက်တာပါပဲ။

'ပြာသာဒ်ဖျားမှာ နားနေတဲ့ ကျီးကန်းဟာ ကျက်သရေ တစ်ပြားသား တိုးမလာပါဘူး' လို့ ပြောလိုက်တာဟာ မထိမိပေဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မြန်မာပြည် ရှေးခေတ် ဘုန်းတော်ကြီးကျောင်းတွေမှာ ဆင်းရဲချမ်းသာ ခွဲခြားတာမှ မဟုတ်ဘဲ၊ လူချမ်းသာတွေရဲ့ ရင်သွေးတွေကလည်း ပါနေတာကိုး။အဲဒီ ကလေးတွေကလည်း မိဘရဲ့ ဘုန်းရိပ်ကံရိပ်နဲ့ဘဝ မြင့်နေတာကို အဟုတ်ထင်ပြီး ပညာဘက်မှာ စိတ်ထက်သန်မှု လျော့ကျသွားမှာ စိုးရိမ်လို့ သတိပေးလိုက်တာပါပဲ။ မင်းတို့ လူပေါ်ကြီးတွေ ဖြစ်နေမယ်နော်လို့ ပြောလိုက်တာပေါ့။ ပါမောက္ခချုပ်ကြီး ရှင်မဟာရဋ္ဌသာရဟာ ထောင့်မစေ့ပေဘူးလား။ ဒါတင် မဟုတ်သေးဘူး၊ ဆက်ကြည့်လိုက်ပါဦး . . .

**ရုပ်ချောလို့**

**"အင်္ဂပစ္စင်၊ သွင်ပြင်ရုပ်ဝါ၊ ပြည့်စုံပါလည်း၊ နံ့သာလှိုင်ခြင်း၊ ဂုဏ်နံ့ကင်းမူ၊ အဆင်းလှဆန်း၊ 'လူ့ပေါက်ပန်း' ဟု၊ သွမ်းမှန်းသိထွေ၊ ကဲ့ရဲ့လေအံ့"**တဲ့။

တချို့ကျပြန်တော့ ရုပ်ကလေး ချောတာကြောင့် ပတ်ဝန်းကျင်က ဦးစားပေးခံရတာမှာ မိန်းမူးနေတတ်ကြသေးတာကိုး။ ယောကျ်ားလေးတွေမှာကောအဲဒီလို လူမျိုးတွေ မရှိဘူးလားဆိုရင် ရှိတော့ ရှိတာပါပဲ။ ဒါပေမယ့် မိန်းကလေးတွေထဲမှာပိုပြီး



www.burmeseclassic.com

www.burmeseclassic.com



များတတ်တယ်။ ဒါပေမယ့် မိန်းကလေးတွေဟာလည်း (အထူးသဖြင့် ဒီကနေ့လောကမှာ) ပညာတတ်ဖို့ လိုအပ်လာတယ်လေ။

'သွမ်း' ဆိုတာက 'ရှုးသွမ်း' တာကိုပြောတာ၊ ပေါသွပ်သွပ်ပေ့ါ။ ငါကတော့ အတန်းထဲမှာ စာသင်ရင် "ကောင်မလေးတွေနော် - နင်တို့ ရုပ်ချောတယ်ဆိုပြီး ပညာကို ပစ်မထားနဲ့၊ အတော်ကြာတော့ 'ရုပ်ကလေး ကတော့ချောပါရဲ့၊ ဒါပေမယ့် ပညာမတတ်တော့ ချောပေါကြီးပါကွာ' လို့ အပြောခံနေရဦးမယ်" လို့ ပြောမိလေ့ရှိတယ်။

ဆရာတော့်စာကို သင်နေတာဆိုတော့ ဆရာတော့်အလိုနဲ့ ညီအောင်လည်း လုပ်ရ တာပေ့ါ။ နောက်တစ်ပိုဒ် ဆက်လိုက်တော့ -

**နေ့စာနေ့ ညစာည**

**"လုပ်ခြေလုပ်လက်၊ စဉ်ဆက်နည်းမှီး၊ မကျင့်သီးသော်၊ ချည်းနှီးဥစ္စာ၊ လိုခါမရ၊ တောင့်တစိုးရိမ်၊ ဖန်ကြိမ်များစွာ"** တဲ့။

အလုပ်နဲ့လက်နဲ့ အပြတ်ခံလို့ မရဘူး။ နေ့စာနေ့ - ညစာည ရှာစားနေရတတ်တယ်။ စဉ်ဆက်နည်းမှီး ဆိုတာက စဉ်ဆက်မပြတ် ကျင့်သုံး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကိုင်နေရတတ်တယ်လို့ ပြောချင်တာပါ။ မလုပ်ရင် မရတော့ဘူး။ ပူပင်နေရပြီ။ မနက်စာ စားပြီးပေမယ့် ညစာအတွက် ရတတ်မအေးရသေးဘူး ဆိုတာမျိုး သူ့တပည့်တွေဖြစ်နေရှာမှာ ဆရာတော်က အလွန် စိုးရိမ်တော်မူရှာတယ်။

"ဟောဒီခြေထောက် နှစ်ချောင်းရှိနေသမျှ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးကွ ၊ ဆိုက်ကားနင်းစား ရင်တောင် ထမင်းနှစ်နပ်တော့ စားနိုင်တယ်" ဆိုတဲ့ မာန်ဟာလည်း ဟုတ်တော့ ဟုတ်တာပဲ။

ဆရာတော်က "အေး -- ကောင်းပြီ၊ အဲဒီခြေ နှစ်ချောင်းက မလုပ်နိုင်တဲ့ အိုမင်းလာလို့ မစွမ်းတဲ့ဘဝ ရောက်သွားတော့ မင်းဘာလုပ်မလဲ၊ ဒုက္ခဟူသမျှရဲ့ တွင်းဆုံးထိအောင် ကျသွားတော့မှာပေါ့။ အဲဒီ ကျတော့မှ ငယ်ငယ်က ပညာမသင်ခဲ့မိတာ မှားလေ ခြင်းလို့ နောင်တကြီးစွာ ရနေတော့မှာပေါ့။ အဲဒီလို မဖြစ်စေချင်လို့ အခုလို ငယ်ရွယ်စဉ်ကာလမှာ ပညာကို ကြိုးစားသင်ကြပါလို့ ဆုံးမရတာပေါ့"

ဆရာတော်ရဲ့ (Essay) စာစီစာကုံး (သို့မဟုတ်)စာ တမ်းငယ်ကလေးဟာ သေချာစူးစမ်း ကြည့်လိုက်တော့မှ စည်းလုံးမှုကော မကောင်းပေ ဘူးလား၊ အချက်အလက် တင်ပြပုံ၊ လက်တွေ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



သာဓကပြပုံ၊ ဥပမာပေးပုံတွေကော မကောင်းပေဘူးလား၊ အဘက်ဘက်က အကြည့်ခံတဲ့ စာပေပါပဲ။

ကဲ . . ဆရာတော် ပြောသွားလိုက်တာ ရေပက်မဝင်အောင် ကျိုးကြောင်း မခိုင်လုံဘူးလား၊ တပည့်တွေအပေါ် ထားလိုက်တဲ့ ဆရာတော်ရဲ့ မေတ္တာတရား၊ စေတနာတရားကကော ကြည်ညိုစရာ မကောင်းပေဘူးလား။

ဒီစာဟာ သူ့ခေတ် သူ့အခါမှာသာ မဟုတ်ဘဲ ငါတို့ခေတ် လူငယ်တွေအဖို့မှာကော တန်ဖိုး မရှိပေဘူးလား၊ နောင်ခေတ်တွေအတွက်ကော အသုံးမဝင်ပေဘူးလား။ ဂန္တဝင်ဆိုတာ အဲဒါပါပဲ။

ငါဖြင့်လေ တစ်ခါတစ်ရံ (စိတ်ကူးယဉ်တယ်ပဲဆိုဆို) ဆရာတော် ပျံလွန်တော်မူတဲ့အခါမှာ သူ့တပည့်တွေ ဘယ်လောက်များ ဝမ်းပန်းတနဲ ငိုလိုက်ကြမလဲလို့ တွေးမိတယ်။ သူတို့အဖို့ ရွှေတောင်ကြီး ပြိုလိုက်သလို ဖြစ်သွားပေမှာပေါ့။ ကျေးဇူးတော်ရှင်ကြီး မျက်ကွယ်ပြုသွားပြီပေါ့။

## ရှာဖတ်ကြည့်ကြစမ်းပါ

ဆရာတော်ဟာ ပျို့လင်္ကာကြီးတွေအပြင် ရတုများစွာကိုလည်း ရေးခဲ့ပါသေးတယ်။ 'နှစ်မ



www.burmeseclassic.com

www.burmeseclassic.com



လက်သွေ့ ၊ နေလေတော့’ တို့ ၊ ‘မြတ်မျိုးမြင့်မှန်’ တို့ ‘ပုရေနိသင်’ တို့ ‘ဝဏ္ဏပဘာ’ တို့ဆိုတာတွေဟာ အလွန်လှ အလွန်လူကြိုက်များတဲ့ ကဗျာတွေပါပဲ။

အဲဒါတွေကိုတော့ဖြင့် ‘မြန်မာစာညွှန့်ပေါင်းကျမ်း’ တွေမှာ ရှာပြီးဖတ်ကြပေ့ါ။

(ရွှက်နုဝေ၊ နိုဝင်ဘာလ ၊ ၁၉၉၈)

ငါကတော့
အတန်းထဲမှာ စာသင်ရင်
“ကောင်မလေးတွေနော် - -
နင်တို့ ရုပ်ချောတယ်ဆိုပြီး ပညာကိုပစ်မထားနဲ့၊
အတော်ကြာတော့
‘ရုပ်ကလေးကတော့ ချောပါရဲ့၊
ဒါပေမယ့် ပညာမတတ်တော့
ချောပေါကြီးပေ့ါကွာ’ လို့ အပြောခံရနေဦးမယ်” လို့
ပြောမိလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com

ရှုမှူးရေး ဂန္ထဝင်စာပေ




www.burmeseclassic.com

www.burmeseclassic.com

## လူမှုရေးဂန္ထဝင်စာပေ

စာပေသမိုင်းကိုလေ့လာကြတဲ့အခါမှာ ရသစာပေကိုသာ အလေးထားပြီး ပြောကြဆိုကြလေ့ ရှိပါတယ်။ လူမှုရေးနဲ့ ပတ်သက်တဲ့စာပေတွေကိုဆိုရင် စာရင်းမသွင်းကြသလို ဖြစ်နေတာဟာ မပြည့်စုံဘူးလို့ ထင်မိတယ်။ အထူးသဖြင့် လူပျိုပေါက်ဘဝ ရှင်သာမဏေအဖြစ်နဲ့ သင်ကြရတဲ့စာပေတွေဟာ မြန်မာလူမျိုး လူငယ်တွေအတွက် တကယ်ကို အရေးပါတဲ့ စာပေတွေဖြစ်တယ်ဆိုတာ ပြောချင်နေတာကြာပါပြီ။ အခုတော့ဖြင့် အကြောင်းအားလျော်စွာ ပြောခွင့်ကြုံလာတာကြောင့် ထည့်ပြီး ပြောလိုက်ရပါတော့မယ်။

'ရွှေရိုး' လို့ မြန်မာနာမည်ယူပြီး မြန်မာအကြောင်းကို ရေးခဲ့တဲ့ 'ဆာဂျော့စကော့' ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက မြန်မာလူမျိုးတွေမှာ သားယောကျ်ားလေး တစ်ယောက် အရွယ်ရောက်စပြုလာရင် မိဘတွေက သူ့ကို ရှင်ပြုပေးဖို့အတွက် စိတ်စောနေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူကတော့ မင်ကြောင်ထိုးဖို့အတွက် စိတ်စော နေတယ်လို့ ရေးသားခဲ့ပါတယ်။

မိဘတွေကလည်း သားယောက်ျားလေး တစ်ယောက် ရလိုက်ပြီဆိုရင်ပဲ သာသနာ့ ဒါယကာ ဖြစ်နိုင်ပြီလို့ ဝမ်းသာတာကိုး။ သားယောက်ျားလေး မရှိတဲ့သူဆိုရင် သူတစ်ပါးရဲ့သားယောက်ျားလေးကို ခခယယ တောင်းပန်ပြီး ရှင်ပြုရတာကလား။ သည်တော့ ဘာဖြစ်သွားသလဲဆိုရင် ရှင့်ဒါယကာဟာ အဲသည်ကလေးငယ်ရဲ့ မိဘလိုကို ဖြစ်သွားတာ။ မွေးစားလိုက်သလိုမျိုးပေ့ါ။ ဒီတော့ မိရင်းဖရင်းတွေက ရှင်ပြုဖို့ တယ်ပြီးမပေးချင်ကြဘူး။ ဆင်းရဲလွန်းမက ဆင်းရဲမှ သို့မဟုတ် မလွဲမကင်းသာလောက်အောင် ရင်းနှီးနေမှ သို့မဟုတ် ဆွေမျိုးကြီးထဲက ဖြစ်နေမှသာ ကိုယ့်သားသမီးကို ရှင်ပြုခွင့်ပေးကြတာ။ ဒီနေရာမှာ ပြောချင်တာက ရှေးခေတ် မြန်မာလူမျိုးတွေအဖို့ ရှင်ပြုတယ်ဆိုတာ ဘယ်လောက်အရေးကြီးတဲ့ ဘဝ ကိစ္စကြီးဖြစ်တယ်ဆိုတာကို သတိပြုမိစေချင်လို့ပါပဲ။

သားလူပျိုပေါက်ကလည်း မင်ကြောင် ထိုးဖို့ ကိုပဲ အရေးတကြီး စိတ်စောနေတာကတော့ သူဟာ ယောက်ျားရင့်မာကြီး တစ်ယောက်ဖြစ်ပြီဆိုတာကို ပြချင်လို့ပါပဲ။ တိုတိုပြောလိုက်ရရင်တော့ မိန်းမပိုးချင်



www.burmeseclassic.com

www.burmeseclassic.com



နေပြီပေါ့။ ကောင်မလေးတွေ ရေခတ်တဲ့လမ်းမှာ မင်ကြောင်ပေါ်အောင် ပုဆိုးခါးတောင်ကျိုက်ပြီး ခြင်းခတ်ချင်လှပြီပေါ့။

မြန်မာလူမျိုး ယောကျ်ားလေးတွေ မှန်သမျှ ဟာအနည်းဆုံး ခုနှစ်ရက်တော့ ကိုရင်ဝတ်ကြရတယ်။ အဲဒါဟာ မိဘတွေက အတိုင်းမသိ ဆင်းရဲလွန်းလို့ အိမ်မှာသူမရှိရင် မဖြစ်လို့ ခုနှစ်ရက်ပဲ ဘုန်းကြီးကျောင်း မှာ ထားနိုင်တာ။ သာမန်အားဖြင့်ဆိုရင် တစ်ဝါတွင်း တော့ဖြင့် ဝတ်ကြရတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ ကိုရင်မဝတ်မီ မှာကထဲက ကျောင်းသားအဖြစ် 'ဘော်ဒါ' ပို့ထားလေ့ ရှိကြတာကိုး။ 'ဘော်ဒါ' လို့ ဆိုလိုက်တော့ ခုခေတ် ဆယ်တန်းဘော်ဒါတွေမျိုး မထင်လိုက်နဲ့ဦး။ ရှင်မဟာသီလဝံသ တို့လို၊ ရှင်မဟာ ရဋ္ဌသာရ တို့လို ပါမောက္ခကြီးတွေ အုပ်ချုပ်တဲ့ ဘော်ဒါကြီးတွေကလား။ ဆရာတော်ကြီးတွေကလည်း နေပုံထိုင်နည်း၊ ပြောပုံဆိုနည်း၊ အများနဲ့ ဆက်ဆံပုံ ဆက်ဆံနည်းစတဲ့ လူမှုရေးရာတွေကို သင်ပေးတော် မူကြတယ်။ သူ့ခေတ်သူ့အခါမှာ တကယ့်ကိုပြည့်စုံတဲ့ တက္ကသိုလ်ကြီးတွေကို ပြောနိုင်ပါတယ်။

ဆရာတော်ကြီးတွေရဲ့ သွန်သင်မှုကို ဆုံးမစာတွေမှာ တွေ့နိုင်ပါတယ်။ နေမျိုးမင်းထင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ခေါင်ရဲ့'လောကနီတိပျို့' တို့ 'စဉ့်ပါဆရာတော်'ရဲ့ 'ဓမ္မနီတိချိုး' တို့ကို စာပေစာရင်းမှာ ထည့်ထားကြပါလျက် ရှင်မဟာသီလဝံသ နဲ့ ရှင်မဟာရဋ္ဌသာရတို့ရဲ့ ဆုံးမစာတွေကို စာပေစာရင်းမှာ ချန်ထားသလို မေ့မေ့လျော့လျော့ ဖြစ်နေတာ မသင့်ဘူးထင်နေတာ ကြာပါပြီ။ မျိုးဆက်သစ်တွေကို မိတ်ဆက်ပေးလိုက် ပါရစေ။

ရှင်မဟာ သီလဝံသ ဝါတော်ကြီးတာကြောင့်'တိလောကဟု' အစချီတဲ့ ဆရာတော်ရဲ့ ဆုံးမစာကို ပထမ သင့်နိုးရာရာ ကောက်နှုတ်ပြလိုက်ပါတယ်။ ကြည့်ပါ ဦး - -

*ဘုရားခြေရင်း၊ ကျောင်းတလင်းတွင် ၊ မြက်သစ်ပင်ကို၊ မြင်လျှင် မဖွယ်၊ မတင့်တယ်သော် လည်မပြတ် ၊ တံမြက်ခတ်။*

*သုံးဆောင်ရေနှင့် ၊ သောက်ရေအိုးတွင် ၊ ရေနည်းမြင်သော်၊ ခေါ်ငယ်ညီညွတ်၊ သွား ခပ်။*

*ရေခပ်သွားလည်း၊ ကစား သာမနေနှင့် ၊ ကစားသာ ၊ ရေမှာကြာသော် ၊ သဲဒဏ် ရေဒဏ် ၊ ပေးရန်မှန်သည်၊ ခံမည်သာကြံလော၊ မင်းတို့ကျော။*

သဲဒဏ်ဆိုတာ နိမ့်တဲ့နေရာ၊ ဗွက်ပေါက်နေတဲ့နေရာတွေကို သဲလောင်းပြီးဖို့ရတာ။ ရေဒဏ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက ဆွမ်းစားကျောင်းတို့ ကုဋီအိမ်တို့မှာ ရေဖြည့်ရတာ။ အရိုက်လည်း ခံတန်ရင် ခံရမယ်ပေါ့ကွယ်။

ကျောင်းသားတွေဆိုတာကလည်း တကယ်တော့ကလေး တွေ မဟုတ်လား။ ဒီတော့ ရေခပ်သွားရင်လည်း ကမြင်းကျောထချင် ထနေကြမှာပေါ့။ ကိုရင်ပေါက်စဆိုတာတွေကလည်း ဘာထူးတာမှတ်လို့ ငယ်ကြသေးတာကိုး။

အထက်မှာပြခဲ့တာတွေကတော့ ဘော်ဒါကျောင်းကြီးရဲ့ လိုအပ်ချက်လို့ ဆိုရမှာပေါ့။ စာသင်တဲ့အခါမှာလည်း ကလေးဆိုတာ စာကိုစိတ်ဝင်စားမှု ဘယ်မှာများများ ရှိနိုင်ပါ့မလဲ။ စာအံနေရင်း တောင်လုပ်မြောက်လုပ် ဆိုတာမျိုးလည်း ရှိနေမှာပဲပေါ့။

ဆရာတော်ရဲ့ ဆုံးမစာမှာ အဲဒါကို တွေ့လိုက်တော့ ကိုယ့်ငယ်ဘဝကို ပြေးလို့ မြင်ယောင်ပြီး ပြုံးလိုက်မိပါသေးတယ်။ ဖတ်ကြည့်စမ်းပါဦး --

*ငါကသည်စာ ၊ သည်ဂါထာကို၊ မြဲစွာကြပ်မတ်၊ဆရာ အပ်သော် ၊ တတ်လှစေချင်၊ ငါ့ကိုသင်ဟု၊ ထိပ်တွင်လည်းရွက် ၊ လျှင်လျှင်ရအောင်ကြိုးစားကျက်။*



www.burmeseclassic.com

www.burmeseclassic.com



*အချိန်တန် ၊ စာအံဆိုလျှင် ၊ မရွှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ ၊ ကြီးစွာဖန် ၊ မအံတစ်ခါ အံတစ်ခါနှင့်၊ မျက်နှာတစ်ပါး ၊ စာတခြားနှင့် ၊ စကားပြောဟော ၊ တသောသောသည်၊ ရယ်မောလည်းမနေနှင့်။*

'ထိုထိုအကြံ၊ ကြီးစွာဖန် 'ဆိုတဲ့စကားလုံးကိုတွေ့လိုက်တော့ ခုခေတ်ကျောင်းသားတွေသာ အကြံအဖန် လုပ်တာ မဟုတ်ဘူး။ အင်းဝခေတ်က ကျောင်းသား ကိုရင်တွေမှာလည်း 'အကြံအဖန်လုပ်တယ်' ဆိုတာ ရှိပါကလားလို့ ဒီစာကိုရေးနေရင်လဲ ပြုံးလိုက်မိပါသေးတယ်။ 'မျက်နှာတစ်ပါး၊ စာတခြားနှင့်' ဆိုတဲ့စကားလုံးဟာ ကျောင်းသား မောင်ရှင်ငယ်တို့ သွင်ပြင်ကို ကွင်းခနဲပေါ်လာစေတာပဲ။

သတိထားမိတာ တစ်ခုရှိသေးတယ်။ *'ဆုတောင်းခန်းပျို့' တို့၊ 'ပါရမီတော်ခန်းပျို့' တို့လို ခန့်ညားလေးနက်လှတဲ့ စာကြီးတွေကို ရေးခဲ့တဲ့ ဆရာတော်ဟာ ဆုံးမစာတွေမှာကျတော့ သိပ်ပြီး လွယ်ကူတဲ့၊ နေ့စဉ်သုံးနဲ့ နီးစပ်တဲ့ စကားအသုံးအနှုန်းတွေကိုသာ သုံးထားတာကို တွေ့ရတယ်။*

သူ့နေရာနဲ့ သူပေါ့နော်။ အပြောစကားဟန်ကို ယူသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဆိုနိုင်မယ်ထင်ပါတယ်။

အချင်းချင်း ဆက်ဆံရေးနဲ့ ပတ်သက်လို့ ဆုံးမထားတာကိုလည်း ကြည့်ပါဦး -

*သီတင်းသုံးချင်း၊ ချစ်ဟုန်ပြင်းသည်၊ ပခွင်းနှင့်ရှင်၊ ညီသွင်အစ်ကို၊ လွန်ကြည်ညိုသည်၊ ငါ့ကိုအဖ၊ မှတ်ကုန်ကြ။*

*ဖျားနာကျောင်းတွင်၊ ရှိခဲ့လျှင်သော်၊ ကြင်ကြင်နာနာ၊ ညီညီဖြဖြ၊ ဆေးဝါးပေး လုပ်ကျွေးကြ။*

*ရိုသေတုပ်ကွ၊ ဆည်းကပ်ကြလျက်၊ နေ့ညကြည်ဖြူ၊ နည်းခံယူ၊ ကြီးသူခေါ်က၊ ကြွကြွ လည်းလာ၊ ဗျာဗျာ ကျွန်ုပ်၊ ပုဆစ်တုတ်လျက်၊ ဖုံးအုပ် ခြေလက်၊ လွန်ငြိမ်သက်သည်၊ ကျောက်ထွက်လူပေ၊ ဆိုရစေ။*

'*ငါ့ကိုအဖ၊ မှတ်ကုန်ကြ*' '*ကျောက်ထွက် လူပေ၊ ဆိုရစေ*' ဆိုတဲ့စကားလေးတွေဟာ ပါမောက္ခ ဆရာတော်ကြီး ရှင်မဟာသီလဝံသရဲ့ ပညာရေး မေတ္တာကို အထင်းသားပြနေတယ်လို့ မခံစားလိုက်ရ ဘူးလား။

ဆရာတော် ရှင်မဟာသီလဝံသနဲ့ ခေတ်ပြိုင် ပါမောက္ခဆရာတော်ကြီး ရှင်မဟာရဋ္ဌသာ ရဲ့ ဆုံးမစာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ကြည့်ပါဦး -

သေတူရှင်ဘက် ၊ ဆောင်ရွက်မကင်း၊ အချင်းချင်းတွင် ၊ အခင်းကြီးငယ် ၊ ရှိခါဝယ်လည်း၊ မဖယ်မသွေ ၊ ညီညာကုန်း ၊ ရုန်းကြလေ။

တစ်ယောက်စကား ၊ တစ်ယောက်နားမှာ၊ မခါးရအောင် ၊ သတိဆောင်၊ မောင်တို့ဆိုလေ ပျားသကာသို့ ၊ ချိုလှစေ။

သေနှင့် အရက် ၊ စီးပွားပျက်ကို၊ တစ်စက် ကယ်မျှ ၊ မသောက်ကြနှင့် ။ ရှောင်ကြပါလေ၊ ရှင်တော် ဟောသည့် ၊ အဆိပ်ရေ။

ရှေးကစွန့်ကြဲ၊ ကံရင်းနဲ ၊ ဆင်းရဲခဲ့တုံ ၊ ကိုယ်မလုံလဲ၊ သူ့ဂုဏ်ပိုင်ပိုင် ၊ မဆပ်နိုင်သော် ၊ ကိုယ်တိုင်သူ့အိမ် ၊ ရောက်ခိုက်ကြိမ်က ၊ မထိမ်မမြုံး၊ ဘုရားဖူးသို့၊ ကျေးဇူးရှိထွေ ၊ သိတတ်စေ။

ဒီနေရာမှာ 'ဂုဏ်' ဆိုတာက ကျေးဇူးကို ပြောတာပါ။

'မဖယ်မသွေ၊ ညီညာကုန်း ၊ ရုန်းကြလေ' ဆိုတဲ့စကားလေးကို ဘယ်လို ချစ်မိမှန်းမသိဘူး၊ ဟိုး ကလေးဘဝ ခပ်ငယ်ငယ် ဘုန်းကြီးကျောင်းကို လူကြီးတွေနဲ့ လိုက်သွားရင်း ရှင်ကျင့်ဝတ်စာအုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ဖတ်လိုက်မိရာက အဲဒီစာပိုဒ်ကလေးကို တွေ့လို့ အထပ်ထပ် ဖတ်လိုက်မိတာ ခုထက်ထိစွဲနေတယ်။

'မောင်တို့ဆိုလေ၊ ပျားသကာလိုချိုလှစေ' တဲ့။ သူ့စကားလေးကကော ပျားသကာလို ချိုမနေပေဘူးလား။

'ရှောင်ကြပါလေ၊ ရှင်တော် ဟောသည့် ၊ အဆိပ်ရေ' ဆိုတာလေးကကော မလှဘူးလား။

ရှင်မဟာသီလဝံသ ၊ ရှင်မဟာရဋ္ဌသာရ လို့ ဆိုလိုက်ရင် 'ပါရမီတော်ခန်းပျို့' တို့ 'ကိုးခန်းပျို့' တို့လောက်ကိုသာ သိနေကြတယ်။ ဒါပေမယ့် ရှေးခေတ် မြန်မာစာပေလောက တစ်လျှောက်လုံးမှာ ကျွတ်ကျွတ်ညံ့နေအောင် ရွတ်ခဲ့ အံခဲ့တဲ့ စာတွေက ဒီဆုံးမစာတွေဖြစ်တယ်ဆိုတာကို သိစေချင်လို့ သီးသန့်တင်ပြလိုက်ရတာပါ။

ဒီဆုံးမစာတွေကို အာဂုံဆောင်ပြီး သီတင်းတစ်ပတ်မှာ သုံးခါလောက် သံပြိုင်ညီညာဆိုကြရတာ။ ဒါကြောင့် သက်ကြီးရွယ်အို ဖြစ်လာသည့်တိုင်အောင် မမေ့နိုင်ကြတော့ဘူး။ အကြောင်းကိစ္စ ပေါ်လာလိုက်တိုင်း ဒီဆုံးမစာကလေးတွေကို သတိရလိုက်၊ သူတို့တန်ဖိုးကို နက်နက်နဲနဲ ဆင်ခြင်မိလိုက် ၊ ကျောင်းသားဘဝလေးကို ပြန်ပြီးလွမ်းလိုက် ဖြစ်နေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှေးမြန်မာကြီးတွေကို မှန်းကြည့်စေချပါတယ်။

ဒီလို နှုတ်တိုက် ကျက်မှတ်ရတာတွေဟာဖြင့် ကြက်တူရွေးပညာရေးပဲ ဘာပဲညာပဲ စသည်ဖြင့် စွတ်ပြီးပြောဖို့တော့ အတော်လေးခက်တယ်။

ပြင်သစ်ပြည်ပေါက် အမေရိကန်စာပေဝေဖန်ရေးသမား၊ ဝတ္ထုရေးဆရာ 'ဂျော့ စတိန်း' က မတ်၊ ၂၆ ၊ ၉၂ 'ဂါးဒီးယန်း' ထဲမှာ ရေးထားတာကို ကြည့်ပါဦး -

*I owe everything to a system that made me learn by heart till I wept. As a result I have thousands of lines of poetry by heart. I owe everything to it.*

(မျက်ရည် ပေါက်ပေါက်ကျအောင် ကျက်ခဲ့မှတ်ခဲ့ရတဲ့ စနစ်ကြီးရဲ့ ကျေးဇူး ကျွန်တော့်မှာ အများကြီးရှိတယ်။ ခုထက်ထိ ကဗျာတွေကို တစ်ပုံတစ်ခေါင်းအလွတ်ရနေတယ်။ အဲဒါကြောင့်လည်း ကျွန်တော် ခုလိုဖြစ်လာတာ)

ရှင်မဟာသီလဝံသရဲ့ 'ပါရာယန' ၊ ရှင်မဟာရဋ္ဌသာရရဲ့ 'ကိုးခန်းပျို့' တွေအကြောင်းကို ရေးခဲ့ပြီးပါပြီ။ အဲဒီစာကြီး ပေကြီးတွေဟာ လေးနက်ခန့်ထည်ပြီး တန်ဖိုးကြီးမားတာ မှန်ပါတယ်။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှေးခေတ် မြန်မာ့လူ့ဘောင်ကို ထိန်းသိမ်းပေးခဲ့တာမှာတော့ဖြင့် ဒီဆုံးမစာတွေက ပိုပြီး တာဝန်ယူခဲ့ကြတယ်လို့ ထင်မိပါတယ်။

ဒီဆုံးမစာတွေလိုပဲ ထိရောက်တဲ့ လေ့ကျင့်ပေးမှု (training) ကလေးတစ်ခု အကြောင်းကိုလည်း ပြောလိုက်ချင်ပါသေးတယ်။ အဲဒါကိုတော့ဖြင့် စာပေစာရင်းမှာသွင်းလို့ ရမယ်မထင်ပါဘူး။ ဒါပေမယ့် မြန်မာလူငယ်တွေအဖို့ အလွန့်ကို အရေးကြီးတဲ့နေရာ မှာပါနေခဲ့တဲ့စာမို့ ဒီနေ့လူငယ်တွေ သိစေချင်တာကြောင့် ထည့်ပြီးရေးလိုက်ရတာပါ။ အဲဒါကတော့ 'သေခိယ' လို့ခေါ်တဲ့ 'ရှင်ကျင့်ဝတ်' ရှင်သာမဏေဝိနည်းပါပဲ။

နေနည်း ထိုင်နည်း ၊ လမ်းလျှောက်နည်း၊ စားနည်းသောက်နည်း ၊ ပြောနည်း ဆိုနည်း (manners) တွေ အားလုံးကို သင်ကြားလေ့ကျင့် ပေးလိုက်တဲ့ စာပါပဲ။

လမ်းလျှောက်ရင်း ခေါင်းခါ ခြေခါ မလုပ်ရဘူး၊ဆက်တောက် ဆက်တောက် မလျှောက်ရဘူး၊ မြောက်ကြွမြောက်ကြွ မလျှောက်ရဘူး၊ ဒူးထောင်ပေါင်ထောင်မထိုင်ရဘူး ဆိုတာမျိုးတွေက စပြီးလေ့ကျင့်စေတာပါပဲ၊ ရိပ်စားမိလောက်အောင် နဲနဲဖတ်ကြည့်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



*ပရိမဏ္ဍလံ၊ အဝန်းညီစွာ ၊ နိဝါသေဿာမိ ၊ သင်းပိုင်ကို ဝတ်ပါအံ့။* (လူဝတ်လဲလိုက်တော့ ပုဆိုးထောင့်ဆွဲ၊ ပုဆိုးချက်ပြုတ်ဆိုတာမျိုး မဖြစ်တော့ဘူးပေါ့)

အတိမဟန္တံ ၊ အလွန်ကြီးသော ၊ ကဗဠံ ဆွမ်းလုတ်ကို ၊ နကရိဿာမိ ၊ မပြုအံ့။

သကဗဠေန၊ ဆွမ်းလုတ်နှင့် တကွသော ၊ မုခေန၊ ခံတွင်းဖြင့် ၊ န ဗျာဟရိဿာမိ ၊ စကားမဆိုအံ့။

စပု စပု ကာရကံ ၊ စပ်စပ် စပ်စပ် အသံပြု၍ န ဘုဉ္ဇိဿာမိ ၊ မစားအံ့။

သုရုသုရု ကာရကံ၊ ရှုတ်ရှုတ် ရှုတ်ရှုတ် အသံပြု၍ နဘုဉ္ဇိဿာမိ မစားအံ့။

ရည်ရည်မွန်မွန် စားနည်းသောက်နည်း (table manners) တွေကို လေ့ကျင့် သင်ကြားပေးလိုက်တယ်ဆိုရမှာပေါ့။ အကြောင်းဆိုက်လာလို့ ပြောလိုက်ရဦးမယ်။

လူပျိုပေါက်သာသာလောက်က ဘုမသိဘမသိ နိုင်ငံရေးလောကထဲကို ရောက်သွားခဲ့ဖူးပါတယ်။ ဒီတော့ သူတို့ လူကြီးတွေပြောသံ ဆိုသံတွေလည်း ကြားနေရတာပေါ့။ တစ်နေ့မှာ နိုင်ငံကြီးတစ်ခုမှာ အမှုထမ်း နေရတဲ့ မြန်မာသံအမတ်ကြီးက ဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ပြောနေတာ ကြားလိုက်ရတယ်။ သူတို့ချင်းက ကျောင်းနေဘက် သူငယ်ချင်းတွေပါ။

*"ဟော့ကောင် - ပြောရဦးမယ်၊ မင်းတို့ကွာ ကိုယ်စားလှယ်အဖွဲ့တွေ ဘာတွေလွှတ်ရင်လူကိုတော့ နည်းနည်းပါးပါး ရွေးလွှတ်ပါကွာ။ တစ်ချို့ လူတွေက စားပွဲသောက်ပွဲ ရောက်ရင် ပါးစပ်က တပျပ်ပျပ်နဲ့၊ သိပ်စိတ်ပျက်ဖို့ကောင်းတယ်။ ငါက ဟိုမှာနေရတာကွ၊ မျက်နှာ ဘယ်လိုထားရမှန်းမသိဘူး"* တဲ့။

ကဲ - - အဲဒီလိုစဉ်းစားကြည့်လိုက်တော့ ရှေးခေတ် ဘုန်းတော်ကြီးကျောင်း ပညာရေးစနစ်ရဲ့ တာဝန်ယူသင်ကြားမှုဟာ အံ့ဩစရာ မကောင်းပေဘူးလား။ အဲဒီလို လေ့ကျင့်နေထိုင်ခဲ့ရတဲ့ ကိုရင်ကလေးက လူထွက်လာပြီး အိမ်ထောင်ဦးစီးဖြစ်လာတော့ သူ့သားသမီးတွေကို နေနည်းထိုင်နည်းက စလို့ သင်ပေးပြန်ဦးမှာပေ့ါ။ ဒါကြောင့် ဆရာတော် ပါမေက္ခကြီးရှင်မဟာသီလဝံသက 'ကျောင်းထွက်လူပေ ၊ ဆိုရစေ' လို့ ဆုံးမခဲ့တာပေ့ါ။

ဆရာတော်ကြီး နှစ်ပါးရဲ့ ဆုံးမစာတွေနဲ့ ရှင်ကျင့်ဝတ်ကို ဖတ်ကြည့်ကြစေချင်ပါတယ်။

(ရွှက်နုဝေ ၊ ဒီဇင်ဘာလ ၊ ၁၉၉၈)



www.burmeseclassic.com

www.burmeseclassic.com

# ချစ်သောသူများ



www.burmeseclassic.com

www.burmeseclassic.com

## ချစ်သောသူဇာ

'ဂန္တဝင်မိတ်ဆက်' ကို ရေးခဲ့တာ ငါးပုဒ်ရှိသွားပါပြီ။

ရေးပြီးခဲ့သမျှ တွေအားလုံးကို ကျေနပ် အားရမှုရှိပါရဲ့လားလို့ မေးရင် အားမရဘူးလို့ ဖြေရမှာပါပဲ။ ဒီထက်ပိုလို့ ရှာရှာဖွေဖွေ ဖတ်ပြီး ရေးနိုင်ရင် ကောင်းမှာပဲလို့ အားမလိုအားမရ ဖြစ်မိပါတယ်။ တကယ်တော့ စာကြည့်တိုက်မှာ တစ်နေကုန် သွားထိုင်ပြီး လုပ်ရမယ့် အလုပ်မျိုးဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလောက် ထိလည်း အချိန်မပေးနိုင်ဘူး။ "ဟယ် - သုတေသနစာတမ်းမှ မဟုတ်ဘဲ။ လူငယ်တွေကို မိတ်ဆက်ပေးရုံလေး ရေးတဲ့ဆောင်းပါးပဲ" လို့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ် ဖြေသိမ့်ပြီး တွန်းရေးနေရတယ်လို့ ပြောချင်ပါတယ်။ နောင်အခါ စုပေါင်းပြီး စာတစ်အုပ် လုပ်ဖြစ်ရင်တော့ဖြင့် တတ်နိုင်သမျှ 'လိုတိုး - ပိုလျှော့' တည်းဖြတ်ရဦးမှာပေ့ါလေ။

သမိုင်းစဉ်အတိုင်းပဲ ရေးသွားတော့မယ်လို့ အမှတ်မထင် စိတ်ကူးထားခဲ့မိပါတယ်။ နောက်တော့ သိပ်ပြီး ရှေးကျလွန်းတဲ့စာတွေကိုချည်း ဖတ်နေရရင်၊ တစ်နည်းအားဖြင့် 'စာလေးကြီး' တွေကိုချည်း ဖတ်နေရရင် (လူငယ်တွေအဖို့) ငြီးငွေ့စရာ ဖြစ်လာနိုင်တယ်လို့ အောက်မေ့လိုက်မိတယ်။ ဒါကြောင့် ပေ့ါပေ့ါပါးပါး စာကလေးတွေကိုလည်း အလှည့်ပေးလိုက်ရင် ကောင်းမယ်လို့ စဉ်းစားမိပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ "သူဇာပျို့" ကို မိတ်ဆက်ပေး လိုက်ပါ တယ်။ ဘာကြောင့် သူဇာပျို့ကို လူငယ်တွေနဲ့ မိတ်ဆက်ပေးရသလဲဆိုတာကိုတော့ နောက်ပိုင်းမှာ ဖတ်နေရင်း သိလာပါလိမ့်မယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော် လောက်က 'ချစ်သောသူဇာ' ဆိုတဲ့ ခေါင်းစဉ်နဲ့ပဲ ရှုမဝမဂ္ဂဇင်းမှာ ရေးခဲ့ဖူးပါသေးတယ်။ မြန်မာစာပေလောကမှာ 'သူဇာကိုလည်း မပစ်နဲ့ စာနုကိုလည်းမချစ်နဲ့' စကား ရှိပါတယ်။ သူဇာပျို့ရဲ့ ချစ်စရာ ကောင်းပုံကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို တင်ပြချင်တာကြောင့် ရေးခဲ့တာပါပဲ။ အဲဒီတုန်းကတော့ မဂ္ဂဇင်း အခြေအနေအရ တစ်လအတွက် ခပ်တိုတိုပဲ ရေးခဲ့ရပါတယ်။ အခုကမှာတော့ဖြင့် ဘာကြောင့် 'သူဇာကိုမပစ်နဲ့' လို့ဆိုကြသလဲ၊ ဘာကြောင့် 'စာနုကိုမချစ်နဲ့' လို့ဆိုကြသလဲ ဆိုတာတွေ ပေါ်လွင်အောင် သားသားနားနားလေး ရေးမယ်လို့ စိတ်ကူးထားပါတယ်။

အဲဒီအပြင် အခြားအကြောင်းတွေလည်း ရှိနေပါသေးတယ်။ သူဇာပျို့ကိုရေးဖွဲ့ခဲ့တဲ့ ဝန်ကြီးပဒေသရာဇာဟာ အံ့သြစရာကောင်းလောက်အောင် ပါရမီထူးခြားတဲ့ စာဆိုတော်ကြီးဖြစ်ပါတယ်။ ထူးခြားတဲ့အနုပညာရှင်တွေဟာ သူတို့ရဲ့ ခံစားချက်ကို တင်ပြတဲ့အခါမှာလည်း ထူးထူးခြားခြား ရိုးသားမှု ရှိတတ်တယ်လို့ ထင်မိပါတယ်။ ဝန်ကြီးရဲ့ အနုပညာ ရိုးသားမှု အကြောင်းတွေကို နောက်ပိုင်းမှာ သာဓကတွေပြသွားပါမယ်။

ဝန်ကြီးပဒေသရာဇာဟာ ဆင်းရဲသားအလုပ်သမားတွေရဲ့ ဘဝကိုလည်း စေ့စေ့စပ်စပ် ကြည့်တတ်မြင်တတ်ရုံမက သူတို့ဘဝစရိုက်ကိုပါ ကွက်ကွက်ကွင်းကွင်း ပေါ်လွင်အောင် ရေးတတ်ဖွဲ့တတ်တယ်ဆိုတာကို သူရေးခဲ့တဲ့ 'ထန်းသမားဖွဲ့'



www.burmeseclassic.com

www.burmeseclassic.com



'လယ်သမားဖွဲ့' 'လှေသမားဖွဲ့' တျာချင်းတွေကို ကြည့်လိုက်ရုံနဲ့ပဲ သိသာနေပါတယ်။ ဆရာဇော်ဂျီဆိုရင် ဝန်ကြီး ပဒေသရာဇာကို အလွန်ကို လေးလေးစားစား အံ့သြချီးကျူးတယ်။ 'ရှေးကစာပေသစ်' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆောင်းပါးတွေ ရေးခဲ့ပါသေးတယ်။

'သူဇာပျို့' မှာတော့ဖြင့် ဇာတ်ကောင်တွေရဲ့ စရိုက်နဲ့ အမူအရာကို ဖော်ပြရာမှာ တချို့ဒီခေတ် ဝတ္ထု ဆရာတွေတောင် လိုက်လို့မမီနိုင်အောင်ပါပဲလို့ ပြောချင်ပါတယ်။ မိဘတွေရဲ့ ချစ်ခြင်းမူရာ၊ မောင်နှမ သားချင်းတို့ရဲ့ ချစ်ခြင်းမူရာ၊ ချစ်သူတို့ရဲ့ ချစ်ခြင်းမူရာ တွေသာမက ဆင်ကောင်း မြင်းကောင်းတို့ရဲ့ အမူ အရာကိုပါ ပေါ်လွင်အောင် ရေးဖွဲ့ခဲ့တာ အံ့သြစရာ ကောင်းလှပါပေတယ်။

စင်စစ်မြန်မာစာပေသမိုင်းမှာ ဂုဏ်ယူ လောက်တဲ့ ပျို့ကြီးတစ်စောင် ဖြစ်နေပါလျက် ထိုက်ထိုက်တန်တန် အရေးတယူ 'ဗန်းတင်ပြခြင်း' မခံ ရတာဟာ ရာဇရေး၊ ဓမ္မရေး၊ လောကရေးဆိုတဲ့ ရှေးခေတ်ဝေဖန်ရေး ပေတံတွေနဲ့ ဘောင်မဝင်တာ ကြောင့်လား လို့တောင် ထင်မိပါတယ်။

ဝန်ကြီး ပဒေသရာဇာ ကိုယ်တိုင်ကလည်း အဲဒီလိုပေတံတွေကို အလေးမူခဲ့ဟန် မတူဘူး၊ ဝတ္ထု



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်ကို ရေးပြီဆိုရင် ဝတ္ထုပြီသဖို့ပဲ ဂရုပြုတယ်၊ တခြားမှတ်သားဖွယ်၊ တရားကျဖွယ် ဆိုတာမျိုးတွေကို အသားမပေးဘူး။ ဇာတ်ကောင်တွေရဲ့ စရိုက်မူရာနဲ့ 'ရသ' ကိုသာလျှင် အာရုံပြုတယ်လို့ ဆိုရပါမယ်။

ဗုဒ္ဓဘာသာရဲ့ အဆုံးအမအရဆိုရင်လည်း ဒီလိုဇာတ်ဝတ္ထုဆိုတာမျိုးတွေကို 'သမ္ဖပ္ပလာပဝါစာ' ပြိန်ဖျင်းသောစကားထဲမှာ ထည့်ထားတာ မဟုတ်လား။ ဒီကနေ့ ကာလပေါ်ဝတ္ထုတွေရဲ့ အစပိုင်းဆရာတွေတောင် အဲဒီပေတံတွေကို ကြောက်ကြတယ်။ ဒါကြောင့်သူတို့ ဝတ္ထုတွေဟာဖြင့် စာဖတ်သူကို အကျိုးပြုပါတယ်။ မှတ်သားစရာ ဆင်ခြင်စရာ သင်ခန်းစာယူစရာတွေ ပါပါတယ် ဆိုတာမျိုး ပြောနိုင်အောင် တမင်ထည့်ပြီး ရေးခဲ့ကြရသေးတယ်။ တချို့ဝတ္ထုဆရာတွေဆိုရင် ဒန်ပေါက်ချက်နည်း၊ အမဲသားနှပ်နည်း ဆိုတာမျိုးတွေကိုတောင် မဆီမဆိုင် ဇာတ်ဝင်အောင် ထည့်ရေးခဲ့တာတွေရှိတယ်။ မှတ်သားစရာတွေ ပါပါတယ်ပေ့ါ။

သူဇာပျို့ကို လက်ာနဲ့ စီရေးထားတဲ့ ဝတ္ထုကြီးတစ်ပုဒ်အဖြစ်နဲ့ သုံးသပ်ကြည့်မယ်ဆိုရင် အလွန်ဝတ္ထုပြီသတဲ့ အစောဆုံး ဂန္ထဝင်မြောက် ဝတ္ထုကြီးလို့ ဆိုနိုင်ပါတယ်။ သူဇာပျို့ကို ခရစ်နှစ် ၁၇၄၁ ၊ မေလလောက်



www.burmeseclassic.com

www.burmeseclassic.com



(မြန်မာသက္ကရာဇ် ၁၁၀၃ ခု၊ ကဆုန်လဆန်း ၈ ရက် စနေနေ့မှာ) ပြီးပါတယ်။ ခုဆိုရင် ဝတ္ထုသက်နှစ်ပေါင်း ၂၅၀လောက်ရှိပြီ ဆိုရမှာပေါ့။ အဲဒီနောက်အတော်ကြာ ခရစ်နှစ် ၁၇၅၈ (ခန့်မှန်း) မှာပေါ်လာတဲ့ 'ရွှေတောင်သီဟသူ' ရဲ့ 'ရတနာ့ကြေးမုံဝတ္ထု' ဟာလည်း 'သူဇာပျို့' လောက် ဝတ္ထုမမြောက်ပြီသဘူး။ ကုန်းဘောင်ခေတ်နှောင်း မင်းတုန်းမင်းခေတ်မှာ ပေါ်တဲ့ 'လှိုင်ထိပ်ခေါင်တင်'ရဲ့ 'ကန္တာဝံသ' တို့ 'ဝိဇယကာရီ' တို့ဆိုတဲ့ ဝတ္ထုတော်ကြီးတွေဟာလည်း 'သူဇာပျို့' လောက် ဝတ္ထုမမြောက်ပြီသဘူးလို့ ဆိုချင်ပါတော့တယ်။

BURMESE CLASSIC .com

ဘာပဲဖြစ်ဖြစ်ပေါ့လေ - 'သူဇာပျို့' ဟာ မြန်မာစာပေလောကအတွက် ဂုဏ်ယူလောက်တဲ့ ပျို့ကြီးတစ်စောင် ဖြစ်ကြောင်း လူငယ်စာဖတ်ပရိသတ်တွေ့ကြရပါလိမ့်မယ်။

'သူဇာပျို့' ရဲ့ ဇာတ်လမ်းကတော့ ဝန်ကြီးရဲ့ ကိုယ်ပိုင်စိတ်ကူးမဟုတ်ပါဘူး။ 'ဇင်းမယ်ပဏ္ဏာသ' မှာပါတဲ့ 'သုဓနု' ဇာတ်တော် ဖြစ်ပါတယ်။ မူရင်းကတော့ ပါဠိဘာသာနဲ့ ရေးထားတဲ့ ငါးရာ့ငါးဆယ်လို ဇာတ်တော်မျိုးတွေပါပဲ။ အိန္ဒိယဘက်မှာ 'ရာမာယန' ဝတ္ထုကို တရှိုက်မက်မက် နှစ်သက်ကြသလို မြန်မာ အပါအဝင် အရှေ့အာရှဘက်မှာ 'သုဓနု' ကို နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



ကြပါတယ်။ အလွန်ခမ်းနားတဲ့ အချစ်ဝတ္ထုကြီး ဖြစ်ပါတယ်။

ဒီ သုဓနုဇာတ်လမ်းကိုပဲ တောင်ငူခေတ်မှာ စာဆိုတော် နဝဒေးကြီးက 'မနောဟရီပျို့' လို့ ရေးခဲ့တယ်၊ ညောင်ရမ်းခေတ်မှာ ရွှေတောင် နန္ဒသူက 'ငွေတောင်ရကန်' လို့ ရေးခဲ့ဖူးတယ်။ 'ဒွေးမယ်နော်' ဆိုတဲ့ ကဇာတ်ဟာလည်း ဒီဝတ္ထုပါပဲ။ တို့များငယ်ငယ်က ကြည့်လိုက်ရဖူးလို့ ဝိုးတဝါးမှတ်မိနေသေးတဲ့ 'ဝေဘာဂီ' ဆိုတဲ့ ရုပ်ရှင်ကားဟာလည်း ဒီဇာတ်လမ်းပါပဲ။

BURMESE CLASSIC .com

'ဒွေးမယ်နော်' ဆိုတာဟာ 'ထွေးမနော်' ပေါ့။ ညီအစ်မ ခုနစ်ဖော်မှာ အထွေးဆုံး 'မနောဟရီ' ကိန္နရီ နတ်မိမယ်ကလေးကို ဆိုလိုတာ မဟုတ်လား။ မူရင်း ဇာတ်လမ်းကျောရိုးကို အခြေခံပြီး စိတ်ကူးပေါက်သလို ချဲ့ယူထားကြတာပေါ့။

ဒီတော့ သုဓနုဇာတ်တော်ကို အခြေခံပြီး ဝန်ကြီးပဒေသရာဇာ စီရင်လိုက်တဲ့ 'သုဇာပျို့' ရဲ့ ဇာတ်ကြောင်းကို ပထမ မိတ်ဆက်ပေးလိုက်ပါ့မယ်။

ဇေယျာပူရ နေပြည်တော်ကြီးမှာ ရာဇိန္ဒရာဇာ မင်းကြီး စိုးစံတော်မူတယ်။ မိဖုရားက နရိန္ဒာဒေဝီ၊ သားတော်က မဟာဥပရာဇာ။ အဲဒီ နေပြည်တော်က



www.burmeseclassic.com

www.burmeseclassic.com



မဓုဇလ ဆိုတဲ့ရေကန်ကြီးထဲက ဒီပစိတ္တ ဆိုတဲ့ နဂါးမင်းကြောင့် ဇေယျာပူရပြည်မှာ မိုးလေဝသ မှန်ကန်ကောင်းမွန်တယ်။

သုရဋ္ဌပူရ တိုင်းပြည်က သီဟသူရရာဇာမင်းနဲ့တကွ ရဟန်းရှင်လူ ပြည်သူတွေက တရားမစောင့်ဘူး၊ ဒီတော့ မိုးလေဝသ မကောင်းဘူး။ အစာရေစာ ငတ်မွတ်ခေါင်းပါးကြတယ်။ ဇေယျာပူရတိုင်းပြည်မှာတော့ နဂါးမင်းကြောင့် မိုးလေဝသ ကောင်းမွန်နေတယ်ဆိုတာသိရတော့ ဇေယျပူရမှာလည်း မိုးပိတ်အောင်လုပ်ရမယ်လို့ ရှင်ဘုရင်က မလသီလပုဏ္ဏားကို အမိန့်ပေးတယ်။ ပုဏ္ဏားက ဇေယျာပူရတိုင်းပြည်က နဂါးနေတဲ့ရေကန်ကိုသွားပြီး ဂဠုန်မန္တာန်ကို ရွတ်တော့ ရေကန်တစ်ခုလုံး အခိုးတွေဖုံးပြီး နဂါးလည်း စင်းစင်းကြီးပေါ်လာရတယ်။ ပုဏ္ဏားက သတ်ပစ်ရမှာလား ဘယ်လို စီရင်သင့်သလဲဆိုတာ ရှင်ဘုရင်ကိုမေးဖို့ ခဏပြန်သွားတယ်။

နောက်တစ်နေ့မှာ ဇေယျာပူရပြည်ရဲ့ မြောက်ဖျားစွန်း တရုဏရွာက ကက္ခလိစ္ဆမုဆိုးက တောလည်ရင်း ရေကန်ကို ရောက်လာတယ်။ သည်တော့ နဂါးကလူယောင်ပြီး မုဆိုးကို ဇေယျာပူရပြည်မှာမိုးလေဝသ မှန်ရဲ့လားလို့ မေးတယ်။ မဓုဇလ



www.burmeseclassic.com

www.burmeseclassic.com



ရေကန်က နဂါးမင်းတန်ခိုးကြောင့် မှန်ကြောင်း ပြောတော့ လူယောင်ဆောင်တဲ့ နဂါးမင်းက အဲဒီ နဂါးကို တစ်ယောက်ယောက်က သတ်ဖို့ ကြိုးစားရင် ဘာလုပ်မလဲလို့ ထပ်ပြီးမေးပြန်တယ်။ မုဆိုးက အစိမ်း လိုက်တောင် ဝါးစားဦးမယ်လို့ ပြန်ပြောတော့မှ နဂါးက ပုဏ္ဏားအကြောင်းကို ပြောပြပြီး သူ့အသက်ကို ကယ်ဖို့ တောင်းပန်တယ်။ ပုဏ္ဏားလာတော့ မုဆိုးက လေးနဲ့ပစ် သတ်လိုက်တယ်။ နဂါးက ကျေးဇူးတင်လို့ အကူအညီ လိုရင် လာခဲ့ပါလို့ မှာလိုက်တယ်။

မုဆိုးလည်း တစ်နေ့မှာ ဟိမဝန္တာတောကို ရောက်သွားတော့ သုဒ္ဓါစာရ ရသေ့ရဲ့ ကျောင်းသင်္ခမ်းကို တွေ့တာနဲ့ ခဏလောက်ဝင်နားပြီး တောခရီးဆက် လိုက်တာ သီတုဒက ရေကန်ကြီးကို ရောက်သွားတယ်။

ဟေမာဂီရိတောင်တော်က ဒေဝိန္ဒရာဇာနဲ့ အတုလဒေဝတာ မိဖုရားတို့ရဲ့ သမီးတော်ခုနှစ်ပါးဟာ ရေကန်မှာ ရေကစားနေတာကို တွေ့လိုက်တော့ မုဆိုးဟာ တပ်မက်ခြင်းဖြစ်သွားတယ်။ အဲဒီအကြောင်း ကို ရသေ့ကိုလျှောက်ထားတော့ နာဂပတ္တကျော့ကွင်း နဲ့သာဖမ်းနိုင်ကြောင်း ပြောပြတယ်။ ဒီတော့မှ မုဆိုးက နဂါးဆီကိုသွားပြီး နာဂပတ္တကျော့ကွင်း ခေတ္တငှါးယူခဲ့ တယ်။ နောက်တစ်ကြိမ် နတ်ကိန္နရီခုနှစ်ဖော် လာတဲ့



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ မုဆိုးက နဂါးပတ်ကျော့ကွင်းနဲ့ ပစ်ဖမ်းတော့ အထွေးဆုံး သူဇာကို ဖမ်းမိတယ်။

မုဆိုးလည်း သူဇာကို ကြည့်လိုက်တော့ သူလို သာမန်ယောကျာ်းက သားမယားအဖြစ် ပြုကျင့်မယ် ဆိုရင် သေသော်လည်းသေ၊ မသေရင်လည်း နူလောက်ရာတယ်လို့ အောက်မေ့တာကြောင့် အိမ်ရှေ့ မင်းသားလေးကို ဆက်လိုက်တယ်။

မင်းသားလေးနဲ့ သူဇာတို့ဟာ ဘဝရေစက် ကြောင့် တစ်ယောက်ကို တစ်ယောက် အသက်ပမာ မြတ်နိုးကြတယ်။ သူဇာ ကလည်း ကောင်းကင်ပျံနိုင် စေတဲ့ လည်ဆွဲဘယက်ကို မင်းသားမယ်တော်ထံမှာပဲ အပ်ထားလိုက်တယ်။ ဒီလိုနဲ့ သားလေးတစ်ယောက် ဖွားမြင်တယ်။

ရာဇဂုရုပုဏ္ဏားက တရားစီရင်မှုတွေမှာ တံစိုးစားစီရင်တာကြောင့် တိုင်းသူပြည်သားတွေက မကျေနပ်ကြကြောင်းကို မင်းသားလေးက သိလာရ တော့ ကိုယ်တော်တိုင် မှန်မှန်ကန်ကန်ဖြစ်အောင် စီရင် တယ်။ အဲဒီမှာတင် ပုဏ္ဏားက မင်းသားလေးကို ရန်ငြိုး ဖွဲ့တယ်။

ဒီအခိုက်မှာပဲ 'ဟတ္ထိပူရ' ပြည့်ရှင်က နိုင်ငံ တော်ကို ထိပါးလာတယ်။ သည်တော့ သားတော်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မင်းလေးကိုယ်တိုင် စစ်ထွက်ရတယ်။ မင်းသား စစ်ထွက်လို့ စခန်းတထောက်ရောက်တဲ့ညမှာပဲ ခမည်းတော်မင်းကြီးက မင်္ဂလာရထားကိုစီးနင်းပြီး နတ်ပြည်ကို တက်ရတယ်လို့ အိပ်မက် မက်မြင်တယ်။

ဒါနဲ့ ပုဏ္ဏားကိုခေါ်ပြီး အိပ်မက်အဖတ် ခိုင်းတော့ ပုဏ္ဏားက အလွန်ကြောက်စရာကောင်းတဲ့ အိပ်မက် ဖြစ်တာကြောင့် ယဇ္ဇာယာဇ်ကြီး စီရင်ရပါမယ်။ မင်းကြီး ကိုယ်တော်တိုင်လည်း ဥယျာဉ်တော်မှာ ယာယီတဲနန်း ဆောက်ပြီး ခုနှစ်ရက်တိုင်တိုင် လူတွေ့မခံဘဲ ဥပုသ်ကျင့်သုံးတော်မူပါလို့ လျှောက်ထားတယ်။ မင်းကြီးက ယဇ္ဇာအတွက် ပုဏ္ဏားလိုရာကို ယူစေလို့ အမိန့်ချ လွှဲအပ်တော်မူပြီး ယာယီတဲနန်းမှာ ဥပုသ်ဆောင် ဝင်တယ်။

ပုဏ္ဏားက ယာဇ်ပူဇော်ဖို့ ကြက်ငှက် ဆင်မြင်း ကျွဲနွားတိရစ္ဆာန် သေဒဏ်ကျလူ စသည်ဖြင့် သတ္တဝါမျိုးစုံအောင် ရှာတဲ့ပြင် ကိန္နရာတစ်ကောင်လည်း ပါရမယ်ဆိုပြီး သူဇာကိုဖမ်းဖို့လာတယ်။ သူဇာရောမိဖုရားကြီးပါ ထိပ်ထပ်ပျာပျာဖြစ်ပြီး မင်းချင်းတွေကို ဘုရင်မင်းမြတ်ထံ အကြောင်းစုံ လျှောက်ထားဖို့ စေလွှတ်လိုက်တယ်။ ဒါပေမယ့် တဲနန်းတော်မှာ အစောင့်ရဲမတ်တွေက အမိန့်တော်အရဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကိုမှ ဝင်ခွင့်မပေးဘူး။ သည်တော့ မိဖုရားကြီးကလည်း ရှင်ဘုရင်ကိုယ်တိုင် ကြံ့ရာပါ ဖြစ်ဟန်ရှိတယ်လို့အောက်မေ့တာကြောင့် ဘယက်ကို ထုတ်ပေးလိုက်ပြီး သူဇာကို သားတော်ရှိရာ စစ်စခန်းဆီကိုသာ ကောင်းကင်ခရီးက လိုက်ပေတော့လို့ လွှတ်လိုက်တယ်။

သူဇာလည်း စစ်စခန်းကို မှန်းဆပြီးလိုက်တာပါပဲ၊ သို့သော်လည်း သူတို့မောင်နှံဟာ ဘဝဟောင်းက ကရဝိတ်ဖိုမကို ခဏတာမျှလေး ခွဲထားခဲ့ဖူးတဲ့ ဝဋ်ဟောင်းကြောင့် မျက်စိလည်လမ်းမှားပြီး သူ့ကိုမုဆိုးဖမ်းမိခဲ့တဲ့ ရေအိုင်ကိုပဲ ပြန်ရောက်သွားခဲ့ရတယ်။

သူဇာက အဲဒီမှာရှိတဲ့ ရသေ့ထံဝင်ပြီး သူ့ခင်ပွန်း လိုက်လာခဲ့ရင် ရွှေတောင်ကို ပြန်သွားကြောင်းပြောပါ။ ရွှေတောင်ကို လိုက်လာမယ်ဆိုရင် ဘေးအန္တရာယ် အလွန်များတာကြောင့် မလိုက်အောင် တားဆီးပေးပါ။ အမျိုးမျိုးဖျောင်းဖျလို့ မရတော့ရင်ဖြင့် ဒီနတ်ဆေးလုံးနဲ့ ဒီစိန္တာမဏိပုတီးကို ပေးပြီးခရီးလမ်းကို ညွှန်လိုက်ပါလို့ ခရီးစဉ်ကိုပါ လျှောက်ထားပြီး ဟေမာဂီရိရွှေတောင် ကိုပြန်သွားတယ်။

ဇေယျာပူရပြည်မှာတော့ မင်းကြီး ဥပုသ်ဆောင်က ထွက်တော်မူတယ်ဆိုရင်ပဲ ပုဏ္ဏားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်မှုကို သိတာကြောင့် တိုင်းပြည်က နှင်ထုတ်လိုက်တယ်။ စစ်အောင်တော်မူပြီးလို့ မင်းသားလေး ပြန်ရောက်လာတဲ့အခါမှာ အကြောင်းစုံကို သိတော့ သူဇာကိုဆက်ခဲ့တဲ့ မုဆိုးကိုခေါ်ပြီး ရေကန်ရှိရာ လမ်းပြခိုင်းတယ်။ ရသေ့ဆီကို ဝင်တယ်၊ ရသေ့က အမျိုးမျိုးတားတယ်၊ မရဘူး၊ ဒီတော့မှ ရသေ့က နတ်ဆေးလုံးနဲ့ ပုတီးကိုပေးပြီး လမ်းညွှန်လိုက်တယ်။

မင်းသားလည်း တောတောင်ခရီးကို ဆက်သွားတဲ့အခါမှာ ကက္ခလိယက္ခဆိုတဲ့ ဘီလူးကို တွေ့တယ်။ ဘီလူးက သတ်မယ်စားမယ် ကြံစည်လို့ အနားကပ်လာလိုက်တော့ ဦးခေါင်းမှာ ကွဲမတတ် နာကျင်လာတာနဲ့ ဘုန်းသမ္ဘာကြီးမြတ်သူမှန်း သိတာကြောင့် ကျွန်ရင်းခံပြီး ရွှေတောင်ကို ပို့ပေးပြီး သီတာဇလ ရေကန်ကြီးနားမှာ ထားခဲ့တယ်။

ဟေမာဂီရိ ရွှေတောင်မှာလည်း လူ့ပြည်က ပြန်ရောက်လာတဲ့ သူဇာကို ခေါင်းဆေးသန့်စင်ဖို့ ကိန္နရီအပျိုတော်လေးတွေက ရေခတ်ဖို့ ထွက်လာကြတယ်။ မင်းသားက သူတို့ကိုမြင်တော့ အကြောင်းကို စူးစမ်းကြည့်တဲ့အခါ သူဇာ ခေါင်းဆေးသကြ်န်တော်ခေါ်ဖို့ ရေလာခပ်ကြောင်း သိလိုက်တော့ အငယ်ဆုံး ကိန္နရီ



www.burmeseclassic.com

www.burmeseclassic.com



မလေးနော်ဇာရဲ့ မြူတာအိုးဟာ 'ငါကိုယ်တိုင် မချီမသော် မကြွပါစေသတည်း' လို့ အဓိဋ္ဌာန်ပြုလိုက်တယ်။ အိုးကို ချီလို့မရတော့ဘူး။

ဒီတော့မှ အိုးပင့်ပေးပါလို့ မင်းသားကို တောင်းပန်တယ်။ မင်းသားက အိုးကိုပင့် ပေးတယ်။ ဒါပေမယ့် 'ရေသွန်းသောအခါ ပုတီးသည် သူဇာ၏လက်ကို ရစ်ဖွဲ့စေသတည်း' လို့ ဓိဋ္ဌာန်ပြုပြီး ပုတီးကိုရေးအိုးထဲ ထည့်လွှတ်လိုက်တယ်။

ရေသွန်းလိုက်တော့ ပုတီးက သူဇာ့လက်ကို ရစ်သွားတယ်။ ဒီတော့ သူဇာကလည်း ချစ်သူမောင်ဘုရားက ဒီလောက်ဘေးအန္တရာယ်များတဲ့ ခရီးကိုအသက်ကို အသက်မထင် လိုက်လာပါကလားရယ်လို့ အံ့ဩသွားတယ်။ နောက်တော့ အစ်မတော်ခြောက်ပါးကို ခမည်းတော်ထံ အသနားခံပေးဖို့ လျှောက်ထားခိုင်းတယ်။

မင်းကြီးက ပထမတော့ အမျက်ထွက်တယ် နောက်တော့ ဒီလိုခက်ခဲတဲ့ဒေသ ရောက်အောင် လိုက်လာနိုင်တာဟာဖြင့် ဘုန်းကံကြီးမားသူမို့သာ ဖြစ်တယ်ဆိုတာ သိတာက တစ်ကြောင်း သမီးထွေးကလေး သူဇာကို သနားတာလည်း တစ်ကြောင်းမို့ နန်းတွင်းသို့ ဝင်စေလို့ ခွင့်ပြုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသားရဲ့စွမ်းရည်ကို ကိုယ်တိုင်လည်း သိချင်လို့ အခြားမှူးမတ်ဗိုလ်ပါတွေလည်း မြင်စေချင်လို့ မြင်းရေးကို ပြစေတယ်၊ ဆင်ရေးကိုပြစေတယ်၊ လေးအတတ်ကိုပြစေတယ်။ စစ်သေနာပတိကြီး ကိုယ်တိုင်က မကြုံဖူး မကြားဖူးအောင် ထက်မြက်လှပါကြောင်း ဝန်ခံရတယ်။ အဲဒီအပြင် ညီအစ်မ ခုနှစ်ဖော်ကို တင်းထိမ်ထဲမှာ နေစေပြီး တင်းတိမ်ကို လက်ညှိုးထောက်ထားစေကြပြီး သူဇာ့လက်ညှိုးကို မှန်အောင် အရွေးခိုင်းတယ်။ သိကြားမင်းက လိပ်ပြာယောင်ဆောင်ပြီး သူဇာ့လက်ညှိုးပေါ်မှာ နားပြတယ်။ ဒါကြောင့် လက်ညှိုးမှန်ကို ဆွဲမိတယ်။ နန်းတွင်းတစ်ခုလုံး အံ့သြသွားကြတယ်။ ဒီတော့မှ မင်းသားကို အိမ်ရှေ့အရာထားတယ်။

ဟေမာဂီရိရွှေတောင်မှာ မောင်မယ်အတူ ပျော်ပါးစွာ စံစားရင်းမှာပဲ သမီးတော်ကလေး ရတနာထိပ်ပန်းကို ဖွားမြင်လေတော့ ခမည်းတော် မယ်တော်နဲ့ အစ်မတော်တွေပါ အလွန်ပျော်ရွှင်ကြတယ်။ အဲသည်အခါမှာ မင်းသားကလည်း ခမည်းတော် မယ်တော်တို့ထံ ပြန်ချင်တယ်။ သူဇာကလည်း သားတော်လေးကို လွမ်းတယ်၊ ဒါကြောင့် ဇေယျာပူရပြည်ကို ပြန်ခွင့်တောင်းတယ်။ အားလုံးက ကြေကွဲလျက်နဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



နားလည်စွာ ခွင့်ပြုကြပါတယ်။ နေပြည်တော် ရောက်အောင် ကောင်းကင်ခရီးနဲ့ပဲ လိုက်ပို့လို့ လွယ်ကူချောမောစွာ ပြန်ရောက်ကြပါတယ်။ ဇေယျာပူရမှာပဲ ပျော်ရွှင်စွာ ဇာတ်ပေါင်းပါတယ်။

အဲဒါကတော့ 'သူဇာပျို့' ရဲ့ ဇာတ်လမ်းအကျဉ်းချုပ်ပါပဲ။ မူရင်း သုဓနုကုမာရ ဇာတ်တော်ကို မွမ်းမံထားတာပါပဲ။ ဇာတ်လမ်းမွမ်းမံတာလောက်ဆိုရင် ဒီလို ဆောင်းပါးတစ်စောင်တဖွဲ့လုပ်ပြီး တစ်ခမ်းတနားရေးမိမယ် မထင်ပါဘူး။ ဇာတ်ဆောင်တွေရဲ့ ကံသုံးပါး အမူအရာကို ဖော်ပြတဲ့အခါမျိုးရောက်မှ စာဆိုတော်ကြီးရဲ့ အရည်အချင်းကို တအံ့တသြ ဖြစ်လောက်အောင် တွေ့ရတာပါ။

ဒီခေတ် တချို့ဝတ္ထုဆရာတွေတောင် စာဆိုတော်ကြီးကို မမီနိုင်လောက်အောင် ပြောင်မြောက်တယ်လို့ ရှေ့ပိုင်းမှာ ပြောခဲ့ပါတယ်။ ဒီလမှာတော့ဖြင့် ဇာတ်လမ်းအကျဉ်းချုပ် လောက်နဲ့ပဲ ရပ်လိုက်ရပါတယ်။ ရှေ့လမှာတော့ စာဆိုတော်ကြီး ပဒေသရာဇာရဲ့ ဝတ္ထုဇာတ်ဆောင် တွေကို ကိုင်တွယ်ပုံ၊သူတို့ရဲ့ ကံသုံးပါးအမူအရာကို သရုပ်ဖော်ပုံ စတာတွေကို တင်ပြသွားပါမယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကျတော့မှ ဆောင်းပါးရှင် ချီးကျူးတာဟာ ချဲ့ချဲ့ကားကား ပြောသလား၊ မပြောဘူးလား ဆိုတာ စာဖတ်သူက အကဲဖြတ်နိုင်ပါလိမ့်မယ်။

(ရွက်နုဝေ ၊ ဇန်နဝါရီ ၊ ၁၉၉၉)

ဒီကနေ့ ကာလပေါ်ဝတ္ထုတွေရဲ့
အစပိုင်းဆရာတွေတောင် အဲဒီပေတံတွေကို
ကြောက်ကြတယ်။ ဒါကြောင့်
သူတို့ဝတ္ထုတွေဟာဖြင့်
စာဖတ်သူကို အကျိုးပြုပါတယ်၊ မှတ်သားစရာ
ဆင်ခြင်စရာ သင်ခန်းစာယူစရာတွေ ပါပါတယ်
ဆိုတာမျိုး ပြောနိုင်အောင် တမင်ထည့်ပြီး
ရေးခဲ့ကြရသေးတယ်။
တချို့ဝတ္ထုဆရာ တွေဆိုရင် ဒါန်ပေါက်ချက်နည်း၊
အမဲသားနှပ်နည်း ဆိုတာမျိုးတွေကိုတောင်
မဆီမဆိုင် ဇာတ်ဝင်အောင်
ထည့်ရေးခဲ့တာတွေရှိတယ်။
မှတ်သားစရာတွေ ပါပါတယ်ပေါ့။

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com



ချစ်စေသောသူ့ထံ(၂)

www.burmeseclassic.com

www.burmeseclassic.com



## ချစ်စေသောသူဇာ (၂)

အရင်တစ်ပတ်က သူဇာပျို့ရဲ့ ဇာတ်လမ်းအကျဉ်းကို တင်ပြခဲ့ပါတယ်။ ဇာတ်လမ်းလောက်ကို ပြောချင်တာဆိုရင်ဖြင့် တကူးတကလုပ်ပြီး ဒီဆောင်းပါးကို ရေးမနေပါဘူးလို့လည်း ရေးခဲ့ပါတယ်။လူ့စရိုက် အမျိုးမျိုးကို ဝန်ကြီးပဒေသာရာဇာ သရုပ်ဖော် ထားလိုက်ပုံဟာဖြင့် ဒီခေတ်စာရေးဆရာတွေတောင် ငိုင်သွားလောက်ပါတယ်လို့လည်း ရေးခဲ့လိုက်ပါသေးတယ်။

ဘယ်လိုတွေ ရေးခဲ့သလဲဆိုတာ မြင်သာအောင်ပထမဆုံး အိမ်ရှေ့မင်းသားနဲ့ သူဇာတို့ရဲ့ ချစ်မေတ္တာ ဆုံခန်းကလေးကို ထုတ်ပြလိုက်ချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးက သူဇာကို အိမ်ရှေ့မင်းထံ ဆက်လိုက်တော့ သူဇာကို ကိုယ်ထိလက်ရောက် ဆက်တာ မဟုတ်ဘဲ မြို့တော် မြောက်ဘက်မှာ ယာယီတည်းနန်းမှာ သူဇာကို ခေတ္တထားပြီး အိမ်ရှေ့မင်းသားထံ အကျိုးအကြောင်းကို လျှောက်ထားတာပါ။ ဒီတော့မှ မင်းသားက သူဇာရဲ့ တည်းနန်းဆောင်ကို ကြွချီလာတာ ဖြစ်ပါတယ်။ သူဇာရဲ့ တင်းထိမ်ခန်းထဲကို ရောက်သွားချိန်မှာ သူဇာက တစ်ထောင်ခန့်မြင့်တဲ့ မွေ့ရာပေါ်မှာ ထိုင်နေတယ်။ မင်းသားလေးက မြင်လျှင်မြင်ချင်းပဲ စိတ်ကို မထိန်းနိုင်လောက်အောင် တပ်မက်ချစ်ခင် သွားမိတယ်။ ဒါကြောင့် မွေ့ရာမှာ ဝင်ထိုင်လိုက် တယ်။ သူဇာက ရှက်လည်းရှက် ကြောက်လည်း ကြောက် ဖြစ်သွားတယ်။ ဒါကြောင့် မျက်နှာလွှဲပြီး လက်ကလေးကို ခပ်ရွှေရွှေထောက်လို့ ကျောခိုင်း နေလိုက်တယ်။ ဒီတော့ အနီးမှာခစားနေတဲ့ ရံရွေတော်တွေကလည်း အလိုက်သိစွာ အပြင် ထွက်သွားကြတယ်။ မင်းသားလေးက နောက်ကျော ဘက်ကနေ ခြေဆုံးဆံဖျား ကြည့်နေရင်း ဖြစ်သွားပုံ ကို ဝန်ကြီးက ဘယ်လိုဖွဲ့ခဲ့လဲ ဆိုတာ ဖတ်ကြည့် စမ်းပါဦး. . .



www.burmeseclassic.com

www.burmeseclassic.com



(၄၄) . . . . . . . . သူဇာစံခန်း ၊ တဲတော်နန်းသို့၊ ရွှင်လန်းသာပျော် ၊ ရောက်လေသော် တည့် ၊ မူးမောလွန်ပြင်း၊ တင်းထိမ်တွင်းသို့ ၊ ချက်ချင်းအလျင်၊ကြွတည့်ဝင် ၊ မထင်ပုံထုံး ၊ စိတ်နှလုံးကို၊ စုရုံးကြွင်းမဲ့၊ ယူဘိကဲ့သို့ ၊ ယဉ်နွဲ့မူရာ ၊ မယ့်ဆင်းဝါကို၊ ပွင့်လျာဗောဓိ ၊ မြင်သည်ရှိသော် ၊ ပီတိဖရဏာ ၊ ဟုတ်သည်းစွာကို ၊ မေ့ကာသတိ ၊ ရပ်ထိုင်းရှိမှ ၊ ခဏကြာလျှင် ၊ မင်းရှင်နေရာ ၊ နှစ်ထွာထုစွင့် ၊ မွေ့ရာမြင့်သို့ ၊ ဘုန်းပွင့်လှိုင်ဝေ၊ တက်နေလေသော်၊ ကျက်သရေဝင်းဝါ၊ မင်းသူဇာကား ၊ ပျာပျာထိတ်မှု ၊ ရှက်ကြောက်လှ ၊ ဝမ်းကလှိုက်ဟာ ၊ မျက်နှာမရဲ၊ ရတ်ခြည်းလွဲ ၊ နွဲ့နွဲ့လက်ရွှေ ၊ ထောက်လျက်နေက၊ ရံရွှေခစား၊ စေပါများလည်း၊ လိုက်လားသိထွေ ၊ ရှောင်နေလေ၏။ ဘုန်းနေကွန့်ဖြာ ၊ နန်းပွင်းလျာလည်း၊ ကလျာငါးအင် ၊ မင်းလှရှင်၏၊ ဖြူစင်နုရွ ၊ ခြေကစသည်၊ စိမ်းမြည်ိုရောင်၊ ဆံတိုင်အောင်လျှင်၊ ဝင်းပြောင်လျှံမြူး၊ နောက်ပြင်ကျူးကို ၊ ရှုမူးမိန်လှည့်၊ တက်သက်ကြည့်သော်၊ မြူရှည့်ပြစ်ခြည် ၊ မထင်သည်ကြောင့်၊ ဆောက်တည်မရ၊ လက်ခြေရွသည်၊ ထိန့်မှုကိုယ်လုံး ရိုက်၏တည်း။



www.burmeseclassic.com

www.burmeseclassic.com



(၄၅) ကိုယ်လုံးထိန့်မျှ ၊ တုန်ရိုက်ကလျှင် ၊ လက်လှသန္တာ၊ နုဖြူဝါကို ၊ ဆိတ်စာသာကြည်၊ ကိုင်တော့မည်ဟု၊ ဆောက်တည်မှတ်နေ၊ ကိုင်တည့်ချေသော်၊ ထူးထွေကျူး၊ နတ်အတွေ့ကြောင့်၊ ချမ်းမြေ့ကိုယ်လုံး၊ ပတ်ကုံးစိမ့်စိမ့်၊ ကြောချဉ်ငြိမ့်မျှ၊ နှစ်သိမ့်မိန်းမော၊ စောလျက်မှိုင်ကာ၊ မနည်းကြာမှ၊ လွန်စွာပြင်းလှ၊ တပ်ရာဂဖြင့်၊ ယုယစုံမက်၊ ပြေးတည့်ဘက်လျှင်၊ အဆက်များစွာ၊ သံသရာက၊ လျှုဒါပုညှ၊ ကံဆုံကြ၊ ချစ်ရတော့မည်၊ မှန်ပြီးသည်ကို၊ ဖြူကြည်မွတ်စင်၊ နုရွှန်းရှင်သည်၊ မင်းရှင်မျက်တော် ၊ ထွက်ရှိသော်လည်း ထွေ ငေါ်ပြင်းပြ၊ မိန့်သမျှကို၊ ခံရတော့မည်။ တည်ကြည်စောင့်ရှပ်၊ မချုပ်နိုင်ပါ၊ မေတ္တာမိုးမျှ၊ မြေမက၊ ဖြစ်ရတော့မည်၊ မင်းရွှေရည်ဟု၊ ဖြေဆည်ဆီးကြို၊ ဆောလျင်ဆို၊ မွေးချိုဘယ်ညာ ပါးနုဝါကို၊ သက်ပါလူယူး၊ ရှုပ်ရှုကျူး၊ မူးမျှမိုက်မိုက်၊ ပန်းတော်ဟိုက်၏၊ ယဉ်မြိုက်နုရှင်၊ မင်းလှရှင်လည်း မကျောင်ကျွမ်းပါ၊ ပူဆာဝမ်းက၊ ရှက်ကြောက်လှ၊ စီးကျမျက်ရည်၊ ငိုလူသည်နှင့်၊ ဆိုမည်နှုတ်က ၊ ဟလည်း မထွက်၊ ရှုသက်မသာ ၊ ရန်းရင်းရှာလည်း၊ ဘုန်းဝါ တောက်လည်၊ နန်းပွင့်ရည်မှာ၊ မျက်ခြည်မထွက်၊ မလွှတ်ရက်၊ စွဲမက်လွန်ကဲ၊ တလဲလဲသည်၊



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ဆွဲဘက်ပြန် ပိုက်၏တည်း။ ။

အောက်မျဉ်းသားထားတဲ့ အပိုင်းကလေးတွေကို သေချာဖတ်ကြည့်စေချင်ပါတယ်။ သူဇာက ဒါမျိုးတစ်ခါမျှ မကြုံဘူးတာကြောင့် ရှက်လွန်းကြောက်လွန်းလို့ ပါးစပ်က ငြင်းချင်ပယ်ချင် တောင်းပန်ချင်သော်လည်း ပါးစပ်ကလေးကို ဟရုံသာ ဟလိုက်နိုင်ပြီး အသံက လည်ချောင်းထဲမှာ ပျောက်သွားပုံကလေးကို ရေးလိုက်တာများ မလှပေဘူးလား။

မင်းသားလေးကလည်း မြင်လျှင်မြင်ချင်း ချစ်စိတ်ကို မထိန်းနိုင်လို့ ဒီလိုပြုမူမိတာကို ချစ်သူက အပြစ်ပြောရင်လည်း ခံရတော့မှာပါပဲ၊ မိန့်ချင်သလိုသာ မိန့်တော်မူပါတော့၊ မိုးမြေမက ချစ်လွန်းလို့သာ ဒီလိုဖြစ်ရတာပါလို့ တောင်းပန်ဆင်ခြေပေးတာလေးတွေဟာ ဒီကနေ့အထိ ခေတ်မီနေသေးတယ်လို့သာ ပြောလိုက်ချင်တော့တာပဲ။

နောက်တော့ ခမည်းတော် မယ်တော်တို့က အိမ်ရှေ့မင်းသားလေးနဲ့ သူဇာတို့ကို ခမ်းနားစွာလက်ထပ်ပေးလိုက်တယ်။ လက်ထပ်ပြီးတဲ့အခါ မင်းသားလေးက သူဇာကို ရင်ခွင်ထက်မှာထားပြီး သူ့ကိုချစ်တယ် မချစ်ဘူး ဘာမှ ခုထက်ထိ မပြောသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ထပ်ပြီးမေးပြန်တယ်။ ခုခေတ်မှာဆိုရင် "သားတစ်ယောက်ရပြီးမှ မေးပါလားမောင်" လို့ ပြောချင်ပြောမှာပေါ့။ သူ့ဇာ ပြောတလေးကို ဖတ်ကြည့်စမ်းပါဦး. .

(၅၄) . . . . . . ကျွန်မကိုလေ ၊ ဟိုမုဆိုးပ၊ ဘမ်းမိစက ၊ ကျွန်မစိတ်မှာ၊ မကြာလျှင်တောင်း၊ ဘယ်အကြောင်းကြောင့်၊ ငံ့ညောင်းမဆည်၊ သေရမည်ကို ကြံစည်စိတ်ထဲ၊ အမြဲသေချာ၊ အောက်မေ့ရာတွင် ၊ တောသာလည်လား၊ မုဆိုးသားသည်၊ တိုင်းကားပြည်ရွှာ၊ သာသည်ကစ ၊ ယဉ်လှရွှန်းမြေ၊ အိမ်ရှေ့သခင်၊ ထိပ်တင်နာမ၊ သည်နှယ်ပဟု ၊ ကျွန်မကိုလေ၊ အထွေထွေသည်၊ သံခြေပွက်ဟ စေရှာသည်။

(၅၅) သို့လျှင်ကျွန်မ ၊ မပျမရွှင် ၊ သေတည့်ချင်တည့် ၊ အလျှင်စိတ်များ၊ ဘယ်ကိုသွားဘိ၊ တခြားအသစ်၊ ဖြစ်ပြန်တော့ကို ၊ ဟိုကစ ၊ ခုနေ့ရောက်တိုင်၊မြဲ ကိုင်စွဲကြိတ် ၊ ကျွန်မစိတ်သည်၊ အဆိတ်ကယ်မျှ ၊ လျှင်းခွပြီဘူး၊ ရှည်းကျူးနောက်နောင်၊သက်ဆုံးအောင်လည်း စိန်တောင်ကဲ့သို့၊ မနဲ့မယိုင် ၊ ခိုင်တော့မည်ပ ၊ ကျွန်မစိတ်လက်၊



www.burmeseclassic.com

www.burmeseclassic.com



သည့်ဖြစ်ချက်ကို၊ မော်မြွက်စေ့ငု ၊ ခုလျှောက်ဘူးရှင်၊ နှစ်ဖြင်များလွှေ့ ၊ သက်ရာစေ့ ၊ စုတွေ့မည့်စိတ် ၊ နိမိတ်ထင်ထင် ၊ မြင်သော်ခါမှ ၊ ယဉ်လှသည့်ရှင် ၊ ထိပ်တင်ခြေတော်၊ ရွှေလှော်ရွှေသား၊ ဖဝါးစေတီ၊ မြတ်သိဂီကို၊ လှိုင်ညီကေသာ၊ ဆံပန်းကြာနှင့် ၊ စေတနာမြတ်လှ ၊ ပူဇော်ရမှ၊ ကျွန်မသာကြည့်၊ လျှောက်ပါမည်ဟု . . . .

မျဉ်းသားထားတာလေးတွေကို သေချာဖတ်ကြည့်လိုက်စမ်းပါ။ သူဇာလျှောက်တင် လိုက်ပုံကလေးက မလှပေဘူးလား။ သေဖောငင်နေတော့မှ မောင်ဘုရားရဲ့ ဘဝါးကို ဦးဆံနဲ့ ပွတ်သပ်ပူဇော်ရင်း လျှောက်ပါရစေတော့ ပေါ့။

အဲဒီနောက် အိမ်ရှေ့မင်းသားလေး စစ်ထွက်သွားတဲ့အခါမှာ သူဇာရဲ့ အလွမ်းတွေကို သရုပ်ဖော် ထားလိုက်ပုံကတော့ လက်ဖျားခါ လောက်ပါတယ်လို့ ပြောချင်မိတယ်။ အဲဒီအထဲမှာ ထူးထူးခြားခြား ပါလာတာလေးတစ်ခုကို ပြောလိုက်ချင်ပါသေးတယ်။ မောင်တော် မင်းသားလေးရဲ့ ခြေရာမျက်နှာကြက်ဆိုတဲ့ သဘောမျိုး ရေးဖွဲ့ထား တာကိုတွေ့ရပါတယ်။ ကဗျာဆရာကြီး 'တဂိုး' ရဲ့



www.burmeseclassic.com

www.burmeseclassic.com



'ကာဗူလီဝါးလား' ဆိုတဲ့ ဝတ္ထုတို ကလေးထဲမှာ သစ်သီးခြောက်ယိုတွေ ရောင်းတဲ့ ကာဗူလီ (ပထန်) ကြီးက သူ့သမီးထွေးလေးကို သတိရတဲ့အခါ အလွမ်းပြေကြည့်ဖို့ သမီးလေးရဲ့ 'လက်ရာ' ကလေးကိုစက္ကူပေါ်မှာ နှိပ်ပြီးယူလာခဲ့တာ သတိရမိတယ်။ ဓာတ်ပုံတွေဘာတွေ မပေါ်သေးတဲ့ ခေတ်ဆိုတော့ ဒီလိုပဲ ဖြတ်တတ်သမျှ သင်္ကေတကလေးတွေနဲ့ အလွမ်းဖြေကြရရှာမှာပေ့ါ။

ဝန်ကြီး ပဒေသရာဇာက ဒီလိုဖွဲ့ခဲ့တာထောက်တော့ ရှေးခေတ်မြန်မာတွေမှာ ဒီလိုအလေ့အထမျိုးရှိခဲ့လို့ပဲလား၊ ဒါမှမဟုတ် အိမ်နီးနားချင်းလူမျိုးအချို့မှာ ဒီလို အလေ့အထမျိုးရှိကြောင်းကို ဝန်ကြီးက ကြားဖူးတာကြောင့်ပဲ ထည့်ပြီးရေးလိုက်သလားဆိုတာ စဉ်းစားစရာပါပဲ။ ဝန်ကြီးဟာ စိတ်ကူးစိတ်သန်းကတော့ တကယ့်ကိုအံ့သြလောက်အောင် ကောင်းပါပေတယ်။ မောင်ဘုရားရဲ့ ကိုယ်သင်းရနံ့ သင်းနေသေးတဲ့ ဝတ်လဲပဟောင်းကလေးတွေကို ပွေ့မိနမ်းမိတယ်။ သူ့မောင်တော် တီးနေကျစောင်းကလေးကို ပိုက်ပြီး မောင်ဘုရားရဲ့ လက်ကလေးတွေကို ထိခဲ့တဲ့ နေရာကလေးတွေကို နမ်းမိတယ်။ တကယ်ကို လှအောင် လွမ်းအောင်ဖွဲ့နိုင်တဲ့ စာဆိုကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ကြည့်ပါဦး . .

(၁၀၆) . . . ထပ်ကာလောင်းဆင့် ၊ အလွမ်းမြင့်၊ သခင့်ခြေရာ ၊ ထိပ်ချာဗွေထက်၊ မျက်နှာကြက်ကို ၊ ရှိလက်စုံကာ ၊ ကြိမ်ခါများလှ။ ဦးသာချ၊ ထိပ်စတင်တင်၊ သခင်ညစ်ခံ ၊ ညိုလျှံလဲ့ရှမ်း၊ အစိမ်းဆယ်မည် ၊ ရွှေခြည်ကပ်ကွက် ၊ လက်ချိုပ်ရက်သည်၊ ချောညက်ကျူးကျော် ၊ ဝတ်လဲတော်ကို၊ ထိပ်ပေါ်တင်ကာ ၊ မျက်နှာအုပ်လွှမ်း ၊ ကြိမ်ကြိမ်နမ်း၊ အလွမ်းမပြေ ၊ သည်းလေလေဖြင့် ၊ ဘွေဘွေရှာရှာ ၊ စက်မွေ့ရာကို ၊ နမ်းပါသော်လည်း၊ လွမ်းပြန်သည်း၊ တင့်ရည်းသာရှင် ၊ ထိပ်တင်မင်းလှ ၊ တီးနေကျသည်၊ စိမ်းမြခြယ်စီ ၊ သိင်္ဂီမြူမဲ့ ၊ ရွှေညိုဖွဲ့လျက်၊ နှိုင်းရှဲ့မရ ၊ ကရဝိက ၊ ယောသမည်မှတ်၊ စောင်းတုလွတ်ကို ၊ လေးမြတ်စုံမက်၊ ပိုက်ကာဖက် ၊ ရွှေလက်ထိရာ၊ သည်ဆီမှာဟု ၊ ဖွေရှာယောင်ယမ်း ၊ ကြံကာနမ်းသည်၊ အလွမ်းထပ်ကျယ်၊ သနားဖွယ်သည်၊ ပြိုက်သွယ် မျက်ရည်နှင့်သာတည်း။

(၁၀၇) . . . . သို့နှင့်မနေ ၊ ရှာဖွေကာကာ၊ မင်းသူဇာမှာ ၊ ဖန်ပြာအိကျုံး၊ ရောင်မြုံးပတ္တလား



www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်ဝါးနှင့် ၊ ပိတ်သားရွှေချည်၊ ထိုးသည် သေသပ်၊လက်ခက်အမိုး၊ သန္တာရိုးကို၊ မြတ်နိုး ကြည်လင်၊ထိပ်မှာတင်၊ ရင်မှာချပ်လျက် ၊ ပြိုက် စက်သွယ်ရှမ်း ၊ ခုခုနမ်းသည်၊ အနမ်းထက်ကာ၊ မပြေ ရှာသော်၊ ဝေဆာမူးမှောင် ၊ ပြုယောင်ပြုမှား ၊ ဖိုးများ နှလ္လ၊ ပန်းကန်မြတွင် ၊ ကြိုင်မြဖြိုးပြည့် ၊ နှင်းရည်ထည့် ယင်းသည့်ထိပ်ကွက် ၊ တီးမြဲမှတ်သည်၊ လက်ခတ် သစ်ပေ့ ၊ ပန်းရည်ဖျော့ကို ၊ ပျောင်းပျော့ပူဆာ ၊ ထိပ်မှာလည်းတင် ၊ ရင်မှာလည်းချပ် ၊ ပါးမှာကပ်၊ ပွတ်သပ်ဖန်များ ၊ နမ်းသည်သားနှင့် . . . . .

မျဉ်းသားထားတာလေးတွေကို သေချာဖတ် ကြည့်စမ်းပါ၊ ဝန်ကြီးရဲ့ စိတ်ကူးစိတ်သန်းက မအံ့သြ လောက်ပေဘူးလား။ ဝန်ကြီးက ဂီတမှာလည်း အလွန် ကျွမ်းကျင်တီထွင်နိုင်သူ ဖြစ်လေတော့ အိမ်ရှေ့ကိုယ် တော်လေးကိုလည်း ဂီတထုံသူ အဖြစ် ဖန်တီးထား လိုက်ပါတယ်။ ကြည့်စမ်းပါဦး ရိုးရိုး စောင်းတွေ ပတ္တလားတွေကိုသာမက ‘ပန်းကန်ဆိုင်း’ ကိုပါ ထည့်ထားလိုက်သေးတယ်။ ပန်းကန်ဆိုင်းဆိုတာကို လူငယ်တချို့ သိချင်မှသိမယ်။ ပန်းကန်လုံးတွေထဲမှာ ကိုယ်လိုချင်တဲ့ အသံကို ရအောင်ရေထည့်ပြီး ညှိယူ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ ပြီးမှ ပန်းကန်လုံးတွေကို ခေါက်ပြီး ဂီတသံစဉ် ဖွဲ့ယူတာပါ။ မင်းသားလေးကတော့ ရိုးရိုးရေကို မထည့်တော့ဘူး။ နှင်းရည်ကိုထည့်တယ်။ နှင်းရည် ဆိုတာက ပေါင်းခံရေမွှေးကိုပြောတာပါ။ (Spirit) ပေါ့။ ဆီ (Oil) မဟုတ်ဘူး။

ပန်းကန်ပြား နှုတ်ခမ်းကို ခေါက်ရလေတော့ သစ်မာသားနဲ့ ခေါက်ရင် အသံလည်း မကောင်းနိုင်ဘူး၊ ပန်းကန်လည်း ကွဲနိုင်တာပေါ့။ ဒါကြောင့် 'လက်ခတ် သစ်ပေါ့' လို့ ရေးခဲ့တာဖြစ်မှာပါ။ သစ်ပေါ့သား (သစ်ပွသား) နဲ့ခေါက်တော့ အသံကလည်း ခပ်ဖုံဖုံလေးထွက်တာပေါ့။

မောင်ဘုရားရဲ့ ကိုယ်နံ့သင်းနေတဲ့ ဝတ်လဲ တော်ကို 'သခင်ညစ်ခံ' လို့ တိုတိုလေးနဲ့ ပေါ်လွင် အောင်ဖွဲ့လိုက်တာဟာ ဝေါဟာရတွေကို ဘယ်လောက် နိုင်နင်းကြောင်း သိသာစေပါတယ်။ အဲဒီလို အသေးစိတ်အလှကလေးတွေကို အရသာခံတတ်ကြ စေချင်တယ်။ တစ်နည်းအားဖြင့် အသေးစိတ်အလှ ကလေးတွေလို့ ပြောရမှာပေါ့။

ဒါတွေက စကားကြုံလို့သာ ရှင်းပြသွားရတာ တွေပါ။ တကယ်အရေးကြီးတာက ဝန်ကြီးပဒေသ ရာဇာဟာ အချစ်အလွမ်းကို ဘယ်လောက်ဖွဲ့တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတဲ့ အချက်ကို ပြောလိုခြင်း ဖြစ်ပါတယ်။

ပုဏ္ဏားရဲ့ အကောက်ကြံမှုကြောင့် သူဇာဟာ မယ်ဖုရားထံမှာ အပ်နှံထားတဲ့ ဘယက်ကို ပြန်ယူပြီး ကောင်းကင်ခရီးနဲ့ မောင်တော်ဘုရားရှိရာ စစ်စခန်းဆီကို လိုက်တာပဲ၊ ဒါပေမယ့် မျက်စိလည်ပြီး သူ့ကိုမုဆိုးဖမ်းမိခဲ့တဲ့ ရေကန်ဆီကို ပြန်ရောက် သွားတယ်။ ဒီတော့မှ ရသေ့ဆီကိုသွားပြီး မောင်တော်ဘုရားလိုက်လာမှာ သေချာကြောင်း၊ ဘေးအန္တရာယ်တွေ များလွန်းလို့ လိုက်မလာဖို့ မောင်ဘုရားကို နားချပေးပါ။ နောက်ဆုံးတားလို့ မရတော့ဘူးဆိုရင်ဖြင့် ဒီဆေးနဲ့ ပုတီးကို ပေးလိုက်ပါလို့ လျှောက်ထားတယ်။ အဲဒီနောက်မှာတော့ ရွှေတောင်ကို ဆက်ပြီး ပျံသန်း သွားတော့တယ်။

မင်းသားကလည်း လိုက်ကိုလာတာပါပဲ။

ရသေ့ကြီးကလည်း တရားချတာပါပဲ။

တရားချလိုက်တာမှ ဘယ်သူမဆို ဘာမျှမက်မောစရာမရှိတဲ့ အပုပ်ကောင်တွေသာ ဖြစ်ကြောင်း၊ အဲဒီအပြင် မိန်းမဆိုတာ မိုက်မဲယုတ်မာ ဖောက်ပြန် တတ်ကြောင်း ဆိုတာတွေကိုပြောလိုက်တာ မနည်းပါဘူး၊ မင်းသားက ရသေ့ကို ပြန်လျှောက် ထားတာလေး ဖတ်ကြည့်စမ်းပါ။



www.burmeseclassic.com

www.burmeseclassic.com



(၁၈၂) . . . ဟောကြားမိန့်ဟ ၊ ဓမ္မကထာ၊ ဒေသနာကား၊ သံဝါချစ်ချစ် ၊ မိုးကြိုးထစ်သို့၊ ဖြစ်ဖြစ်သမျှ ၊ လန့်ထိတ်လှ ၊ ဘဝသုံးပါး ၊ မီးပွားစပ်လျှောက်၊ ပြောင်ပြောင်တောက်သည်၊ ကြောက်ဖွယ်တစေ ၊ ဖြစ်ပေတော့သည်၊ မှတ်တည်ဆက်ဆက် ၊ သို့ကို လျက်လည်း၊ ဖြစ်ခက်ဆန်းပြား၊ ကျွန်ုပ်နားမှာ ၊ သံပြား ရာဂ ၊ ကားဆီးဆ ၊ ဆနပိုးဝါး၊ မကြားမိချေ၊ ကြားမိချေနှင့် ၊ ထွေထွေလာလာ ၊ တကာတော်မ ၊ မြွတ်ဟ သြဇာ ၊ နှုတ်ကိုသာလျှင် ၊ နားမှာပျံ့ရှင်၊ ထင်ခဲ့သည်ကြောင့် . . .

အရှင်ဘုရားက လမ်းခရီးအန္တရာယ် ဘယ်လောက်ကြီးကြောင်း ဘယ်လိုပဲ ဟောနေနေ ၊ တရားဘယ်လိုပဲချနေနေ တပည့်တော်ကဖြင့် အရှင်ဘုရား ဟောတာကို မကြားတစ်ချက် ၊ ကြားတစ်ချက်နဲ့ နားထဲမှာ သူဇာရဲ့ ထွေထွေလာလာ ပြောတာလေးတွေကိုသာ ကြားနေမိတော့တာပဲ” ဆိုတာကို ဖတ်လိုက်ရတော့ ဖတ်နေရင်းတောင် ‘ရသေ့ကြီး စိတ်ဓါတ်ကျလောက် ပါပေတယ်’ လို့ တွေးမိပြီး ပြုံးလိုက်မိပါသေးတယ်။

နောက်တစ်နေရာမှာတော့ ပိုလို့တောင်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးလိုက်မိတယ်။ တားလို့မရနိုင်တော့ ရသေ့က သူဇာပေးထားခဲ့တဲ့ ဆေးနဲ့ ပုတီးကို ထုတ်ပေးလိုက်တယ်။ အဲဒီတော့ အိမ်ရှေ့မင်းသားပြောပုံကို ကြည့်ပါဦး. . . .

(၁၈၃) . . . ဘုန်းကျော်သည့်ရှင် ၊ ထွတ်ထိပ်တင်မှာ ၊ သာရှင့်ပျို့ပျူး၊ ဝမ်းပန်းမြူး၊ ဦးဦးကသာ၊ သည်အရာကို အရိယာမြတ်စော၊ မပြောတည့်ပါ၊ အသာအကြည် ၊ နေတော့သည်ဟု၊ ရောင်ခြည်လျှံပြေး၊ ပုတီးဆေးကို ၊ မနှေးလှမ်းယူ၊ လွယ်ကူရက်ရက်၊ ကျောင်းကထွက် . . .

"စောစောကများ ၊ ပြောလိုက်ပါတော့ ဘုရား၊ အချိန်တောင် မနည်းကုန်သွားပြီ" ဆိုတာမျိုး ပြောပြီး ဆေးနဲ့ပုတီးကိုယူ၊ ရသေ့ကို ဦးလေး ကမန်းကတမ်းချတဲ့ပြီး ကျောင်းကထွက်သွားပုံကို မျက်စိထဲ မြင်လာတာပဲ။

သူဇာကို နောက်တစ်ပါတ် ဆက်ပြီးရေးဦးမှာပါ။ ဒါပေမယ့် သူဇာပျို့ကို အလွယ်တကူ ရနိုင်မယ်ဆိုရင် ဖတ်ဖြစ်အောင် ဖတ်ကြည့်ကြစေချင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူဇာပျို့ဟာ လက်ာသွားနဲ့ ရေးထားတာ ဖြစ်သော်လည်း ပျို့ကိုဖတ်နေရတာနဲ့ မတူဘဲ ပြဇာတ်ကြီးတစ်ပုဒ်ကို ဖတ်နေရသလိုပါပဲ။ ဇာတ်ကောင်စရိုက် လူစရိုက်တွေက သိပ်ကိုပီပြင်ပါတယ်။ နောက်တစ်ပတ်မှာ အဲဒါတွေကို တင်ပြပါဦးမယ်။

(ရွှက်နုဝေ၊ မတ်လ ၊ ၁၉၉၉။)

ကဗျာဆရာကြီး 'တင်မိုး' ရဲ့
'ကာဗူလီဝါးလား' ဆိုတဲ့ ဝတ္ထုတိုကလေးထဲမှာ
သစ်သီးခြောက်ယိုတွေရောင်းတဲ့
ကာဗူလီ (ပထန်) ကြီးက သူ့သမီးထွေးလေးကို
သတိရတဲ့အခါ အလွမ်းဖြေကြည့်ဖို့
သမီးလေးရဲ့ 'လက်ရာ' ကလေးကို စက္ကူပေါ်မှာ
နှိပ်ပြီးယူလာခဲ့တာ သတိရမိတယ်။
ခေတ်ပုံတွေဘာတွေ မပေါ်သေးတဲ့ ခေတ်ဆိုတော့
ဒီလိုပဲ
ဖြစ်တတ်သမျှ သင်္ကေတကလေးတွေနဲ့
အလွမ်းဖြေကြရရှာမှာပေါ့။

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## ချစ်သောသူဇာ (၃)

အရင်တစ်ပတ်က ဝန်ကြီးပဒေသရာဇာရဲ့ လူ့သဘာဝ လူ့စရိုက်အဖွဲ့ကောင်းပုံကို တင်ပြပါဦးမယ်လို့ ပြောခဲ့ပါတယ်။ ဝန်ကြီးဟာ ရှေးခေတ်မြန်မာ စာဆိုအားလုံးထဲမှာ အလွန်အံ့သြစရာ ကောင်းပါတယ်။ သူ့ခေတ်သူ့အခါက စာဆိုတို့ရဲ့ အယူအဆ၊ ပညာရှိ ရဟန်းတော်တို့ရဲ့ စာပေမူဝါဒကို ဘာမျှ မစဉ်းစားဘဲ ဝတ္ထုကို ဝတ္ထုနဲ့တူအောင် လူကို လူနဲ့တူအောင် ရေးခဲ့သူဖြစ်ပါတယ်။

မင်းသမီးလေးသူဇာ ရွှေတောင်ကို ပြန်ရောက်လာတော့ နန်းတော်ကြီးတစ်ခုလုံး သဲသဲလှုပ်အောင် ပျော်မြူးနေကြပုံကို ဖွဲ့ထားလိုက်တာ စာဖတ်သူပါ ရောပြီး ပြုံးယောင်မြူးပျော် ဖြစ်လာလောက်အောင်ပါပဲ။ အထူးသဖြင့် လေဖြတ်သလိုဖြစ်ပြီး ချိနဲ့နေသူတွေတောင် လှုပ်လှုပ်ရှရှဖြစ်နေကြောင်းကို ရေးဖွဲ့တဲ့ အခန်းပါပဲ။

ဖတ်ကြည့်စမ်းပါ . . .

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com



တိမ်တိုက်မိုးမြေ ၊ ပျံ့သွားလေ ၊ ရွှေမြေဂီရိ၊ တိုင်သည်ရှိသော်၊ မဏိရောက်ထွန်း ၊ နန်းမတော်နောက်၊ ပျော်လောက်ထူးပြား၊ တန်းလျားရွှေ့တွင်၊ နန်းကြမ်းပြင်ထက်၊ အသာသက်သော်၊ ကြွက်ကြွက်ဆူသည်း၊ ခမည်းမယ်တော်၊ ခြောက်ဘော်အစ်မ၊ များလှပည်းထူး၊ နန်းသူအလုံး၊ ရွှင်ပြုံးကြည်ဖြူ အိပ်ပျော်သူလည်း၊ ဟောက်ရှုရာက ၊ ထကြွအပြင်း၊ ထမင်းစားခွက်၊ ပက်လက်ပစ်ခဲ့၊ ယဲ့ယဲ့နာကိုယ်၊ လူဆွံ့အိုလည်း၊ အလိုပြီးထိုင်၊ ရှိလက်စုံမိုး၊ ခိုးကြမြတ်လေး၊ မေးကြဆင့်ဆင့်၊ ချစ်ပွင့်လန်းကြ၊ မစားရဘဲ၊ ဝသည်ဝမ်းဝယ်၊ ပီတိကြွယ်၊ ရယ်ကြရွှင်ကြည် ၊ တစ်ချို့သည်လည်း ၊ မျက်ရည်ရွှမ်းကျ၊ ကြေကွဲကြ၍၊ ဒေဝိန္ဒရာဇာ၊ ရွှေတောင်ချာလည်း၊ ကြင်နာလွန်ကဲ၊ ဆံကိုခွဲ ၊ ယို့ရွဲပြိုက်သွယ် ၊ ထိပ်လယ် ပျံ့ကြူ ၊ နမ်းတော်မူသည်၊ ကြည်ဖြူပီတိ ၊ လန်း၍တည်း။

မင်းသမီးလေး သူဇာ ပြန်ရောက်လာလိုက်တော့ အလန့်တကြား အံ့သြပျော်မြူးကြပုံကို ရေးဖွဲ့ထားလိုက်တာ မပေါ်လွင်ဘူးလား။ တရှုးရှူး မြည်အောင်ဟောက်ပြီး အိပ်မောကျနေတဲ့ သူကတောင်



www.burmeseclassic.com

www.burmeseclassic.com



နိုးပြီးပြေးလာသတဲ့။ ထမင်းစားနေတဲ့သူကလည်း ပန်းကန်ကို သည်အတိုင်းထားပြီး ပြေးလာသတဲ့ ၊ လေဖြတ်ထားလို့ ချိနေတဲ့အဘိုးအိုလည်း စိတ်ဆောင်လို့ လူကောင်းဖြစ်ပြီး ထလာနိုင်သတဲ့၊ ခမည်းတော်ဘုရားကတော့ သမီးဖြစ်သူရဲ့ ဆံပင်ကလေးကိုခွဲပြီး ဦးကင်းထိပ်ကလေးကို တယုတယနမ်းပြန်သတဲ့။ ဒီလိုစိတ်ကူးစိတ်သန်းကောင်းဖို့ လွယ်တာ မဟုတ်ပေဘူး။ ခုခေတ်စကားနဲ့ ပြောရရင် ဝန်ကြီးက 'ပြော' တာ မဟုတ်ဘူး။ 'ပြ' သွားတာ။ များသောအားဖြင့် စာဆိုတွေ၊ စာရေးဆရာတွေဟာ 'အပြ' ထက် 'အပြော' ကို သန်တတ်ကြတယ်။ ဆိုလိုတာက 'ချစ်ကြောင်း' ကို ရေးဖွဲ့တော့မယ်ဆိုရင် အသည်းနင့်အောင် ချစ်တယ်၊ ရင်ထဲမှာ ဘယ်လိုနေအောင် ချစ်တယ်၊ မြင်းမိုရ်တောင်မက ချစ်တယ်၊ ပင်လယ်ပြင်လောက်ချစ်တယ် ဆိုတာမျိုးတွေကိုသာ 'အပြောနည်း' နဲ့ဖွဲ့ကြတာများတယ်။ 'ချစ်ကြောင်း' ကို ပေါ်လွင်လာအောင် 'အပြနည်း' နဲ့ ဖွဲ့နိုင်သူ အလွန်နည်းတယ်။ ဝန်ကြီး ပဒေသရာဇာကတော့ 'အပြနည်း' ကို ပိုင်ပိုင်ကြီး သုံးသွားတာပဲ။

မယ်တော်ဖုရားကလည်း သူ့သမီးထွေးလေး သူဇာကို ဝိုင်းအုံနမ်းနေကြတာ ငါနမ်းဖို့မှ ကျန်ပါတော့



www.burmeseclassic.com

www.burmeseclassic.com



မလား ၊ ရနံ့တွေ ပြယ်ကုန်တော့မှာပဲဆိုပြီး လှမ်းဟန့်လိုက်သေးတယ်၊ ဖတ်ကြည့်ပါဦး - - -

အတုလဒေဝမိတာ၊ မိမြတ်စွာလည်း၊ မေတ္တာဖြိုးစည်၊ မျက်ရည်ရွှမ်းစို၊ ငိုလည်းငို၊ တိုင်းဆိုမသိ၊ ဇော်ပီတိနှင့် ၊ မ ကြီးသခင်၊ နှောင်းမြင်ရှင်မ ၊ အထွေးလှကို ၊ ယုယရင်ခွင် ၊ ထားတင်ပိုက်မ၊ မနမ်းရသည်၊ ကြာလှပြီရှင့် ၊ နှစ်မြင့်ကျူး ၊ ယနေ့မှသာ၊ နမ်းရပါ၏၊ ငါသာနမ်းမည် ၊ ငဲ့သွေးရည်ကို၊ ချစ်ကြည်ထပ်မွှမ်း ၊ အုံကာနမ်းသော်၊ ညှိုးနွမ်းပျံ့ကြည်၊ ပြယ်တော့မည်ဟု၊ ဆိုမြည်နီးကန့်၊ ဝေးကဟန့်လျက်၊ စုံမက်ကြိမ်ဖန် ၊ နမ်းပြန်လေလေ ၊ ဖက် နေ၏ . . .

မင်းသားလေး နန်းတော်ကို ရောက်လာတော့လည်း ယောက်ျားတို့စွမ်းရည်ကို သိလိုတာကြောင့် ဝလာဟကမြင်းကို စီးစေတော်မူတယ်။ မင်းသားလေးက နိုင်နင်းစွာ စီးနင်းပြလိုက်တယ်။ မင်းကြီးသာမက ကျန်တဲ့ မှူးမတ်ဗိုလ်ပါ အပေါင်းကပါ အံ့ဩချီးကျူးကြတယ်။ ပရိသတ်အားလုံးကလည်း အံ့ဩနှစ်သက်ကြလွန်းလို့ ဘုရင်မင်းမြတ် ကိုယ်တော်တိုင် ရှုစားတော်မူနေတဲ့ မင်းပွဲသဘင်ပါလားလို့ သတိမရနိုင်တော့ဘူး အော်ဟစ် ကြွေးကြော်မိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းရေးကို စမ်းသပ်ပြီးတဲ့နောက် ဆင်ရေးကိုပြစေပြန်တယ်။ ဆင်ကို အဝပ်မခိုင်းတော့ဘဲ သည်အတိုင်း ခုတ်တက်လိုက်တယ်။ ချွန်းလည်း မကိုင်ဘူး။ ဆင်ကို ခြေနဲ့နှိမ်လိုက်တာ ဆင်ကြီးဟာ ဖင်ထိုင်ကျသွားတယ်။ ဒီတော့မှ ဆင်ရဲ့ ဦးကင်းပေါ်တက်လိုက်တယ်။ ဆင်ရဲ့ 'နောက်ထိုင်' ဆင်သမားခမျာကတော့ ကို့ယို့ကားယား ပက်လက်လန်ကျသွားတော့တာပေါ့။ ပရိတ်သတ်က ဝေါခနဲရယ်ကြတယ်

ဝန်ကြီးပဒေသရာဇာ ဝံ့ဝံ့စားစား ရေးရဲတာကလေး တစ်ခုကိုလည်း ထုတ်ပြလိုက်ချင်ပါသေး တယ်။ သူဇရဲ့ အစ်မတော် မင်းခြောက်ပါးက အပျိုကြီးတွေမဟုတ်လား။ သူတို့ကလည်း မင်းသားလေးကို ကျိတ်ပြီးချစ်နေကြတာ။ သူတို့ရဲ့ချစ်သူလို့ ထင်ယောင်နေကြတာ။ အဲဒါမျိုးကိုရေးဖို့ဆိုတာ မလွယ်လှဘူး။ ဖိုမသဘာဝကိုသိတယ်ပဲ ထားဦးတော့ ထုတ်ဖော်ပြီး ရေးလိုက်ဖို့လွယ်တာမဟုတ်ဘူး။ ဝန်ကြီးကတော့ ရေးပစ်လိုက်တာ။ မင်းသားလေးက ဆင်ရေး စွမ်းရည်ပြပြန်တော့ ဖင်ထိုင်ကျသွားတဲ့ဆင်ကို ဦးကင်းကျော်တဲ့ပြီး ပန်းကုံးပေါ်လှမ်းတက်လိုက်တဲ့အခါမှာ အပျိုကြီးခြောက်ယောက်က မင်းသားလေး လိမ့်ကျပြီထင်လိုက်လို့ ယောင်ပြီးအော်လိုက်ကြမိတာ ကြည့်ပါဦး --



www.burmeseclassic.com

www.burmeseclassic.com



ယဉ်မျိုးအလုံး၊ ပေါင်းယူကျုံးသည်၊ ထွက်ဆုံးတင့်ရာ၊ မင်းသူဇာနှင့်၊ ကိုယ်ဂွရောင်မြူး၊ မင်းခြောက်ဦးလည်း၊ သွယ်ဖြူမိုးရောက်၊ အနောက်နန်းမြင့်၊ ထက်ဘုံဆင့်က၊ လှစ်ဖွင့်လေသာ၊ ကြည့်ကြရာဝယ်၊ နန်းလျာရည်ထင်၊ အိမ်ရှေ့ရှင်ကို၊ သူ့လင်လုပ်၊ ရွှင်မွေ့ရွှေရင်၊ တူပင်ပျံ့ပျူး၊ မြူးထူးကြဟန် ၊ ပြန်ပြန်ထွေပြား ၊ စိတ်ကစားလျှက်၊ တမ်းပါးမူးမိုက်၊ မောခိုက်ဝယ်ပင်၊ ထိုဆင်ရုတ်ချည်း၊ ခွေထိုင်လည်းသော်၊ ကျော်သည်းမြေပြင်၊ သူသည့်ရှင်သည်၊ အလျင်ရုတ်ချင်း၊ ဦးကင်းကိုကျော်၊ ပန်းကုံးပေါ်သို့ ၊ ပြိုင်ပေါ်လျှပ်ခြည်၊ တက်တည့်သည်ကို၊ ယိမ်းဖည်လက်လွတ်၊ ကျမည်မှတ်၊ လှမြတ်စံထား၊ ခုနှစ်ပါးတွင်၊ ရှေ့ဘွားအကြီး ၊ ထွန်းညီးအင်ညီ၊ မင်းဟာရီက ၊ ထပ်ဆီထားတင် ၊ 'အိုငါ့လင်' ဟု ၊ ဆောလျင်နှုတ်လွတ်၊ ဆိုမိချွတ်၏၊ လျှံပတ်ရောက်မြူး၊ မင်းငါးဦးလည်း ၊ ထူးထူးပြားပြား၊ စကားထဲနက်၊ လျှို့ဝှက်သင့်စွာ ၊ မဆိုရာလျှက်၊ ကြီးစွာစိတ်ထား ၊ ရာဂအားဖြင့်၊ လန့်ကြားထိတ်လှ၊ ဆိုယောင်ကြ၏ ၊ သို့မှသတိ ၊ ရသည်ရှိသော် ၊ သီရိဝင်းဝါ၊ မင်းသူဇာကို ၊ ရှက်ရှာလှ ၊ ယဉ်မြေမျက်နှာ ၊ မသာညှိုးငယ်၊ သနားဖွယ်သည်၊ ပန်းနွယ် ညိုးညစ်ညှုး၏တည်း။ ။



www.burmeseclassic.com

www.burmeseclassic.com



အကြီးဆုံးအစ်မကြီး 'ဟာရီ' ကစပြီး ညီအစ်မ ခြောက်ဖော်ဟာ မင်းသားလေးအတွက် စိုးရိမ်ထိတ်လန့်သွားလို့ လွှတ်ခနဲ အော်မိအော်ရာ အော်လိုက်ပြီးမှ ညီမလေးသူဇာကို ရှက်သွားလိုက်ပုံ ဟာအံ့ဩစရာမကောင်းပေဘူးလား။ ဒီလိုမတ်တော် မောင်ကို စုံမက်နေမိကြောင်းကို ဖွဲ့သော်လည်း ကလက်တတ်တတ် မိန်းကလေးမျိုးတွေအဖြစ် ရောက်မသွားအောင် ပြန်ပြီး ထိန်းထားလိုက်တာလေး ကကော မပိရိပေဘူးလား။ အလွန်ကို တတ်နိုင်တဲ့ စာဆိုကြီးပါလားလို့ ဖတ်နေရင်းတောင် ပြုံးမိပါတယ်။

ဒီလိုနဲ့ ခမည်းတော် မယ်တော်တို့က သဘောတူနှစ်သက်ကြတာကြောင့် ငွေတောင်မှာပဲ ဇနီးမောင်နှံအဖြစ်သာမက အိမ်ရှေ့အရာကိုလည်း အပ်နှင်းပါတယ်။ သူဇာလည်း သမီးတော်လေးတစ်ပါး ထပ်ပြီးဖွားမြင်ပါတယ်။ ထုတ်ပြချင်တာက အဲဒီ သမီးတော်လေးအတွက် ဝန်ကြီးရေးဖွဲ့ခဲ့တဲ့ ပုခက်လွှဲ 'ချေင်း' ကလေးပါ။ မင်းသား မင်းသမီးတွေအတွက် ချေင်းဆိုရင် ခမည်းတော် မယ်တော် ၊ ဘိုးတော် ဘွားတော်တွေရဲ့ ဘုန်းတန်ခိုးစွမ်းရည်ကိုသာ ရေးဖွဲ့ ကြတာပါ။ သဘောကတော့ 'အို--အရှင့်သားလေး ဘုရား - အရှင့်ဘိုးတော်ဟာဆိုရင် ဘယ်နိုင်ငံကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ချီတက်အောင်မြင်တော်မူခဲ့ပါတယ်။ အရှင့် ခမည်းတော်ဟာဆိုရင် ဘယ်လို ဘုန်းလက်ရုံး စွမ်းရည်ကြီးခဲ့ပါတယ် ဆိုတာမျိုးတွေကို ရေးဖွဲ့ကြ စမြဲပါ။ အဲဒါတွေကို အချီတော် အယတော် အထိန်း တော်တွေက သီကျူးပြီး ကလေးကို ချော့ကြ သိပ်ကြရ ပါတယ်။ အခု ဒီသူဇာပျို့ထဲမှာ ဝန်ကြီးပဒေသရာဇာ ချောင်းဖွဲ့ပုံကို ကြည့်ပါဦး - - -

သို့ကိုမဲ့ကို၊ စက်လိုပဲပ၊ နွဲ့ယဆော့လှ ၊ ပြန်ကာ လေ ၊ ပဟာမာမည်မှတ် ၊ ဂီရိထွက်ဝယ် ၊ နတ်ကိုအုပ်စိုး၊ အခေါင်မိုးလျက် ၊ တန်ခိုးရောက်ထိန် ၊ နေနှယ်ရှိန်၊ ဒေဝိန္ဒရာဇာ၊ မည်သာလွှံ့ပေါ် ၊ ထိန့်ထိန့်ကျော်သည်၊ ဘိုးတော်ဘုရား၊ နတ်ထွက်ဖျားကို ရွှေနားကြားအောင်၊ ထိပ်ခေါင်ဖျားမှာ၊ ထားစရာသည် ၊ ထိပ်ချာသလေး၊ ကွေးလေးပျံ့ပျူး၊ စက်လိုဘူးဟု ၊ စူးစူးသွားရောက်၊ ပြေးတည့်လျှောက်လျှင် ၊ ရွှေမှောက်ထွတ်တင်၊ ဘိုးရှင်ပင်သည်၊ နာကျင်တည့်ရိုက်မည်တကယ်သာ၊ စက်ပါတည့်လျင်ရေး ၊ ဘိုးရှင်မြေး ။ ။ ညီရေး စုဝေး၊ နွဲ့ယာဉ်လေးသည်၊ ယဉ်ကျေးနုမွှေး ချိုပျောင်းဧ ။ ။

အော် ပြက်ကယ်ဆို၊ ရွှေကိုယ်ဖန်ပြု၊ ရုပ်တု ယဉ်နု ၊ ပြိုင်မှုလေ ၊ မတူနိုင်ဘူး၊ လှမျိုးကျူးသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဦးတင်ကာ ၊ ထားစရာကို ၊ မဖြူစိတ်လက် ၊ ရိုက်ရက်ပါမည် . . . .

ကိုင်း - - ကြည့်စမ်း။

"အိပ်ပါဆိုလည်း ခုထက်ထိမအိပ်ဘူး။ လက်လှုပ် ခြေလှုပ်နဲ့ဆော့နေတာပဲ။ နတ်အပေါင်းကို အစိုးရတဲ့ ဘိုးတော်ဘုရားကို သံတော်ဦး သွားတင်လိုက်ရင် ဘိုးတော်က ရိုက်လိမ့်မယ်နော်။ အော် -- - အေးအေး တိတ်ပါ တိတ်ပါ အလကားပြောတာနော်-- ဒီလောက်ချစ်စရာကောင်းတဲ့ကလေးကို ဘယ်သူက ရိုက်ရက်ပါ့မလဲ--- ချစ်လို့ ကျီစားတာပါ အေးအေး" ဆိုတာမျိုး ဖြစ်မနေပေဘူးလား။ ကလေးကို တကယ်ချော့နေတဲ့ ရုပ်သံရှာသံပါပဲ။

စိတ်ထင် ပြောလိုက်ရရင်တော့ ဝန်ကြီးပဒေသရာဇာက အနောက်ဘက်လွှန်မင်းတရားကြီးကို အလွန်မြတ်နိုးရှိသေသော်လည်း (တကယ်တော့ ချစ်လို့ချစ်တာပါ) အဲဒီလိုချစ်သော်လည်း "လူဆိုတာ လူပါပဲ" လို့ လူကိုလူလိုပဲ တစ်ပြေးတည်းမြင်ခဲ့တဲ့ စာဆိုကြီးလို့ ပြောချင်မိပါတယ်။ နောက်ပြီး ကလေးချော့တဲ့ ချင်းကိုကလေးအိပ်ချင်အောင် ချော့တာမျိုးမဟုတ်ဘဲ ဘိုးတော် ခမည်းတော်တွေကို မွှန်းနေတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူးနဲ့ တူပါတယ်။ ဒါကြောင့် ချေင်းကို ချေင်းနဲ့ တူအောင် ထည့်ရေးခဲ့ဟန်ရှိပါတယ်။

ဒီလိုနဲ့ မင်းသားလေးက ခမည်းတော် မယ်တော်တို့ရှိရာ လူတို့ဌာနီကို ပြန်ချင်တယ်၊ သူဇာကလည်း သားတော်လေးကို လွမ်းတယ်ပေ့ါ။ ပြန်ကြတော့မယ်။ ဒီအခါမှာ ခမည်းတော်နတ်မင်းကြီးကလည်း မင်းကျင့်တရားအသွယ်သွယ်ကို သွန်သင်ဆုံးမ မှာကြားတော်မူတယ်။ မယ်တော်ကလည်း သမီးထွေးလေး သူဇာအတွက် စိတ်မချနိုင်လို့ အမျိုးမျိုး မှာကြားတော်မူတယ်။ မှာကြားပုံတွေဟာ ဒီကနေ့ မိဘတွေ မှာကြားပုံအတိုင်းပါပဲ။ ဖတ်ကြည့်စမ်းပါ --

×××× နေပြည်ရပ်ခွင်၊ ရောက်လေလျှင်သာ၊ မ ရှင်သည်းကြား၊ မောင့်မြောက်သားမှာ ၊ ဆွေဝါးသားချင်း၊ အရင်းအချာ ၊ ဖွေရှာထူးလည်၊ တစ်ယောက်မည်မျှ ၊ မောင့်ပြည်ရပ်ဝယ် ၊ ကိုးကွယ်ရမည်၊ မရှိသည်ကို၊ ရှေ့ရည်ရတနာ၊ ထောက်ထားညှာ၊ ကြင်နာသနား၊ များများချစ်ပါ၊ မိသည်းချာသည်၊ လိမ္မာနည်းလှခဲ့သည်တည်း။ ။

ကြင်နာစလောက်၊ သားနှစ်ယောက်ပင် ၊ တင့်ထောက်ဖွားမြော်၊ မြင်သော်ငြားလည်း၊ မြော်ခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရေးရာ ၊ မည်သည်မှာမျှ ၊ သိရှာပါဘူး၊ အရှုးတိုင်းပင်၊ မမြင်ထောက်ငဲ့၊ ဖြစ်ခဲ့သည်မောင်၊ ကုန်အောင်မကြွင်း၊ သားချင်းအစ်မ၊ တို့မိဘကို၊ ဒေါသ မျက်ပါ၊ ငယ်ရုပ်ဝါနှင့်၊ လိုရာဖြစ်စေ၊ ထွေထွေဆိုးနွဲ့ ၊ ဆိုသကဲ့သို့ မငဲ့မညှာ၊ မနာအားပါး၊ ဆိုမိပြားလည်း၊ ဘုရားဆုယူ၊ နှလုံးမူ၊ ကြည်ဖြူထဲသံ၊ သည်းခံပါလေ . . . .

"သားရယ် မောင်တို့နေပြည်တော်မှာ သမီးလေးအဖို့ ဆွေမျိုးသားချင်းရှိတာ မဟုတ်ဘူး၊ ထည့်လိုက်ရပေမယ့် သမီးကအမိုက်ကလေးမို့ စိတ်မချဘူး။ ဒင်းကလေးက ကလေးနှစ်ယောက်သာ ရလာခဲ့ပေမယ့် ဘာမှသိတတ်သေးတာ မဟုတ်ဘူး။ တကယ့်ရှူးရှူးနှမ်းနှမ်းရှိသေးတာ။ အိမ်မှာတော့ အငယ်ဆုံးလေးမို့ အကုန်လုံးက အလိုလိုက်ထားတော့ နွဲ့ဆိုးဆိုးပြီးသူလိုချင်တာလောက်ကိုသာ သိတတ်တာ။ အဲဒီလိုများ နွဲ့ဆိုးဆိုးလာရင် ငါ့သားကြီးက ဘုရားဆုပန်မင်းယောကျ်ားပါ။ သားက သည်းခံလိုက်ပါနော်"

ကဲ . . . ဝန်ကြီး ရေးဖွဲ့လိုက်ပုံက ဘယ်လောက်များ လက်တွေ့ဘဝဆန်လိုက်ပါသလဲ။ ဒီနေ့မိခင်တွေဟာလည်း သမီးကို တစ်ရပ်တစ်ရွာထည့်လိုက်တော့မယ်ဆိုရင် ဒီလိုပဲမှာကြားနေကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီး ပဒေသရာဇာဟာ ဝန်ကြီးဖြစ်နေသော်လည်း တကယ့်ကို လူသားတွေကို နားလည်နိုင်ပေတာပဲ။

မယ်တော်ဘုရားက မှာကြားသလိုပဲ အစ်မတော် (မရီးတော်) တွေက မှာကြားပုံကိုလည်း နားထောင်ကြည့်ပါဦး - -

မင်းရှင်လှငယ်၊ စိတ်ချလျှော့ကာ၊ မမေ့ပါနှင့် မကြာနေ့ရက်၊ ကိုယ်လက်ကျန်းကြောင်း၊ မကျန်းကြောင်းက ၊ လဲပြောင်းထွေလည်၊ တို့ပြည်ရပ်မှာ ၊ သုံးဆောင်ရာလျှင် ၊ ခန္ဓာစုံစေ့၊ လိုသ နှင့် ၊ ညဥ့်နေ့ မကင်း၊ အခင်းကိစ္စ၊ ရှိသမျှကို ၊ တီးတွမကြာ၊ ရွှေပေစာနှင့်၊ ကြားမှာသတင်း၊ ကြောင်းခြင်းကြိမ်ခေါက်၊ ရောက်ပါစေရှင် ၊ အလျှင်နိုးထ ၊ နောက်မှအိပ်လေ့၊ မေး မူဆောင် ၊ ချစ်အောင်ကျင့်ရှယ် . . .

အစ်မတော်တွေမှာပုံကလည်း ချစ်စရာ၊ သနားစရာပါပဲ။ သူတို့ညီမထွေးလေးကို "ဟိုရောက်ရင်လည်း နောက်ကြောင်းကို မေ့မပစ်လိုက်နဲ့ဦး၊ မာကြောင်းသာကြောင်း စာမကြာခဏရေး၊ ကြားလား ဒီမှာ လိုချင်တဲ့ပစ္စည်းရှိရင်လည်း လှမ်းပြီးမှာလိုက်။ ဒီမှာနေသလို နေမြင့်အောင်လည်း အိပ်မနေနဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင်မဆိုတာ ကိုယ့်လင်ယောကျ်ားအလျင် နိုးရတယ်။ သူဘာလိုချင်သလဲ ၊ ဘာစားချင်သလဲဆိုတာကို မေးပြီး အကြိုက်ကိုဆောင်ပေးရတယ်၊ ကြားလား”

ကဲ. . . တကယ့်ကိုသဘာဝနဲ့ ဟပ်မနေပေဘူး လား။ ရေးလိုက်တဲ့ ဇာတ်လမ်းကတော့ တကယ့် စိတ်ကူးပုံပြင်ပါပဲ။ တကယ့် ဒဏ္ဍာရီပါပဲ။ ဒါပေမယ့် ဇာတ်ဆောင်စရိုက်ကတော့ လူပြီသလိုက်သမှ ဒီခေတ် ဝတ္ထုရေးဆရာတွေတောင် မီနိုင်ပါ့မလားလို့ ထင်ရ လောက်အောင်ပါပဲ။

ဝန်ကြီးက ရာဇရေး၊ ဓမ္မရေး၊ လောကရေး စတဲ့အဆုံးအမတွေကို ဦးစားမပေးဘူး။ တကယ့်ကို ဝတ္ထုကို ဝတ္ထုပီသအောင် ရေးပစ်ခဲ့တာ။ ဒါကြောင့် “သူဇာကိုလည်း မပစ်နဲ့ ၊ စာနုကိုလည်းမချစ်နဲ့” “အနုပညာသည် အနုပညာအတွက်” မဖြစ်စေနဲ့လို့ ပြောခဲ့ကြပေတာပဲ။ ။

(ရွှက်နုဝေ ၊ ဧပြီလ ၊ ၁၉၉၉)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"သူဇာပျို့ကို ရေးနေတာ ပြီးပဲမပြီးနိုင်တော့ဘူးလား" လို့ မဖြစ်ကြစေချင်ဘူး။ တခြားပညာရှင်တွေက အမှတ်မထင် ချန်ထားခဲ့တာလေးတွေက စိတ်ဝင်စားစရာ ကောင်းလွန်းလို့ ရေးနေတာပါ။ ဒီတစ်ပတ်ကတော့ နောက်ဆုံးဖြစ်တဲ့အတိုင်းသူဇာပျို့နိဂုံး အကြောင်းကို ရေးပါတော့မယ်။

သူဇာပျို့နိဂုံးကို ဖတ်ရတာဟာ တခြားပျို့နိဂုံးတွေကို ဖတ်ရတာနဲ့ မတူပါဘူး။ ကြည်နူးစရာလွမ်းမောစရာတွေနဲ့ ပြည့်ဝနေတဲ့ နိဂုံးလို့ ပြောလိုက်ချင်ပါတယ်။ သူဇာတို့ ဇာတ်ကြောင်းကိုထက် နိဂုံးကိုမကြာခဏ ပြန်ပြန်ဖတ်မိတတ်ပါတယ်။ သူဇာတို့ဇာတ်ကြောင်းက စိတ်ကူးဇာတ်လမ်း မဟုတ်လား။ နိဂုံးကတော့ စာဆိုတော်ကြီးရဲ့ တကယ့်ဇာတ်လမ်းဖြစ်နေတယ်။ အဲဒီနိဂုံးကို ဖတ်လိုက်မိပြီဆိုရင် ဝန်ကြီးပဒေသရာဇာကို သူဇာထက်တောင်ပိုပြီး ချစ်မိစရာအကြောင်းရှိပါတယ်။ တကယ့်ကို မေတ္တာတရားကြီးမားတဲ့ စာဆိုကြီးပါပဲလို့ ခဏခဏ လွမ်းမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စကားဖြတ်ပြီး ပြောလိုက်ရဦးမယ်။ နိဂုံးတွေဟာ စာဆိုရဲ့ သဘောထားကို ထောက်ပြလေ့ရှိတယ် မဟုတ်လား။ ဆရာတော် ရှင်မဟာရဋ္ဌသာရ ကလည်း ကိုးခန်းပျို့နိဂုံးမှာ ရေးခဲ့ဖူးသေးတယ်လေ၊ တွေ့ဖူးကြမှာပါ။

"ပညာမုန်ယို၊ အရွယ်ပျိုက၊ မဆိုစလောက်၊ မာန်စောင်မြောက်၊ နှုတ်ငေါက်လွန်မိ၊ ဒေါသရှိလည်း နောက်ပြီးတစ်ခါ၊ ရိုသေစွာလျှင်၊ ဤစာ 'ကိုးခန်း' ပုလဲပန်းဖြင့်၊ စိတ်ကျန်းမာန်လျှော့၊ ငါကန်တော့၏" တဲ့။

မင်းတို့ မျိုးဆက်သစ်လူငယ်တွေတော့ဖြင့် မပြောတတ်ပေဘူး။ ငါဖြင့် ငယ်ငယ်က အဲဒီစာလေးကို ဖတ်ပြီး ကယောင်ကတမ်း ရှင်မဟာရဋ္ဌသာရကို သနားသလိုလို ၊ ချစ်သလိုလို၊ လွမ်းသလိုလို ဖြစ်ခဲ့မိတာအမှန်ပါပဲ။ အခု သူဇာပျို့နိဂုံးကတော့ ပိုလို့တောင် လွမ်းမောစရာ ကောင်းပါသေးတယ်။

ဝန်ကြီး ပဒေသရာဇာက သက္ကရာဇ် ၁၀၄၅ လောက်မှာ ဖွားမြင်ပါတယ်။ ဟံသာဝတီ ရောက် မင်းတရားကြီးက ၁၀၇၅ မှာ ဖွားမြင်တယ်။ အသက် ၃၀ လောက် ကွာပါတယ်။ သူဇာပျို့ကို ၁၁၀၃ ခု၊ ကဆုန်လဆန်း ၈ ရက် စနေနေ့မှာ ရေးဖွဲ့ပြီးတယ်။ ဒီတော့ ဝန်ကြီးရဲ့ အသက်ဟာ ၅၈ နှစ်ရှိနေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူဇာပျို့ကို မရေးမီ ပျို့ခြောက်စောင်ကိုရေးပြီး ဆက်ခဲ့သေးတယ်။ အဲဒါတွေက မနော်ပျို့၊ ကုမ္မာဘယပျို့၊ ဒန္တာသီရိပျို့၊ နုအူပျို့၊ ကြာနတ်ကေသာပျို့၊ မဟာပတိပျို့ ဆိုတာတွေပါပဲ။ အဲဒါတွေပြီးမှ သူဇာပျို့ကို ရေးတာပါ။ သူဇာပျို့ကို ရေးနေစဉ်မှာပဲ သိဒ္ဓတ္ထမင်းသား တောထွက်သွားတဲ့အခါမှာ ယသော်ရောမင်းသမီး လွမ်းဆွေးကျန်ရစ်ပုံကိုဖွဲ့တဲ့ 'ယသော်တမ်းချင်း' ပျို့၊ ဆန္ဒအမတ်နေပြည်တော်ကို ပြန်လာလျှောက်ထားခန်းကိုဖွဲ့တဲ့ 'ငဆန်ပြန်' ပျို့၊ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ဘုရားရှင် ကပ္ပိလဝတ်နေပြည်တော်ကို ပြန်ကြွဝင်လာခန်းကိုဖွဲ့တဲ့ 'ပြည်တော်ဝင်'ပျို့တွေကို ကြားဖောက်ပြီး ရေးလိုက်ရသေးတယ်။ အဲဒီပျို့တွေ ရေးပုံရေးနည်းကို ကြည့်စမ်းပါဦး .

ကဗျာယဉ်ကျူး၊ စီတည်ဦးဟု ၊ ဘုန်းမြူးရောင်ဝါ၊ ထိန်ထိန်ဖြာသည်၊ ရာဇာများဘာ၊ ဗျာဒိတ်ဟာ၊ ကာလလည်းမီ၊ ကျမ်းလည်းညီလျက် ၊ နာအီဘွယ်မှု၊ နုလည်းနုရွှင် ၊ လေးဖင်ချိုကျော် ၊ ယသောတမ်းချင်း၊ သာညင်းချိုလွန် ၊ ငဆန်ပြန်နှင့် ၊ တတန်မည်ပင်၊ ပြည်တော်ဝင်ဟု ၊ စီရင်ဖန်ဆောင် ၊ ပျို့သုံးစောင်ကို၊ ကုံးမြောက်လွယ်ကာ၊ မကြာလျှင်လျှား ၊ လေးငါး ရက်ပ၊ ရေးဆက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပျို့သုံးစောင်ကို လေးငါးရက်လောက်နဲ့ ပြီးအောင် ရေးလိုက်တယ်ဆိုတော့ ဝန်ကြီးရဲ့ ကဗျာ ပါရမီဟာ မအံ့သြလောက်ပေဘူးလား။

ဝန်ကြီးရဲ့ အဘိုး အဖတို့ကိုယ်တိုင်လည်း ဝန်စု၊ မှူးစုဝင်တွေဖြစ်ခဲ့လေတော့ ဝန်ကြီးကိုယ်တိုင် လည်း ငယ်စဉ်ကတည်းက ထီးရိပ်နန်းရိပ်မှာပဲ ကြီးပြင်း ခဲ့ရတယ်လို့ ဆိုရမယ်။ သက္ကရာဇ် ၁၀၆၀ မှာ နန်းတက် တဲ့ စနေမင်းလက်ထက်မှာ စုရေးစုတိုအဖြစ် အမှုထမ်း တော့ အသက်ဆယ့်ငါး ဆယ့်ခြောက်လောက်ရှိမှာ ပေါ့။ ဒါပေမယ့် အဲဒီအချိန်မှာ ကဗျာတွေ အတော်ရေး နေပြီ။ အဲဒီနောက် ၁၀၇၆ မှာ နန်းတက်တဲ့ တနင်္ဂနွေမင်း လက်ထက်မှာတော့ နောင်အခါမှာ ဟံသာဝတီ ရောက်မင်းတရားကြီး ဖြစ်လာမယ့် အိမ်ရှေ့ မင်းသားရဲ့ အချီတော်အဖြစ် ခစားရတယ်။ ဒီတော့ သူ့သခင်လေးဟာ သူ့လက်ပေါ်မှာပဲ ကြီးလာခဲ့တာလို့ တောင် ဆိုနိုင်ပါတယ်။ မင်းသားလေးကလည်း သူရဲ့ အချီတော်ကို ‘ကျွန်’ ရယ်လို့ သဘောမထားဘူး။ အလွန်ချစ်ရှာတယ်။ ခေါ်တာတောင် ‘ဆရာ’ လို့ ခေါ်တာသာ ကြည့်တော့။

ညောင်ရမ်းမင်း ဆက်ဆက်မှာ နောက်ဆုံး မင်းဖြစ်တဲ့ ‘သောကြာမင်း’ ခေါ် ‘မဟာဓမ္မရာဇာဓိပတိ’



www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီရောက် မင်းတရားကြီး နန်းတက်လာတော့ ဝန်ကြီးကို 'ဘယကျော်သူ' ဆိုတဲ့ ဘွဲ့နဲ့တကွ အဆောင်အယောင်တွေပါ ချီးမြှင့်မြှောက်စားတော်မူတယ်။ အဲဒီနောက် မကြာခင်မှာပဲ ဘယကျော်သူရဲ့ ဇနီးသည်က ကွယ်လွန်သွားတယ်။ သည်တော့ သူလည်း စိတ်လေဟန်တူပါတယ်။ အိမ်မှာလည်း အိမ်ထောင်ထိန်းသိမ်းသူ မရှိလေတော့ ကစင့်ကလျား ဖြစ်နေမှာပေ့ါ။ စားချိန်အိပ်ချိန်ဆိုတာမျိုးတွေကိုလည်း တယ်ပြီးဂရုပြုဟန်မရှိဘူး။ ဒါကို အရှင်သခင်ဖြစ်တဲ့ ရှင်ဘုရင်က သတိထားမိပါလိမ့်မယ်။ အဲဒီလိုသတိထားမိတာကိုက သူတို့နှစ်ဦးရဲ့ တွယ်တာဆက်ဆံမှုကို ပေါ်လွင်စေတယ်။

ဒီအချိန်မှာ တိုက်ဆိုင်လာပုံက ဝန်ကြီးမှူးမတ်မျိုးရိုးထဲက အမျိုးသမီးမုဆိုးမ တစ်ယောက်ရှိနေတယ်။ သူက ခင်ပွန်းသည်ကွယ်လွန်သွားတော့ မိခင်လည်း ရှိနေသေးတာမို့ မောင်ငယ်တစ်ယောက်နဲ့ အတူ သားအမိသုံးယောက်နေကြတယ်။ ပစ္စည်းဥစ္စာ ခြွေရံသင်းပင်းအလွန်ပြည့်စုံတဲ့ မိသားစုပါ။ မောင်ဖြစ်သူကလည်း စစ်ဘက်ကမှူးကြီးတစ်ယောက်ပါ။ အမိကကွယ်လွန်သွားတယ်။ မကြာခင်မှာပဲ မောင်ဖြစ်သူကလည်း ကွယ်လွန်ပြန်တယ်။ ဒီတော့ အမွေပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ပြဿနာဖြစ်လာတယ်။ အမွေဟာ အထက်သို့ မဆန်ရဘူးဆိုတဲ့ ဓမ္မသတ် ပညတ်ချက်လည်း ရှိနေတယ်မဟုတ်လား။ ဒီတော့ အစ်မကြီး ဖြစ်သူဟာ မောင်ငယ်ရဲ့ ပစ္စည်းအမွေစုကို ယူပိုင်ခွင့် မရှိဘူး။ အစ်မဖြစ်သူကလည်း သူ့မှာ ကိုယ်ပိုင် စည်းစိမ်တွေ ရှိနေလေတော့ မမက်မောပါဘူး။ ဒါကြောင့်လှည်းနဲ့ တိုက်ပြီး ဘုရင့်ဘဏ္ဍာတော်တိုက် သွင်းစေတယ်။ ဒီအခါမှာ မင်းတရားကြီးက ဝန်ကြီး ပဒေသရာဇာကို နားချတာပဲ။ ဒီအကြောင်းကို ဝန်ကြီး ပြန်ပြီးရေးထားတာလေးကို ဖတ်ကြည့်စမ်းပါ။ လွမ်းစရာလေးမို့ပါ။

ချစ်သည်လူပေါင်း အိမ်ရှင်ဟောင်းလည်း၊ လဲ့ပြောင်းရွေ့ကာ၊ ခန္ဓာတည်မဲ့၊ ဖြစ်ခဲ့နောက်ဝယ်၊ တစ်ယောက်တည်းသာ၊ ချုပ်ချာထင်ပေါ်၊ အမှုတော်ကို သွေချော်မကွက် ၊ ထမ်းဆောင်ရွက် ၊ မြဲချက်မှာပင်၊ နေ့ဝင်ညဝင်၊ ဖင်ဖင်မူးမော်၊ ခေါ်တော်ခေါ်တော်၊ ချိန်လျော်မဲ့ထွေ ၊ ညနေနံနက် ၊ ညဥ့်နက်သန်းခေါင်၊ တိုင်အောင်ကြာစောက်၊ မရောက်အိမ်ရာ၊ ရှိသောခါဝယ်၊ ထိပ်ချာထားတင်၊ ကျေးဖူးရှင်ကား ကြည်လင်မေတ္တာ၊ ဝါစာပေယျ၊ သင်္ဂဟကို ၊ နေ့ညမမေ့၊ ဆောင်မြဲလေ့ဖြင့်၊ ချမ်းမြေ့ သာလှ၊ ရွှေခန်းဟ ၊ ဆရာ့အိမ်ဝယ်၊



www.burmeseclassic.com

www.burmeseclassic.com



အလွယ်တည်းလည်း၊ သိမ်းဆည်းမည့်သူ၊ ကိုယ်တူမရှိ၊ ဖြစ်ဘိသောအား၊ မလျော့ကျလျားခဲ့၊ မယားမညီ ၊ ခိုမှီလှာကြ၊ ညှော့မလှ၊ ဆိုထစဥ်လျှား၊ ထိုစကားလည်း၊ မမှားမသွေ ၊ မှန်ပချေဟု ၊ တူနေပေါင်းရှက်၊ ငါစုံဘက်မူ၊ ငဲ့ကွက်မခွါ၊ နားထောင်ပါဟု၊ သာယာဖြားဖြား၊ သားကိုမိဘ၊ ဆုံးမတိုက်တွန်း၊ အိမ်ထောင်ညွှန်းသို့၊ ရွှေခွန်းပျံ့ကြည်၊ ဗျာဒိတ်ရည်ကို ၊ ကြားသည်မှစ ၊ ရက်လများမြောင်၊ ခုတိုင်အောင်ပင်၊ သည်းခေါင်ဆွတ်လွတ်၊ ချစ်မြတ်ကြီးအင်၊ သည်အရှင်သို့၊ သည်းခေါင်ဆွတ်လွတ်၊ ချစ်မြတ်ကြီးအင်၊ သည်းအရှင်သို့၊ တူပင်မျှရာ၊ ကမ္ဘာသာတိ၊ သချ်ာသချော်၊ ကပ်လွန်လေလည်း၊ တွေ့ချေဘယ်မှာ၊ ကြုံကြိုက်ပါလိမ့်၊ နှိုင်းရာမရ၊ အဘသခင်၊ ကျေးဇူးရှင်ဟု ၊ မြော်တင်မိုဖျား၊ ပြောစားသံချို၊ ဆိုလည်းဆိုမြွက်၊ ရှိလက်ထိပ်ပြင်၊ မတင်ဖူးမိ၊ မည်မရှိသည်၊ ပီတိရွှင်ပျော်လန်းလန်းတည်း ။ ။

'ဖင်ဖင်' ဆိုတာက အဖန်ဖန်လို့ ဆိုလိုတာပါ။ 'ဝါစာပေယျ' ဆိုတာက ချစ်ဖွယ်သောစကားကို ဆိုလိုတာပါ။ ဟံသာဝတီရောက်မင်းတရားကြီးက စိတ်နှလုံးအလွန်နူးညံ့တော်မူဟန်ရှိတယ်။ အပြောအဆိုလည်းချိုသာဟန်ရှိပါတယ်။ မင်းတရားကြီးနဲ့ ဝန်ကြီးဟာကျွန်-အရှင်ဆက်ဆံရေးမျိုး မဟုတ်တော့ဘဲ သွေးသား



www.burmeseclassic.com

www.burmeseclassic.com



ရင်းချာလို ရင်းနှီးနေကြပုံရပါတယ်။ မင်းတရားကြီးက ဘယ်လောက်ပင် အရေးပေးထားသော်လည်း ဝန်ကြီးကရောင့်တက်ရောဝင်မနေဘဲ အရှင်သခင် အဖြစ် မြတ်နိုးရိုသေမှု မပျက်အောင် နေတတ်ပါ လိမ့်မယ်။ ဒါကြောင့်လည်း မင်းတရားကြီးက ချစ်မြတ် နိုးတာဖြစ်မှာပေါ့။ ဝန်ကြီးက နန်းတော်ဝင်းထဲမှာပဲ နေရမှာပေါ့။ ဒီတော့ နေ့နေ့ညညဆိုသလို မင်းတရား ကြီးနဲ့တွေနေရမှာပေါ့။ နောက်ပြီး ညဥ့်နက်သန်းခေါင် တိုင်အောင် အိမ်ပြန်မရောက်ဘဲ စိတ်လေပြီး သွားလာ နေတတ်တာကိုလည်း သိနေတော့မှာပေါ့။ စိတ်ထင် မှန်းပြီးပြောရရင် 'လယ်သမား' 'ထန်းတက်သမား' 'လှေသမား' စတဲ့ ဆင်းရဲသားတွေရဲ့ ဘဝဝန်းကျင်ကို အဲဒီအချိန်မှာ သေသေချာချာ ထိတွေ့ခဲ့တယ်လို့တောင် ထင်မိပါတယ်။ နောက်ပြီး အဲဒီတျာချင်းတွေမှာ များသောအားဖြင့် သူတို့တစ်တွေ မြိန်ရေရှက်ရေ ထမင်းစားကြပုံကို အားကျစိတ်နဲ့ ရေးထားတာကို တွေ့ရပါလိမ့်မယ်။ သူကတော့ စားလို့မမြိန် အိပ်လို့ မပျော်ဖြစ်နေရှာမှာကိုး။ ဒါကြောင့် သူတို့တစ်တွေက ဘာမှမဟုတ်တဲ့ ဟင်းတွေနဲ့ အားရပါးရ 'ငုံ့လျက်ကိုယ် စီသာ ဆုပ်ကာလွေး' ကြတာကို စာဖွဲ့တာ ဖြစ်မှာပေါ့။

ဒါကို အရှင်သခင်ဖြစ်တဲ့ မင်းတရားကြီးက



www.burmeseclassic.com

www.burmeseclassic.com



သိနေတော့ မနေနိုင်တော့ဘူး။ "ဆရာရယ် . . . . . . အိမ်ရှင်မ မရှိတော့ ဆရာ့မှာလည်း စိတ်လေပြီး ဟိုသွားဒီသွား ၊ သန်းခေါင်သန်းလွဲတောင် အိမ်ပြန်မရောက်ဖြစ်နေပြီ။ နောက်ပြီး အိမ်ရှင်မ မရှိတော့ ကိုယ့်ကိုမှီခိုတဲ့သူတွေ ဘာတွေလာရင်တောင် ဧည့်မလှဖြစ်နေမှာပေါ့။ ဒီတော့ . . . " စသည်အားဖြင့် နားချပါလိမ့်မယ်။ အဲဒါကို ဝန်ကြီးကလည်း "ဩော် . . . ငါ့အပေါ် မိဘက သားသမီးကို ဂရုစိုက်သလို ချစ်ခင်ရှာပေတယ်" ကျေးဇူးတင်တယ်။ ဒါကြောင့် ဒီလိုအရှင်သခင်မျိုး ကမ္ဘာအဆက်ဆက်မှာတောင် တွေ့နိုင်မယ် မဟုတ်ပေဘူးလို့ ရေးခဲ့တာပေါ့။

ဝန်ကြီးက သူ့အရှင်သခင်လေးကို ဘယ်လောက်ချစ်လိုက်သလဲဆိုရင် ကြည့်ပါဦး။

တရားအလျှော်၊ သက်တော်မြင့်ရှည် ၊ ဘုန်းတော်တည်၊ ကြံစည်ရာရာ ၊ မကြာလျှင် လျှား၊ အောင်စေသားဟု ၊ ထိပ်ဖျားဆယ်ချောင်း ၊ စုံကာပေါင်းလျက် ၊ ဆုတောင်းမေတ္တာ၊ ပြုသည်သာလျှင် ၊ ထိပ်ချာဖုန်းမော်၊ ကျေးဇူးတော်ကို၊ သင့်လျော်ဆပ်ရာ၊ မထောင်းတာဟု ၊ စိတ်မှာယူဆ ၊ ကောင်းမှတ်ရ၏၊ ဘဝသည်ဝယ်၊ ယခုနှယ်လျှင်၊ များကြွယ်သံသာ၊ နောင်သောခါလည်း၊ မကွာဆင့်ဆင့်၊ ရှင်နှင့်ကျွန်သာ၊



www.burmeseclassic.com

www.burmeseclassic.com



ဆက်ကာကာလျှင် ၊ ဖြစ်ပါရကြောင်း၊ ကျွန်ုပ်တောင်း သည်၊ ရည်ချောင်းမြဲမြဲသေချာတည်း။

သက်တော်ရှည်၊ ဘုန်းတော်ကြီးလို့ တရားနဲ့ အညီ နိုင်ငံတော်ကို အုပ်စိုးနိုင်ပါစေ ၊ ကြံသမျှစည်သမျှ အောင်မြင်တော်မူပါစေလို့ လက်စုံမိုးပြီး ဆုတောင်း ပါတယ်။ ဒါပေမယ့် ဒီလိုဆုတောင်းတာလောက်နဲ့ ကျေးဇူးတော် မပြေနိုင်ပါဘူး၊ ဒါကြောင့် သံသရာ အဆက်ဆက် ဘဝအဆက်ဆက်မှာ မင်းတရားကြီးနဲ့ အရှင် - ကျွန် အဖြစ်ဆုံပါရစေလို့ ဆုတောင်းတယ်။ ပဒေသရာဇ်ခေတ်မှာ အရှင်နဲ့ ကျွန် တစ်ဦးကိုတစ်ဦး ဒီလောက်တွယ်တာ ချစ်ခင်ကြတာ အလွန်ရှားတယ်။ ဒါမျိုးလေးတွေကို တွေ့လိုက်ရတဲ့အခါ စိတ်ထဲမှာ လွမ်းလွမ်းဆွေးဆွေးဖြစ်မိတယ်။ ဗိုလ်မင်းပြတ်ဇ သေတော့ ရာဇာဓိရာဇ် ဝမ်းနည်းပမ်းနည်း ငိုတာ၊ လဂွန်းအိမ်ရဲ့ အလောင်းကိုတွေ့တဲ့အခါ ရာဇာဓိရာဇ် က အလောင်းကို ဖတ်ငိုတာတွေ ဖတ်ရတဲ့အခါ စိတ်ထဲမှာ လွမ်းလွမ်းဆွေးဆွေးကြီး ဖြစ်နေမိတော့ တာပဲ။ စကားကြုံလာလို့ ပြောလိုက်ရဦးမယ်။ ဆရာ ဇော်ဂျီဟာလေ (ကိုယ့်ဆရာမို့ ကိုယ်မွှန်းတာမဟုတ် ပါဘူး) သိပ်ကို အပြောတတ်တာပဲ။ “တကယ်လို့ မြန်မာ့သမိုင်းဟာ ခရီးလမ်းကြီးတစ်ခုဖြစ်ခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



မင်းခေါင်နဲ့ ရာဇာဓိရာဇ်တို့ခေတ်မှာ အတော်ကြာကြာလေး နားနေချင်တယ်” တဲ့။ ဆရာ့စကားလေးဟာ ဘယ်လို နားဝင်ချိုမှန်းကို မသိဘူး။

အခုလည်း မြန်မာစာပေသမိုင်းဟာ ခရီးလမ်းကြီးတစ်ခု ဖြစ်နေခဲ့ရင် ဟံသာဝတီရောက် မင်းတရားကြီးနဲ့ ဝန်ကြီး ပဒေသရာဇာတို့ခေတ်မှာ အတော်ကြာကြာလေး နားနေချင်မိတယ်လို့ ပြောရတော့မှာဘဲ။

ဝန်ကြီး ပဒေသရာဇာအကြောင်းကို ပြန်ကောက်လိုက်ရဦးမယ်။ ဝန်ကြီးက မေတ္တာတရားလည်း အလွန်ကြီးမားပုံရတယ်။ တစ်ဖက်သားကိုလည်းဘယ်သူကိုမဆို အလေးထားတတ်ပုံရတယ်။ ဒါကြောင့်လည်း လယ်သမား ထန်းသမားတွေရဲ့ နေ့စဉ်ဘဝကို ချစ်စိတ်နဲ့ ရေးဖွဲ့နိုင်တာပေါ့လေ။ ဝန်ကြီးက အရှင်သခင်စုံဖက်ပေးတဲ့ ဇနီးသည်ကိုလည်း မြတ်မြတ်နိုးနိုးချစ်ရှာတယ်။ ဇနီးသည်ကို ဖွဲ့ထားလိုက်တာလေးကလည်း တကယ့်ကိုလှပေတာပဲ၊ ကြည့်ပါဦး - -

စုံဘက်တော်မူ ၊ အတူတကွ ၊ ပေါင်းနေရသော်၊ နေကြစိတ်ရှိ ၊ အမိတစ်ခါ။ ပေါ်ပြန်လှာသို့၊ မေတ္တာခွေရစ် ၊ ရိုသေချစ်၏၊ မညစ်မညူး၊ လွန်ကျူးကြည်ဖြူ လူလည်းချစ်နှေ၊ ရိုသေတုပ်ကွ၊ မယားအပြား၊



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်ပါးတွင် ။ မြတ်ဖျားထားသည့်၊ ဒါသီမည်ဟု ။ ဆောက်တည်သဖြင့် ။ ကောင်းကျင့်မြတ်မှတ် ။ လင်၌ ဝတ်လည်း ၊ မချွတ်စေရ . . .

'အမိတစ်ခါ၊ ပေါ်ပြန်လှာသို့' ဆိုတာလေးကို ကြားလိုက်ရရင် ဝန်ကတော်ရဲ့ စိတ်ထဲမှာ ဘယ် လောက်များ ကြည်နူးလိုက်လေမလဲလို့ မှန်းပြီး မြင်ယောင်ကြည့်မိတယ်။ မယားအပြား ခုနှစ်ပါး ရှိတာမှာ အမြတ်ဆုံးဟာ ကျွန်နှင့်တူသော မယားပေ ကိုး။ ဝန်ကြီးက ဇနီးသည်ကို အမိနဲ့တူတယ်တဲ့။ အမြင့်မြတ်ဆုံးဖြစ်သော ကျွန်နှင့်တူသော မယား လည်း ဖြစ်ပါတယ်တဲ့။ ဒါပေမယ့် ဝန်ကြီးက အိမ်ထောင်ရေး ကံမကောင်းရှာပါဘူး။ အဲဒီဇနီးဟာ လည်း နှစ်နှစ်လောက်ပဲ ပေါင်းလိုက်ရတယ်။ ကွယ်လွန် သွားရှာပြန်ပါတယ်။ ချစ်တတ်သူတွေဟာ အလွန်ခံစား ရတတ်မြဲမဟုတ်လား။ ဝန်ကြီးက အလွန်ချစ်တတ် တဲ့သူဆိုတော့ သူခံစားရပုံလေးကို "မဏိကတ်ပျို့" နိဂုံးမှာ ဒီလိုဖွဲ့ထားခဲ့ပါတယ် . . .

နှမလည်းသွင် ၊ မိခင်းလည်းမှန် ၊ ခင်ပွန်း အဆွေ ၊ ကျွန်ရာနေသည့်၊ မသွေမေတ္တာ၊ ကြင်နာမြဲပင်၊ အိမ်ထောင့်ရှင်နှင့် ၊ ဘယ်တွင်ဒေါသ၊ မြူမျှဆံရှိ၊



www.burmeseclassic.com

www.burmeseclassic.com



မငြိတွေးခေါ် ။ ရှင့်မှုတော်ကို၊ သာပျော်စိတ်ကြည်၊ ထမ်းပါသည်ကို ။ မရှည်နှစ်ဆစ် ။ နှစ်နှစ်စံပ၊ မပေါင်းရပါ။ သေမင်းခွါ ။ အူချာပြတ်မျှ ။ ကွေကွင်းရအောင်၊ ရှုတမပြေ ။ စွဲလမ်းနေလည်း၊ အိမ်ဆွေမွေးမယ်၊ ရှိသည့်နှယ်လျှင် ။ စိတ်ဝယ်ထင်လျက် ။ တသက်သက်သာ၊ နက်ဖန်ခါလျှင် ။ ပေါ်လာနိုးနိုး၊ သန်းညှိုးမှုးမော်၊ သန်ဘက်သော်လည်း ။ ဖူးမျှော်ရမည်၊ စိတ်စွဲရည်၊ ကြံစည်ပျံ့လွင့်၊ တထင့်ထင့်ပင်၊ နှစ်မြင့်ကြာရှည်၊ မျက်ရည်ရှိန်းနူး၊ ရရှိဖူး၏ . . .

'ဒေါသ' ဆိုတာက ဒီနေရာမှာ အမျက်ကို ပြောတာမဟုတ်ပါဘူး။ 'အပြစ်' ကိုဆိုလိုတာပါ။ အပြစ်ဆိုလို့ မြူလောက်တောင် မရှိခဲ့တဲ့ ဇနီးသည်ပေ့ါ။ နှမလေးကိုလည်း ချစ်ရ၊ မိခင်ကိုလည်း ချစ်ရ၊ မိတ်ဆွေကောင်းလိုလည်း အားကိုးရ ဆိုတာလေးတွေ ရေးသွားလိုက်ပုံဟာ ဝန်ကြီးရဲ့ မေတ္တာစာတ် ကြီးမားပုံကို ထင်းထင်းကြီး ပေါ်လွင်နေစေတော့တာပါပဲ။

အလွန်ချစ်ပြီး အရှင်သခင်ရဲ့ အမှုတော်ကို ပျော်ပျော်ကြီးထမ်းနေတုန်းမှာ ရုတ်တရက် ကွယ်လွန်သွားဟန်တူပါတယ်။ ဒါကြောင့် ဟိုနား ဒီနားခရီးသွားလိုက်သလို ထင်ယောင်ထင်မှားဖြစ်ပြီး နက်ဖန်ပဲ ရောက်လာတော့မလိုလို၊ သန်ဘက်ခါပဲ ရောက်လာ တော့မလိုလို



www.burmeseclassic.com

www.burmeseclassic.com



အမှတ်မထင် ယောင်ယောင်မှားမှား မျှော်လင့်နေရင်း သွေ့သွားပါလား၊ ဘယ်တော့မှ ပြန်လာတော့မှာ မဟုတ်ပါလားလို့ တွေးမိလိုက်တော့မျက်ရည် မဆည် နိုင်အောင်ဖြစ်ပုံကို ရေးထားလိုက်တာများ ဖတ်ရတဲ့သူ တကယ့်ကို ရင်နင့်လောက်ပါပေတယ်။

တို့များတစ်တွေက ဦးပုညရဲ့ စာတွေကို ရှေးဦးတွေ့ရတာမဟုတ်လား။ ဝန်ကြီးရဲ့ သူဇာပျို့ကို နောက်မှ တွေ့ကြရတာကိုး။ ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်း ဝတ္ထုကို ငယ်ငယ်လေးကတည်းက ဖတ်ပြီးလွမ်းခဲ့ ရတယ်။ နောက်ဆုံး ဇာတ်သိမ်းပိုင်းမှာ ဆဒ္ဒန်ဆင်မင်း ရဲ့ အလောင်းကို မီးသဂြိုလ်အပြီးမှာ မဟာသုဘဒ္ဒါ မိဖုရား လွမ်းပုံကို ဦးပုညက . . .

ခေါ်ယောင်မျှော်ကာ၊ ပေါ်လာလိမ့်နိုး။ ထင့်ကိုဆိုင်းလင့်၊ တဖင့်နွဲ့နွဲ့၊ မျက်ရည်ရွဲနှင့်. . .

ဆိုတာလေးကို ဖတ်လိုက်ခဲ့မိစဉ်က ဦးပုညဟာတကယ်ကို ကောင်းပါပေရဲ့၊ စိတ်ကူး၊ စိတ်သန်းလည်း ဆန်းပါပေရဲ့လို့ အောက်မေ့ခဲ့ဘူး တယ်။ ခုကျတော့ ဦးပုညဟာလည်း တို့များလိုပဲ ဝန်ကြီးရဲ့ အလွမ်းကို ခံစားမိရှာပေလိမ့်မယ်လို့ တွေးလိုက်မိပါတယ်။

ကဲ - - အထက်မှာပြောခဲ့တဲ့အတိုင်းပါပဲ၊ သူဇာ



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးလေးနဲ့ အိမ်ရှေ့မင်းသားလေးတို့ရဲ့ ဇာတ်လမ်းကောင်းပုံက တစ်မျိုး၊ ဝန်ကြီးရဲ့ နိဂုံးဇာတ်လမ်းကောင်းပုံက တစ်မျိုးပါပဲ။ အရှင်ဖြစ်သူ ဟံသာဝတီကို ပါသွားတော့ ကျွန်ဖြစ်သူလည်း ပါရတော့တာပေ့ါ။ ကွယ်လွန်ကြတော့ ဟံသာဝတီပါ မင်းတရားကြီးက အသက် ၄၀လောက်၊ ဝန်ကြီးက အသက် ၇၀ လောက်ရှိပါပြီ။ သန်လျင် ကျိုက်ခေါက်ဘက်ကို ရောက် လိုက်ရင် ဝန်ကြီးကို မလွမ်းဘဲမနေနိုင်ဘူး။

သူ့ဇာကို ချစ်နေမိတာကိုး။ ။

(ရွက်နုဝေ၊ မေလ ၊ ၁၉၉၉)

ဆရာဇော်ဂျီဟာလေ
(ကိုယ့်ဆရာမို့ ကိုယ်မှန်းတာမဟုတ်ပါဘူး)
သိပ်ကို အပြောတတ်တာပဲ။
"တကယ်လို့ မြန်မာ့သမိုင်းဟာ
ခရီးလမ်းမကြီးတစ်ခုဖြစ်ခဲ့ရင် မင်းခေါင်နဲ့
ရာဇာဓိရာဇ်တို့ခေတ်မှာ အတော်ကြာကြာလေး
နားနေချင်တယ်" တဲ့။
ဆရာ့စကားလေးဟာ
ဘယ်လို နားဝင်ချိုမှန်းကို မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com

မနီဒေညီမင်းဘောရဝပုမျူး (၁)



www.burmeseclassic.com

www.burmeseclassic.com



## မန်လည် မင်္ဂလာရတုများ (၁)

ဂန္တဝင်မိတ်ဆက်ကို ရေးရာမှာ လေးလေးနက်နက်တွေကိုချည်း ဆက်တိုက်ရေးနေရင် စာဖတ်သူလူငယ်တွေမှာ ပျင်းရိငြီးငွေ့သွားမှာ စိုးတာကြောင့် ပေါ့ပေါ့ပါးပါးလေးတွေကိုလည်း အလှည့်ပေးပြီး ရေးသွားပါဦးမယ်လို့ ပြောခဲ့ပါတယ်။ ဒီတစ်ခါမှာတော့ဖြင့် မာန်လည်ဆရာတော်ရဲ့ 'မင်္ဂလာရတု' တွေကို မိတ်ဆက်ပေးလိုက်ပါရစေ။

ဒီမင်္ဂလာရတုတွေကို 'သျှိုးလိုက်ရတု' လို့လည်းခေါ်ပါတယ်။ နောက်ပိုင်းမှာတော့ဖြင့် 'သျှိုး' က နေပြီး 'ရွှဲ' ကိုပြောင်းသွားပါတယ်။ ရှင်ပြုအလှူမင်္ဂလာပွဲတွေမှာ 'ရွှဲတိုက်' တယ်ဆိုတာ ကြားဖူးကောင်းကြားဖူးပါလိမ့်မယ်။ မောင်ရင်လောင်း သီချင်းထဲမှာတောင် 'ရွှဲတိုက်' သံကလေးတစ်ချက်ကို တွေ့လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ဆရာကြီးမင်းသုဝဏ်ရေးတဲ့ ‘ပြောသံ’ ကို သီချင်းဖွဲ့ပြီး ‘ဥက္ကလာမောင်’ သီဆိုထားတဲ့ ‘တောအလှူ’ သီချင်းထဲမှာလည်း ‘ရွှဲတိုက်’ သံလေး တစ်ချက် ထည့်ထားတာ ကြားလိုက်ရပါသေးတယ်။

ရှေးခေတ်က ရှင်ပြုအလှူမင်္ဂလာ လုပ်ကြပြီ ဆိုရင် မောင်ရှင်လောင်းရဲ့ သူငယ်ချင်းတွေက သူတို့ သူငယ်ချင်း မောင်ရှင်လောင်းကို လက်ကငင်ပြီး မဏ္ဍပ်အတွင်း သွင်းကြပါတယ်။ ရှင်လောင်းသွင်းတယ် လို့လည်းခေါ်ပါတယ်။ ဒီအခါမှာ ဘိသိက်ဆရာလို ရှင်လောင်းသွင်း အခမ်းအနားလုပ်ပေးတဲ့ ရှင်လောင်း သွင်း ဘိသိက်ဆရာကို ငှားရတဲ့အခါလည်း ရှိပါတယ်။ သူ့ခေတ်ရဲ့ သူ့အခါမှာတော့ အဲဒီရှင်လောင်းသွင်းတဲ့ လူတွေကလည်း တယ်ပြီးခေတ်ကောင်းခဲ့ဆိုပဲ။ သူတို့ ရွတ်ကြတဲ့ စာတွေကလည်း အလွန်ပဲ ပြောင်မြောက် တယ်လို့ ပြောကြတာမှတ်သားခဲ့ရဖူးပါတယ်။ ငါတို့ ကြားခဲ့ရဖူးသလောက်ကို (စကားကြုံလာလို့) ပြော လိုက်ရပါဦးမယ်။ တောင်တွင်းကြီးမြို့ရဲ့ အနောက် ဘက် ၈ မိုင်ကွာလောက်မှာ သဖန်းကုန်း ဆိုတဲ့ရွာရှိ ပါတယ်။ အဲဒီရွာက သူငယ်ချင်း တစ်ယောက် ပြောပြ တာကို အမှတ်မထင် မှတ်သားလိုက်ရတာပါ။ တစ်ခါ မှာ ‘မိတဆိုးရှင်ပြု’ လေး တစ်ခုလုပ်တယ်။ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



တောင့်တင်းတော့ အတော်လေး ခမ်းခမ်းနားနား လုပ်လိုက်တယ်ပေါ့။ ဒီမှာ ရှင်လောင်းသွင်းတဲ့ ဘိသိက်ဆရာက မိခင်ကိုယ်တိုင်က ရှင်လောင်းကို ဆံချတဲ့အခါမှာ ပိတ်ဖြူစွန်းကို ဖခင်နဲ့ အတူကိုင်စေချင်ကြောင်း၊ မိခင်မရှိတော့ လွမ်းတမိကြောင်း၊ ကောင်းကင်တာဝတိံသာက ဆင်းလာပြီး သင်္ကန်းတောင်းကို ရွက်စေချင်တဲ့အကြောင်း ဆိုတာမျိုးတွေကို ဆိုင်းတစ်လှည့် အဆိုတစ်လှည့်နဲ့ ရှင်လောင်းသွင်းလိုက်တာ တစ်ဆွေတစ်မျိုးလုံး မျက်ရည်မဆည်နိုင် ရှိုက်ကြီးတငင် ဖြစ်ကြပြီး ၊ အလှူပွဲဟာ ငိုပွဲကြီးဖြစ်သွားလို့ ရှင်လောင်းသွင်းဆရာကို တော်ပါတော့လို့ ဝိုင်းပြီး တောင်းပန်ယူရတယ်လို့ ပြောပြပါတယ်။

ပြောချင်တာက ရှေးခေတ်က ခုလို လေယာဉ်ပျံခေတ် ၊ ဒုံးပျံခေတ် ၊ ဂဒေါ်ဂမျှောခေတ် မဟုတ်ဘဲ အေးအေး ဆေးဆေး ခေတ်ဖြစ်လေတော့ ရှင်လောင်းလှည့်တာ ရှင်ပြုတာကို အေးအေး ဆေးဆေး ဖြေးဖြေး နှေးနှေးပဲ။ ရှင်လောင်းကို မြင်းနဲ့ လှည့်တယ်။ နားထွင်းမိန်းကလေးကို လှည်းယာဉ်ကျော့နဲ့လှည့်တယ်။ ဘေးကကြည့်တဲ့လူကလည်း သေချာ အေးအေး ဆေးဆေး ကြည့်ရတာ။ ခုခေတ် ရန်ကုန်မှာ ရှင်လောင်းလှည့်တာမျိုး မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ ရှင်လောင်းလှည့်တာ မင်းတို့လည်း မြင်ဖူးကြပါလိမ့်မယ်။ လောက်စပီကာနဲ့ ‘ဗုံခြမ်းဗုံခြမ်း’ နဲ့ အော်ဂင်တီးသံပါကြားလိုက်လို့ ဘာပါလိမ့်မလဲလို့ လှမ်းကြည့်လိုက်တော့ မော်တော်ကားနောက်မြီးပဲ မြင်လိုက်ရတော့တယ်။ ဘေးကလူပြောတော့မှ ‘အော်. . . ရှင်လောင်းလှည့်တာကိုး’ လို့ သိလိုက်ရတော့တာ။

ဒီတော့ ရှေးခေတ်က ကဗျာတွေကို လေ့လာပြီဆိုရင် သူတို့ခေတ်က အခြေအနေကိုလည်း သိပါဦးမှဖြစ်တာ။ အထက် ပြောခဲ့သလို အေးအေးဆေးဆေးခေတ်။ အချိန်ကိုဘာမှ ငဲ့နေစရာမလိုတဲ့ခေတ်။ အချိန်တွေပိုနေတဲ့ခေတ်။ ပိုက်ဆံငွေကြေးရှိရင်ရှိသလို ရှင်ပြုမင်္ဂလာကိုပဲ သုံးလေးရက်လောက် လုပ်ချင်လုပ်နေကြတာ။ ရုံးပိတ်ရက်တို့ ဘာတို့ကို ထည့်ပြီးစဉ်းစားစရာ လိုတာမဟုတ်ဘူး။ ဒါတွေကို အခြေခံ သိထားဖို့လိုပါတယ်။

## သျှိုးလိုက်ရတု

အထက်မှာ ပြောခဲ့တဲ့အတိုင်း မောင်ရှင်လောင်းကို သူငယ်ချင်းတွေက ဝိုင်းဝန်းခေါ်ငင်ထားကြပြီး မဏ္ဍပ်အတွင်း ဝင်လာကြတယ်။ အဲဒီမှာ အသံ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း အဆိုကောင်းတဲ့ သူငယ်ချင်းက ရတုကိုတိုင်ပြီး ဆိုရတယ်။ ရတုတစ်ပိုဒ် ဆုံးလိုက်တိုင်းမှာ ကျန်တဲ့ အဖွဲ့က 'ရွဲ' လို့ အော်ကြတယ်။ ရတုတစ်ပိုဒ်ဆိုတာ ကလည်း အရှည်ကြီးမဟုတ်ဘူး။ ခပ်တိုတိုလေးပါ။ မူလကတော့ 'သျှိုး' လို့ အော်ခဲ့ကြဟန်တူပါတယ်။ နောက်ပိုင်းမှာတော့ 'ရွဲ' လို့ အော်တာပဲ ကြားဖူးပါ တော့တယ်။ "သျှိုး" ဆိုတာက 'သျှရီ' ကျက်သရေ မင်္ဂလာ ပြည့်စေသတည်း ဆိုတာမျိုးဖြစ်တယ်လို့ ဆရာကြီးများပြောတာ မှတ်သားရဖူးပါတယ်။ ဒီဆောင်းပါးမှာတော့ 'ရွဲ' လို့ပဲ သုံးပါတော့မယ်။ တစ်ခါတစ်ရံမှာလည်း အလှူကြီးနေ့မတိုင်မီ ညနေပိုင်း လောက်မှာ မောင်ရှင်လောင်းကို သူငယ်ချင်းတွေက ဝိုင်းဝန်းခေါ်ဆောင်ပြီး မောင်ရှင်လောင်းရဲ့ ဆွေတွေ မျိုးတွေ အိမ်တွေကိုသွားပြီး ရွဲတိုက်ကြတာလဲရှိတယ်။ ကာလသားပေါက်စဘာဝ ပျော်ပျော်ပါးပါး မုန့်ဖိုး တောင်းကြတာပါပဲ။ ဆွေမျိုးတွေကလည်း ဆုပေး ရတာပေါ့။ ကာလသားပေါက်စလေးတွေရော မောင်ရှင်လောင်းပါ ပျော်ရတဲ့ပွဲပါ။ မောင်ရှင်လောင်း က ပိုးပန်းနေသူ၊ သို့မဟုတ် မောင်ရှင်လောင်းရဲ့ ချစ်သူ အိမ်ဖြစ်နေရင်၊ ရွဲတိုက်ခေါင်းဆောင် ပိုးပန်းနေသူ မိန်းကလေးတစ်ယောက်ရဲ့ အိမ်ဖြစ်နေမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အချင်းချင်း ခတ်သိတွေမို့ ဘယ်လောက် ပျော်နေကြမယ်ဆိုတာ မှန်းကြည့်နိုင်ပါတယ်။

သျှိုးလိုက်ရတုရဲ့ အသံအသွားအလာလေး ကို ရိပ်မိအောင် နဲနဲထုတ်ပြလိုက်ပါတယ်။ မာန်လည် ဆရာတော်ရဲ့ 'အသဒိသ' ရတုက အစပိုဒ်လေးတွေကို ထုတ်ပြလိုက်ပါတယ်။ နောက်တော်သားတွေက ရွှဲလိုက်ရတဲ့နေရာမှာ 'ရွှဲ' ဆိုတာကိုပါ ထည့်ပေးလိုက်ပါ တယ်။ ကြည့်ပါဦး

ဇာတိပုည ၊ ဂုဏ်မာနဖြင့် ၊ သံပကြူး ရိုက်တွန်. . . ရွှဲ

မိုးစွန်ထောင်လွှား ၊ မျိုးလေးပါးတို့ ၊ တက်ပွား မာန်တန်ခွန်ကို . . . . ရွှဲ

လွန့်ထက်လွန်သည်၊ သည်းဝှန်စက်မုန်တိုင်း၊ ခြေတော်ရင်းအောက်၊ မြူနှယ်ပျောက်အောင် ၊ လှူပ်ချောက် ဖြတ်ချွေပိုင်းသား . . . . ရွှဲ

တုမဲ့နှိုင်းသည်၊ စံခိုင်းဘက်မမြင် ၊ ဥက္ကာဘိဇာတ်၊ ဥက္ကာနတ်သည်၊ သက္ကဌ်သာကီစင် တည်း. . . . ရွှဲ

ခုခေတ်လို အသံချဲ့ စက်တွေဘာတွေလည်း မရှိသေးဘူးမဟုတ်လား။ ဒီတော့ အသံပေါက်ပြီး အာရှင်းတဲ့ ကျောင်းသား နှစ်ယောက် သုံးယောက်က



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်စီ တိုင်ရတယ်။ တို့များခပ်ငယ်ငယ်က တောအလှူတစ်ခုမှာ 'ရွှဲတိုက်' တာ ကြားလိုက်ဖူးပါသေးတယ်။ ကျောင်းသားနှစ်ယောက်က တစ်လှည့်စီ တိုင်တာပါ။ အတော်လေး နားထောင်လို့ ကောင်းတာကို မှတ်မိနေပါသေးတယ်။ 'တိုက်' ဆိုတာဟာ 'တိုင်' တာပါပဲ။ ရွှဲတိုက်တယ်ဆိုတာ ရွှဲတိုင် တာပါပဲ။

မာန်လည်ဆရာတော်လို့ ဆိုလိုက်ရင် မဟာသုတကာရီ မဃဒေဝလင်္ကာကြီးကို ပြေးပြီး မြင်ယောင်လိုက်မိတာချည်းပါပဲ။ ကြောက်ခမန်း လန့်မခန်း ကောင်းတဲ့ လင်္ကာကြီးပါပဲ။ အဲဒီ လင်္ကာကြီးကို အမှာစာရေးတဲ့သူက လင်္ကာကြီးဖြင့်ပင် ကဗျာပါရဂူ အောင်လံတော်ကြီးကို လွှင့်ထူတော်မူခဲ့သည်လို့ ရေးခဲ့တာ တကယ့်ကို ရေးလောက်လို့ ရေးလိုက်တဲ့ အမှာစာ ဆိုလောက်ပါပေတယ်။ အဲဒီလို ခန့်ထည် လေးနက်တဲ့ စာတွေကို ဖတ်လိုက်ရတော့ စာကိုဖတ်နေရင်း ဆရာတော်ကို ကြောက်လာတယ်။ သူ့စာသံထဲမှာ သူ့အသံက ဟိန်းပြီးထွက်နေသလို ခံစားကြားယောင်နေရတာကိုး။ မကြောက်ဘဲ နေနိုင်ပါ့မလား။ ဒါပေမယ့် ဒီသျှိုးလိုက်ရတုတွေကို ဖတ်လိုက်ရပြန်တော့ ဆရာတော်ကြီးကို ချစ်လာမိ ပြန်တယ်။ ဆရာတော်က ကလေးတွေကို တယ်ချစ်တတ်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



တယ်အလိုလိုက်တာပဲလို့ ခံစားမိပြန်တယ်။ ဒါတွေက နောက်ပိုင်း ရောက်မှ ရှင်းလာပါလိမ့်မယ်။

ဆရာတော်က အလှူအကြောင်းတွေ၊ အလှူရှင်ရဲ့ အကြောင်းတွေ ၊ ဒါနအကြောင်းတွေ ၊ သာသနာတော်အကြောင်းတွေကို မဖွဲ့ဘူး။ ဇာတ်တော်တွေကိုပဲ ဖွဲ့တယ်။ ကြားနာသူတွေ ဗဟုသုတ ရစေချင်တဲ့ စေတနာကြောင့် ဖြစ်မယ်ထင်ပါတယ်။ ပထမဆုံး 'အသဒိသ' ရတုကို တင်ပြလိုက်ပါတယ်။

**အသဒိသဝတ္ထု**

အသဒိသဝတ္ထုကို လူတိုင်းမသိကြဘူး။ သိတဲ့လူနည်းတယ်။ ဒါကြောင့် မူရင်းဝတ္ထုအကြောင်း လေးကို အတိုချုပ်တင်ပြ လိုက်ပါဦးမယ်။

ဗာရာဏသီဘုရင် မင်းမြတ်မှာ သားတော် တစ်ယောက်ဖွားမြင်တယ်။ အသဒိသ လို့ အမည်မှည့်တယ်။ အသဒိသ မင်းသားပြေးတတ်လွှားတတ် အရွယ်ရောက်တော့ နောက်သားတော် တစ်ယောက်ကို ဖွားမြင်တယ်။ ဗြဟ္မဒတ် လို့မှည့်တယ်။ အသဒိသမင်းသား ဆယ့်ခြောက်နှစ်ရောက်တော့ တက္ကသိုလ်ပြည်ကို ပညာသင်သွားရတယ်။ လေး အတတ်မှာ သူမတူအောင် ထူးချွန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီမင်းကြီးက ငါမရှိရင် သားတော်ကြီး အသဒိသကို ထီးနန်းပေးပြီး ဗြဟ္မဒတ်ကို အိမ်ရှေ့အရာနှင်းကြလို့ မှာကြားပြီး နတ်ရွာစံသွားတယ်။ အသဒိသမင်းသား ပြန်ရောက်လာတော့ ထီးနန်းကို အပ်နှင်းပေမယ့် လက်မခံဘူး။ ညီတော်ကိုပဲ ထီးနန်းသိမ်းစေတယ်။ အဲဒီမှာ မလိုသူ တွေက ဗြဟ္မဒတ်မင်းကို တွန်းကြတိုက်ကြလုပ်တော့ ဗြဟ္မဒတ်က အသဒိသကို သံသယဖြစ်လာတယ်။ အသဒိသ မင်းသားအကျိုးကို လိုလားတဲ့သူတွေက ဒီအကြောင်းကို ပြောပြတော့ အသဒိသ လည်း အမျက်ထွက်တာနဲ့ တိုင်းတပါးကိုထွက်ပြီး ဘုရင် တစ်ပါးထံမှ လေးသည်တော်အဖြစ် ခစားတယ်။ သူ့ကိုဘုရင်ကပေးတဲ့ ရိက္ခာလစာဟာ တစ်ခြား လေးသမားတွေကို ပေးတာထက်များတော့ တခြား လေး သမားတွေကလည်း သိပ်တော့ မကျေနပ်ကြဘူး။

ဒါနဲ့ တစ်နေ့မှာ ဘုရင်က ဉယျာဉ်တော် ကစားထွက်တယ်။ ဉယျာဉ်တော်ထဲမှာ ဘုရင်က ကျောက်ဖျာတစ်ခုကို ဘေးကတင်းတိမ်ကာပြီး စံမြန်းနေရင်း မော့ကြည့်လိုက်တော့ သရက်သီး တစ်လုံးကို မြင်လိုက်မိတယ်။ လူတက်ခူးလို့ ရနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးမဟုတ်ဘူး။ လေးနဲ့ပစ်ယူရမယ့် သရက်သီး ဖြစ်နေတာကို သိတယ်။ လေးသည်တော်တွေကို ပြောတော့ သူတို့က လေးသည်တော်အသစ်ရဲ့ စွမ်းရည်ကို စမ်းသပ်သင့်ကြောင်း လျှောက်ထားကြ တယ်။

ဒီတော့မှ အသဒ်ိသမင်းသားက တက်သော မြားနဲ့ရတဲ့ သရက်သီးကို အလိုရှိပါသလား။ သက်သော မြားနဲ့ ရတဲ့ သရက်သီးကို အလိုရှိပါသလား မေးတယ်။

ဘုရင်က တက်သောမြားနဲ့ သရက်သီးကို ရစေတာ တွေ့ဖူးပြီး သက်သော မြားနဲ့ ရတဲ့ သရက်သီးကို လိုချင်တယ်လို့ပြောတယ်။ ပေးဆက် ပါ့မယ်၊ တင်းတိမ်တွင်းကို ဝင်ပါရစေလို့ ပြောပြီး တင်းတိမ်ထဲမှ အဝတ်အစားလဲတယ်။ ကိုယ်မှာ ဝှက်ပြီးယူလာတဲ့ အဆက် တစ်ထောင်ရှိတဲ့ ဆိတ်ချို လေးတော်ကို ဆင်တယ်။ တင်းတိမ်ထဲက ထွက်လာ လိုက်တော့ မြေကိုခွဲပြီးထွက်လာတဲ့ နဂါးလုလင်လို တင့်တယ်တယ်။ ပရိတ်သတ် အားလုံးဟာ ရင်သပ် ရှုမောပေါ့။

မင်းသားက ပထမမြားတစ်စင်းကို လွှတ် လိုက်တယ်။ အဲဒီမြားက သရက်ညှာကို တစ်ဝက်လွှာ



www.burmeseclassic.com

www.burmeseclassic.com



သွားတယ်။ နောက်မြား တစ်စင်းကို ရွှေမြားထက် အဟုန်ပိုပြင်းစွာ လွှတ်လိုက်တယ်။ ရွှေမြားက စတုမဟာရာဇ် နတ်ပြည်အရောက်မှာ နောက်မြားက မီလာပြီး မြားချင်းခတ်လိုက်တော့ ပထမမြားက လည်ပြီးပြန်ဆင်းလာတယ်။

ဒုတိယမြားကတော့ တာဝတိံသာထိအောင် တက်သွားတယ်။ မြားဆင်း လာတဲ့ အသံဟာ မုန်တိုင်းသံ မိုးကြိုးသံလို မည်ဟီး တာကြောင့် ပရိတ်သတ်အားလုံး ထိတ်လန့်ကြတယ်။ ဆင်းလာတဲ့ မြားက ကျန်တဲ့ သရက်ညှာတစ်ခြမ်းကို ဖြတ်လိုက် တော့မှ ကျလာတဲ့ သရက်သီးကိုရော မြားကိုပါ မင်းသားက ဖမ်းယူလိုက်ပြီး သရက်သီးကို မင်းကြီးထံ ဆက်လိုက်တယ်။

မကြာမီမှာပဲ သူ့ညီတော်စံရာ ဗာရာဏသီ ပြည်ကို ခုနှစ်ပြည်တောင်က စစ်ပြုဖိုးဝိုင်းထား လေတော့ ညီတော်ဟာ ကြံရာမရဖြစ်ပြီး နောင်တော် အသဒိသ မင်းသားထံ တိတ်တဆိတ် လူလွှတ်ပြီး အကူအညီတောင်းရတယ်။ မင်းသားက နေပြည် တော်ကို ပြန်သွားပြီး ခုနှစ်ပြည်တောင် မင်းတို့ရဲ့ စားတော်ရွှေခွက် တွေပေါ်မှာ မြားတစ်စင်းစီ ကျအောင် လွှတ်လိုက်တယ်။ မြားတွေမှာ စာရေး



www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်တာက 'ငါ့အသဒိသရောက်ပြီ၊ မသေချင်ရင်ပြေးကြ' ပေါ့။ ခုနှစ်ပြည်ထောင် မင်းတွေ ပြေးကြတယ်။ အသဒိသ မင်းသားက ညီတော်ထံ ခွင့်ပန်ပြီး တောထွက်တယ်။

ဇာတ်ပေါင်းတော့ ညီတော်က ရှင်အာနန္ဒာ ဖြစ်လာတယ်။ အသဒိသမင်းသားကတော့ ဘုရား ဖြစ်လာတယ်။

**ဆရာတော်ဇာတ်ကွက်ယူပုံ**

ကဲ ဒီဇာတ်လမ်းအတိုင်းဆိုရင် ဘာများ စိတ်ဝင်စားစရာ ကောင်းမှာလဲ။ ဆိုလိုတာက ကျောင်းသား ကာလသားပေါက်စတွေအတွက် ပျော်စရာအကွင်း အကွက် ဘယ်မှာရှိနိုင်ပါတော့မလဲ။

ဒီနေရာမှာ ငါတို့ဆရာကြီး ပါဠိပါရဂူ ဦးအောင်မိုး ပြောတာကို သွားပြီးသတိရမိပြန်ပါ တယ်။

"ကိုအောင်သင်းရေ - အညာဆိုတာ ကိုအောင်သင်း သိတဲ့အတိုင်း အလွန်ပူတာ ကလား။ အဲဒီလို နေပူလေပူမှာ ကျောင်းသား သူငယ်လေးတွေကို ရွှဲတိုက်ရင်း ပျော်ကြပါးကြ စေချင်လို့ ဟာသတွေကို ထည့်ပေးရှာတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဟာသလို့သာ ပြောလိုက်ရပေမယ့် လူ့သဘော လူ့သဘာဝကို ပေါ့ပေါ့ပါးပါးထည့်ပြီး ရေးသွားလိုက်တာကတော့ ကိုအောင်သင်းတွေ့တဲ့အတိုင်း ပါပဲ” တဲ့။

ကဲ ဘယ်နေရာကို ဟာသဇာတ်ကွက် အဖြစ်ယူလိုက်သလဲ ဆိုတာ ကြည့်ကြရအောင်။

ပထမတစ်ချက်ကတော့ အလောင်းမင်းသားလေးတော်ကိုစွဲပြီး တင်းတိမ်ထဲက ထွက်လာတဲ့အခါမှာ မိန်းမပရိတ်သတ်တွေ ရုတ်ရုတ်သဲသဲဖြစ်သွားပုံကို ရေးလိုက်ပါတယ်။

ဆရာတော် သရုပ်ဖော်ထားတာကို ဖတ်လိုက်ရရင် လူငယ်စာဖတ်ပရိတ်သတ်ဟာ ‘မိုက်ကယ်ဂျက်ဆင်’ ပွဲမှာ ကောင်မလေးတွေ တရုန်းရုန်းဖြစ်နေတာ၊ ဒါမှမဟုတ် စင်တင်တေးဂီတပွဲမှာ နာမည်ကြီး အဆိုကျော်တစ်ယောက် တက်လာလိုက်တဲ့အခါ မိန်းကလေးတွေ တရုန်းရုန်း ဖြစ်နေပုံကို သတိရကြလိမ့်မယ် ထင်မိပါတယ်။ ဖတ်ကြည့်ပါဦး - (ရွှေတွေကို မထည့်လိုက် တော့ဘူး)

လေးတော်ရွှေစင် ၊ မပစ်ခင်ပင် ၊ လုလင်မင်းရဲ့၊ ဟန်ယူဆဲဖြင့် ၊ ပွဲလုံးသိမ့်သိမ့် တုန် . . .



www.burmeseclassic.com

www.burmeseclassic.com



ရင်ကို သပ်တီး ၊ အံ့မပြီးသည်၊ ဆံကြီး ဖါးယားခုန် . . .

အိုဘဲ့ လူသဲ့ယောက်ျား၊ ယမန်ကသာ ၊ ရောက်ပေလာသည်။ ဗာရာပြည်ကြီးသား တဲ့. . .

ဘယ်သူ့သား၊ ဘယ်မျိုးဆွေ ၊ မသိပါငြား၊ တစ်ပြည်သားငယ်၊ သနားစရာပေရှင့်. . .

အထွေထွေဆိုကြပြော ၊ ဗျာဆံခါခါ ၊ ပျိုကညာတို့၊ စေတနာ တဖောဖောတည်း. . .

ဘဝင်မောမျှ ၊ ချစ်ကြောတငင်ငင်၊ ရွှေရင် စုန့်စုန့် ၊ ပါးပုံ့ပုံ့မှာ၊ လွင်မှုန့် နံ့သာတင်. . .

အို. . . တော်. . . ရှင် ၊ ခေါ်ချင်တဟဟ၊ တစ်ခုလပ်ဟာ ၊ ပျိုမသာသည်၊ လင်ကွာ မုဆိုးမနှင့်. . .

ရင်ပွပွသည်၊ ကြင်စမူပလီ ၊ သား တစ်ယောက်မိ၊ နှစ်ယောက်မိသည်၊ ဣတ္ထိ ကုမာရီတို့. . . .

ရွှေဒါလီသည်၊ အာနီမုတ်ပုတီး ၊ နားတောင်း စိန်ရောင် ၊ ပါးလုံးပြောင်သည်၊ ထိန်အောင် ကိုယ်လုံးညီးမျှ. . .

လေးဘက်မြိတ် ၊ ဖဲကွမ်းတုံ၊ စိန်တိုင်နီမြန်း၊ ထွေထွေဆန်းသည်၊ လွှတ်ပန်း နဂါးရုံကို . . . .



www.burmeseclassic.com

www.burmeseclassic.com



ခံသူခံ ၊ သိုင်းသူသိုင်း ၊ တောမြို့စရိုက် ၊ ပိုက်သူပိုက်သည်။ အလိုက်ယဉ်မရှိုင်းဘဲ. .

လိုရှိတိုင်း လောဘဲ့တင်၊ ပြုံးချို ပြုံးချို၊ အသုံးလိုက၊ ဘုန်းမို ယူလှဲ့ရှင်ဟု. . .

မဆိုပင်လည်း၊ ဆိုချင် စိတ်ဝမ်းထဲ၊ ဆေးလိပ်ကွမ်းယာ ၊ ဖဲပဝါနှင့် ၊ ထုတ်ကာပစ်ကြကြသည်. .

ရွှေပွဲတော်ဘောင် ၊ မင်းကျော်ခေါင်မှာ ၊ ဂုဏ်ရောင် လန္ဒယ် ဆန်း၏လေး. . .

အပျို အအို ၊ မေတ္တာပို့သည်၊ ကိုယ်ကို အပ်ချင်စမ်းတည့်လေး. . .

မယ့်ရွှေရင်ပေါ် ၊ မင်းကျော်ကျော်သည်၊ လေးတော် တင်လှည့်စမ်းတည့်လေး. . .

မယ့်ရွှေရင်ပေါ် ၊ မင်းကျော်ကျော်သည်၊ လေးတော်တင်လှည့်စမ်းဟု၊ စိတ်မှန်းဆိုမိချင်. . .

မျက်နှာချိုအေး ၊ ပျိုကလေးတို့၊ အရေးစ ထင်ထင်နှင့် . . .

မင်းကျော်ထင်ကို ၊ ချစ်ကြင်စေနာလှိုင်း ၊ သူ့ထက်ငါကဲ၊ လေးတော်ပွဲတွင် ၊ သဲသဲရံပတ်ဝိုင်း . . . . . .

ခုလပ်ပိုင်းသည်၊ ပျိုဟိုင်းတစ်လင်ကွာ ၊



www.burmeseclassic.com

www.burmeseclassic.com



ဗျာဆံဝိုက်ကွေး ၊ မျက်ချိုသွေးသည်၊ ဟိုရေး
တတ်လှစွာနှင့် . . .

လွန်ချူချာသည်၊ မူရာတစ်ကိုယ်လုံး ၊
ရမထာကြိမ် ၊ သိုင်းနဲ့ နှိမ်လည်း၊ မငြိမ်တရုန်းရုန်း
တည်း . . .

‘မယ့်ရွှေရင်ပေါ်၊ မင်းကျော်ကျော်သည်၊
လေးတော်တင်လှည့်စမ်းတည့်လေး’ ဆိုတာ
ဖတ်လိုက်ရတော့ ဆရာတော့်နှယ် ကတ်သီး
ကတ်သတ်ရေးမှ ရေးတတ်ပလေလို့ အောက်မေ့
လိုက်မိတယ်။

‘ရမထာကြိမ် ၊ သိုင်းနှင့် နှိမ်လည်း ၊ မငြိမ်
တရုန်းရုန်းတည်း’ ဆိုတာမှာ ‘သိုင်း’ ဆိုတာကို တုတ်
သိုင်း ၊ ဓားသိုင်းတွေ ထင်မနေနဲ့ဦး ၊ ‘ကြိမ်’ ကို ပြော
တာ။ ရာဇာဝင်း ခင်းတဲ့အခါမှာ ရှေ့က (ကြိမ်) ကိုင်သွား
တာကို တွေ့ဖူးကြမှာပါ။ လမ်းရှင်းဖို့ ရှေ့ပြေး ပေါ့။
ခုခေတ် ရှေ့ပြေးဆိုင်ကယ်စီး ယဉ်ထိန်းရဲတွေလိုပေါ့။

ဒီနေရာမှာတော့ ဆရာတော်က အမျိုးသမီး
တွေဟာ ပွဲခင်းလုံခြုံရေးရဲတွေတောင် ထိန်းလို့မရ
တော့အောင် သောင်းကျန်းနေတယ်လို့ သရုပ်ဖော်
လိုက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုးပေါ်က ပြန်ကျလာတဲ့ မြားသံဟာ ထိတ်လန့်ဖွယ်ရာ ကောင်းလွန်းလို့ လူတွေပြေးလွှားကြ ရုတ်ရုတ်သဲသဲ ဖြစ်ကြပုံကို သရုပ်ဖော်ထားတာမှာ ကျတော့ ဒီထက်တောင် ပိုကောင်းပါသေးတယ်။ ဆက်ကြသေးတာပေါ့။

(ရွှက်နုဝေ ၊ ဇွန်လ ၊ ၁၉၉၉)

ဆရာတော် သရုပ်ဖော်ထားတာကို
ဖတ်လိုက်ရရင်
လူငယ်စာဖတ်ပရိတ်သတ်ဟာ
'မိုက်ကယ်ဂျက်ဆင်' ပွဲမှာ
ကောင်မလေးတွေ တရှန်းရှန်းဖြစ်နေတာ၊
ဒါမှမဟုတ်
စင်တင်တေးဂီတပွဲမှာ
နာမည်ကြီး အဆိုတော်တစ်ယောက်
တက်လာလိုက်တဲ့အခါ
မိန်းကလေးတွေ တရှန်းရှန်းဖြစ်နေပုံကို
သတိရကြလိမ့်မယ် ထင်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## မန်လည် မဂ်ဃာရတုများ (၂)

အရင်တစ်ပတ်က သျှိုးလိုက်ရတု အကြောင်းကို ရှင်းပြခဲ့ပါတယ်။ မန်လည်ဆရာတော်ရဲ့ သျှိုးလိုက်ရတုတွေထဲက အသဒိသဝတ္ထုကို မိတ်ဆက်ပေးခဲ့ပါတယ်။ အသဒိသ မင်းသား လေးတင်ခန်း ရောက်တော့ ပျိုပျိုအိုအို မိန်းမတွေ အလောင်းတော် မင်းသားကိုကြည့်ပြီး ဝိုင်းဝိုင်းလည် 'ငမ်း' ကြပုံကို ဆရာတော်က ဟာသဉာဏ် သဘာဝဉာဏ် ကောင်းကောင်းနဲ့ ဘယ်လိုသရုပ်ဖော်ခဲ့တယ် ဆိုတာကိုလည်း တစ်ပိုင်းတစ်စ တင်ပြခဲ့ပါသေးတယ်။ အခုတစ်ပတ်တော့ဖြင့် အလောင်းတော်မင်းသား ပစ်လိုက်တဲ့မြား ဟာ ကောင်းကင်ကပြန်ကျလာတော့ လူတွေအားလုံး ထိတ်လန့်တကြားဖြစ်ကြပုံကို ဆရာတော်က ဘယ်လိုဖွဲ့တယ်ဆိုတာကို တင်ပြလိုက်ပါဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမမြွေးတစ်စင်းကို လွှတ်လိုက်တယ်။ ဒုတိယမြွေးကိုတော့ ပိုပြီး အဟုန်ပြင်းပြင်း လွှတ်လိုက်တော့ ရှေ့မြွေးကို နောက်မြွေးက စတုမဟာရာဇ် နတ်ဘုံမှာမီတော့ ပထမမြွေးကို ဒုတိယမြွေးက ခတ်လိုက်ရာမှာ ပထမမြွေးက လည်ပြီးပြန်ဆင်း လာတယ်။ မြွေးဆင်းလာလိုက်တဲ့ အသံဟာ မိုးကြိုးမုန်တိုင်း ကျသလို ပြင်ထန်လွန်းတော့ လူတွေအားလုံး ဟာ ရုတ်ရုတ် သဲသဲ ပြေးကြ လွှားကြ ပုန်းကြ ဖြစ်ကုန်တာပေါ့။

မြွေးကျလာတဲ့အခါ အသံမြည်ဟိန်းပုံကို ဖွဲ့ထားတာကို ကြည့်ပါဦး

ပတ်ပတ်လည် ကောင်းကင်ထဲ ၊ လေသင်ခုန်းစက်၊ ဟုန်းဟုန်းတက်ကို ၊ ဝက်ဝက် အကုန်ခွဲ

မိုးမြေကွဲမျှ ၊ ခြိမ့်သဲကြွက်ကြွက်ဆူ၊ ဝရဇိန်မျိုး၊ ထစ်ကာကြိုးသည်၊ မိုးကြိုးကျသည့်တူသို့ ၊ ဘရာဘူသည်၊ လှိုက်ဆူလွန်ထန်ပြင်း၊ မိုးလုံးကြွက်ညံ၊ ပြုံမည့်ဟန်သို့၊ အသံမည် ဆင်းက -

လူတွေ အထိန်တလန့် ဖြစ်ကြပုံကို ဆရာတော် ဖွဲ့ထားလိုက်တာကြည့်ပါဦး

အုန်းအုန်း အင်းသည်၊ ရုန်းရင်းများလူရှင်၊ သိနိုင်ပြီပဲ၊ ဝမ်းရင်ထဲမှာ ၊ အူသဲပြတ်မည့်သွင်တည်း-



www.burmeseclassic.com

www.burmeseclassic.com



ချိုကိုဝင်၊ ဥမင်ဂူသို့အောင်း၊ ဘူးစင် ပဲစင် ၊ ဖရုံစင်မှာ၊ ခိုဝင်လွတ်ကြောင်းကြောင်းနှင့်

ဘမ်းကိုဆောင်း တောင်းနှင့်ကာသူကာ၊ ဦးခေါင်းစောက်ထိုး၊ လက်ကိုမိုးသည်၊ ရှိခိုး တစာစာတည်း။

ကယ်ကြပါ ၊ ကယ်ပါ အိုအမိ ၊ ဘုရား ဘုရား၊ ကျွန်တို့အားကိုး ၊ သိကြား မြင်ပါဘိလော့

သေ-မချိသည်၊ မျက်စိမှုးဝေရီ ၊ ဘယ့်နှယ် မသိ ၊ မိုးလုံဖိသည်၊ ပြိုအိ ကျချေပြီတည်း

တစီစီသည်၊ ငိုမည်အော်ဟစ်ကြွေး ၊ တစ်ယောက်ကိုတိုက် ၊ တစ်ယောက်ခိုက်သည်၊ မြေ၌ လိမ့်ကာထွေး

လူတို့ သဘာဝမှာ ဆရာတော် ဟာသသွင်း လိုက်ပုံကိုကြည့်ပါဦး

ပြေးသူပြေး ၊ မှိုင်သူမှိုင် ၊ ရွှေရင်ဖွေးဖွေး ၊ ပျိုကလေးတို့ ၊ ကိုယ်ရေးမလုံနိုင်ခဲ့

တယိုင်ယိုင်သည် ၊ ထ-ထိုင်တကုန်းကုန်း ၊ ထက်အောက်တွင်းပြ ၊ တက်တက်စင်အောင် ၊ ဘဝင်ပြာ အုံးသည်။

တစ်လုံးနှစ်လုံး၊ ချိုးဥလုံးကို ၊ မဖုံးနိုင်ပြီဘဲ



www.burmeseclassic.com

www.burmeseclassic.com



တည့်လေး

တစ်ပေါင် နှစ်ပေါင် ၊ သပြေရောင်ကို ၊ လုံအောင် တတ်နိုင်ဘဲ တည့်လေး

တစ်ပေါ် နှစ်ပေါ်၊ ကိုယ်လုံးပေါ်သည်၊ ပဲလျော်အာတာကွဲတည့်လေး။

"တစ်ပေါင် နှစ်ပေါင် သပြေရောင် . . ." ဆိုတာကို ဘယ်လိုသဘောကျမှန်း မသိဘူး။ ဆရာတော်ကြီးနှယ် ကတ်သီးကတ်သတ် သူမို့လို့မှ နှိုင်းတတ်ပလေ လို့ရယ်မောမိပါတယ်။

တို့များ ကျောင်းသားဘဝမှာ ဒီရတုတွေကို သင်ရတော့ သင်တဲ့ဆရာက မြွာစရိယ ပါဠိပါရဂူ ဆရာကြီး ဦးအောင်မိုး ဖြစ်ပါတယ်။ ဆရာကြီးက ရဟန်းဘဝက လာတာဖြစ်လေတော့၊ စာသင်တဲ့အခါ အလွန်ကို ဣန္ဒြေကြီးပါတယ်။ ရယ်တာ ပြုံးတာမတွေ့ရဘူးလို့ ဆိုလောက်အောက်ကိုပဲ ဣန္ဒြေကြီးတာပါ။ ငါတို့ ကျောင်းသားတွေကတော့ 'တစ်လုံး နှစ်လုံး ၊ မျိုးဥလုံးကို ၊ မဖုံးနိုင်ပြီပဲတည့်လေး' ဆိုကတည်းက တခိခိဖြစ်နေကြပြီ။ ဆရာကြီးက သုံးသပ်ပြရဦးမယ် မဟုတ်လား။ ဘယ်လို သုံးသပ်ပြ မလဲဆိုတာကို စောင့်ကြည့်ကြတာပေ့ါ။ တကယ်ဆိုတော့လည်း ကျောင်းသားအားလုံး ဆရာတော်ရဲ့ ဟာသရသကို



www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်ခံစား နိုင်နေကြပြီးသားပါပဲ။ သို့ပေမယ့် ဆရာကြီးက ဣန္ဒြေကြီး တစ်ခွဲသားနဲ့မို့ ဒါမျိုးကို ဘယ်လို သုံးသပ်ပြမလဲဆိုတာ စောင့်ကြည့်ကြ တာပါပဲ။

ဆရာကြီးက ဘာမျှရှင်းပြမနေတော့ဘဲ ၊ ဒီအတိုင်းဘဲ ခပ်ဖြေးဖြေးဖတ်ပြသွားတာပါပဲ။ ဒါပေမယ့် "တစ်ပေါ်နှစ်ပေါ်၊ ကိုယ်လုံးပေါ်သည်၊ ပဲလှော် အာတာကွဲတည့်လေး" ဆိုတာကိုရောက်တော့မှ "ပွဲတော်ကြီးတစ်ခုလို ဖြစ်နေတော့ ပဲလှော်သည်တွေ ဘာတွေလည်းလာကြလို့ဖြစ်မှာပေါ့လေ' လို့ ခပ်တည် တည် ကြီးဖောက်ပြောလိုက်တော့ တစ်တန်းလုံးဟာ ဝါးခနဲဖြစ်သွားတာ ခုထက်ထိမှတ်မိနေသေးတယ်။ တကယ်ဆိုတော့ ဆရာကြီး ဦးအောင်မိုး ဟာ ဟာသကို အလွန် နှစ်သက်တတ်သူ ဖြစ်တယ်ဆိုတာ နောင်အခါ ရင်းနှီးလာတော့မှ သိလာရတယ်။ သူလည်း ဆရာတော်ရဲ့ ဟာသတွေကို အလွန်သဘောကျတာ။ လူပြန်တော်ဖြစ်စမို့သာ တည်တည်ကြီး ဖြစ်နေခဲ့ရရှာ တာပါ။

ဆရာတော်ရေးခဲ့တဲ့ စာတွေကို ညစ်ညမ်း စာပေတွေနဲ့ ရောထွေးမသွားစေချင်ဘူး။ ညစ်ညမ်း စာပေဆိုတာ ဖိုမလိင် ကိစ္စတွေကို ကာမဂုဏ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်အောင် မဖွယ်မရာ ရေးတာတွေကို ပြောတာ။ စာပေမှုမဟုတ်ဘူး။ ပန်းချီ ၊ ရုပ်ရှင် ၊ ဘယ်လိုဟာမျိုးမဆို အဲဒီလိုသဘောမျိုးကို ရောက်သွားအောင် ဖန်တီးရင်း ညစ်ညမ်းစာရင်း ဝင်သွားတာပါပဲ။ အင်္ဂလိပ်လိုတော့ဖြင့် (Obscenity) လို့ သုံးစွဲလေ့ရှိကြတယ်။ 'ကာမဂုဏ်စိတ်ပေါ်အောင်' ဆိုတဲ့စကားကို အထက်မှာရေးခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဖိုမလိင်ကိစ္စအကြောင်းကို ရေးတိုင်း Obscene မဟုတ်ဘူး ဆိုတာသိစေချင်လို့ပါပဲ။ 'မမြင်ဝံ့ ဆေးသမား၊ မကြားဝံ့ တရားသူကြီး' ဆိုတဲ့စကား ရှိတယ်မဟုတ်လား။ ဆေးပညာပေး စာအုပ်တွေကို ညစ်ညမ်းစာပေရယ်လို့ ပြောလို့ ဖြစ်ပါ့မလား။

'ကြမ်းတယ်' ဆိုတဲ့ မြန်မာစကား ရှိသေးတယ်။ နှုတ်ကြမ်းအာကြမ်းဆိုတာမျိုးပေါ့။ ဗန်းမော်ဆရာတော်က သီလရှင် ဆရာကင်းဆီကို ရေးတယ်လို့ အဆိုရှိတဲ့စာတွေ ၊ ဦးပုညက အချုပ်တန်းဆရာဖေကို နှိမ်ချတဲ့စာတွေကိုတော့ဖြင့် ကြမ်းတယ်လို့ ဆိုနိုင်တယ်။ ဦးပုညရဲ့ ပြဇာတ်တွေ ၊ မေတ္တာစာတွေမှာ အတော်လေးကို အသုံးကြမ်းတယ်လို့ ဆိုနိုင်တဲ့ စကားတွေ အတော်များများတွေ့နိုင်ပါတယ်။ ဒါပေမယ့် ညစ်ညမ်းစာပေမဟုတ်ဘူး။ Obscene ဖြစ်ပါတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့မရဘူး။

အခုတင်ပြခဲ့တဲ့ မန်လည်ဆရာတော်ကြီးရဲ့ စာတွေဟာ ညစ်ညမ်းတာလည်းမဟုတ်ဘူး၊ ကြမ်းတာလည်းမဟုတ်ဘူး၊ တကယ့်ကို ဟာသသက်သက်ပဲ။ ဆရာတော်ကြီးစေတနာကိုက ကလေးတွေကို ပျော်စေချင်တယ်၊ ကြားရသူ အပေါင်းကိုလည်း ပျော်စေချင်တယ်။ အလှူမဏ္ဍပ်ထဲမှာ သံနေသံထားနဲ့ ဆိုကြတဲ့အခါ ပရိတ်သတ်ကတစ်ပိုဒ်ပြီးတစ်ပိုဒ် စောင့်နားထောင်ရင်း ခွက်ခွက်လန်အောင် ရယ်ကြမောကြမှာကို မြင်ယောင်မိတယ်။ အထက်မှာ တင်ပြခဲ့တဲ့စာတွေကို ကြားရတဲ့အခါ မိန်းမပျိုလေးတွေလည်း ရယ်မိကြမှာပဲ၊ ရှက်သွေးဖျန်းစရာမလိုတဲ့ သန့်ရှင်းသော ရယ်ခြင်းမျိုးနဲ့ကိုပဲ ရယ်ကြမှာပါ။ မဃဒေဝ လင်္ကာကြီးကစပြီး ဆရာတော် ရေးခဲ့တဲ့ စာတွေကို ကြည့်လိုက်ရင် စာပေစေတနာ အလွန်ကြီးမားတဲ့ ဆရာတော်ကြီးဖြစ်ကြောင်း သိသာလှပါတယ်။ဒါပေမယ့် သူ့လိုကြီးမားခန့်ထည်လှတဲ့ ပညာရှင်ကြီးတစ်ပါးက ကျောင်းသားကလေးတွေ ကိုပါ ပျော်စေရှင်စေချင်တဲ့စိတ်နဲ့ ချစ်ကြင်သနား အရေးထားခဲ့တာကို ဘယ်လိုအံ့ဩမိမှန်းမသိဘူး။ ကြည်ညိုစရာ ကောင်းတာမကဘူး၊ ချစ်ဖို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်လို့သာ ပြောလိုက်ချင်တော့တာပါပဲ။

နောက်ပြီး ဆရာတော်က သျှိုးတိုက်တဲ့ ကျောင်းသားလူငယ်တွေကို ဆုတော်လာဘ်တော် ရစေချင်တာကြောင့်လည်း ဒီလိုကြိုးစားပမ်းစား ရေးပေးခဲ့တယ်လို့ ထင်မိပါတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီ 'အသဒိသရတု' ထဲမှာကိုပဲ စာတစ်ပိုဒ် ပါနေသေးတယ်။

အလှူ့တကာ ၊ ပျိုကညာတို့၊ သဒ္ဒါငဲ့ကွက်၊ ဆုမထွက်က၊ ထို့ထက်လွန်စွာ ၊ မဟာကာယ၊ ပဒါလဟု၊ သတ္တာအကျော်၊ လောင်းဘုန်းမော်၏ ၊ လေးတော်ပြခန်း၊ ခုနစ်ခန်းကို၊ နိဒါန်း ဆက်ပြီးဘူးတည့်လေး။

'ပဒါလ' ဆိုတာကခွင်းတာ၊ ထွင်းဖောက်တာ ကိုပြောချင်တာပါ။ ပျိုကညာတို့က ဆုတော် လာဘ် တော် မပေးကြရင် လေးစွမ်းပြခန်း ၊ လေးတော်ခွင်းခန်း ကို ဆက်ပြီး မဆိုတော့ဘူးပေါ့။ တကယ်ဆိုတော့လည်း ပရိသတ်ကပေးကြမှာပါပဲ။ ဆရာတော်ကြီးရေးတဲ့စာ ဖြစ်နေတာကြောင့်ကိုလည်း စာကိုလည်း လိုလိုချင်ချင် နာကြမှာပေါ့။ ကလေးတွေကိုလည်း ချစ်ချစ်ခင်ခင် ပေးကြမှာပါပဲ။ ယုတ်စွအဆုံး ရတုတိုင်တဲ့ ကျောင်းသားလေးရဲ့ မိဘသားချင်းတွေကတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



သားလေးကိုသဘောကျနေတာနဲ့က ဆုပေးကြလိမ့်မယ် ထင်ပါတယ်။ စိတ်ကူးနဲ့ တွေးကြည့်ရတာတောင် တကယ်ကို ပျော်ဖို့ကောင်းပါပေတယ်။

ဆရာတော်က အဘက်ဘက်က စဉ်းစား ထားတာ။ တကယ်လို့ 'ဆု' မထွက်ရင် ဘယ်လို လုပ်မလဲ။ ဆုမထွက်ရင် မဆိုတော့ဘူးဗျာ လို့ပြောပြီး မဏ္ဍပ်ထဲက ထွက်သွားလို့မှ မဖြစ်တာ။ ထွက်သွားရင် ပုံပျက်သွားမှာပေါ့။ ဒီတော့ ဆရာတော်က ရေးပေး ထားသေးတယ်။

အလှူ့တကာ၊ ပျိုကညာတို့၊ သဒ္ဓါငဲ့ကွက် ၊ ဆုမထွက်လည်း ၊ ထို့ထက်လွန်စွာ ၊ မဟာကာယ၊ ပဒါလဟု ၊ သတ္တအကျော်၊ လောင်းဘုန်းမော်၏ လေးတော်ပြခန်း၊ ခုနှစ်ခန်းကို ၊ နိဒါန်းဆင်လိုက် ပါတော့မည်။ ရွှေပွဲတော်လာ ၊ ပျိုကညာတို့၊ နားမှာ စေ့စေ့လည်လော့။

'ဆု' မထွက်ပေမယ့် ကျွန်တော်တို့ ဆက်ပြီး ဆိုပါ့မယ်ပေါ့။

"တကယ်လို့ ဆုထွက်ခဲ့ရင် အဲဒါကိုမဆိုနဲ့တော့" လို့ ဆရာတော်က သူ့တပည့်ကလေးတွေကို စကားထည့်ထားမှာပေါ့။ ဒီလိုဆရာတော်ကြီးမျိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



တပည့် ကျောင်းသားငယ်ဖြစ်ရတာ ဘယ်လောက်များ 'အရတော်' လိုက်လေသလဲလို့ အောက်မေ့မိတယ်။ ကြားထဲမှာ စကားတွေ ဖောက်လိုက်တာနဲ့ အအသဒိသ ရတုကိုတောင် မျက်ခြည်ပြတ်သလောက် ဖြစ်သွားတယ်။ ဆက်လိုက်ကြဦးစို့။

အထက်မှာ ဆိုခဲ့တဲ့အတိုင်း အလောင်းတော်ရဲ့မြား ကောင်းကင်က ပြန်ကျလာတော့ မိုးပြိုခမန်း မြည်ဟိန်းတာကြောင့် လူတွေဟာ ပုန်းခိုရာမတွေ့လောက်အောင် ထိတ်လန့်ကြတယ်။ ဒီတော့မှ အလောင်းတော်က ဘာမှမစိုးရိမ်ကြပါနဲ့၊ မြားကျလာတဲ့ အသံပါ၊ မြားကျလာတာကိုသာစောင့်ပြီး ကြည့်ကြပါလို့ ပြောပြတယ်။

ဒီတော့မှ ပရိသတ် (အထူးသဖြင့်) မိန်းမပရိတ်သက်က "ဪဒီလိုလား၊ သိပေါင်တော်၊ ကျုပ်တို့မှာတော့ လန့်လိုက်ရတာ အသက်များ ထွက်သွားမလား အောက်မေ့မိတယ်" ဆိုတာမျိုး ပြောတာကို ဆရာတော်ဖွဲ့လိုက်ပုံကို ကြည့်ကြစေချင်ပါသေးတယ်။ မိန်းမတွေရဲ့ သဘာဝကို ဆရာတော်က သိပ်သိတာပဲ။ သိသလောက်ကိုလည်း ပေါ်လွင် မြင်ယောင်လာအောင်လည်းသရုပ်ဖော်နိုင်စွမ်း ရှိပါပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သို့လားမောင်မောင် ၊ ကြံ့ဖူးပေါင်သည်၊ ခြိမ့်အောင် မိုးကြိုးကျသို့

ဗာရာဏ ၊ ဌာနပြည်ကြီးပျော်၊ အလိုငါ့သား ရှင်ငကြွားငယ်၊ သိကြားပါထင့် နော်တည်း

အပျိုတစ်ဖော်တို့၊ အိုတော်ရှင် ရှင့်မြား ၊ မိုးပြိုသောနှယ် ၊ ကြောက်စဖွယ်အောင်၊ အမယ်မင်းကြီး မြားရှင့်

ဗာရာသားငယ်၊ မောင့်မြားမွှေလိုက်ချင် ၊ အမြင်မကောင်းလို့၊ တို့အပေါင်းမှာ ၊ မုန်းပေါင်း ပြုံပြုံစင်ပေါ့ ။

ဘာမဆိုင် ညာမဆိုင် 'မုန့်ပေါင်းပြုံပြုံစင်ပေါ့' ဆိုတာ ပထမဆုံးအကြိမ်ဖတ်လိုက်ရစဉ်က အသံထွက် အောင်တောင် ရယ်ခဲ့မိပါတယ်။ ဒီ 'မုန်းပေါင်း' ဆိုတာကို ဘာကြောင့် ဆရာတော် ကတ်သီးကတ်သတ် သုံးခဲ့ပါလိမ့်မလဲလို့ စဉ်းစားကြည့်လိုက်တော့ အဲဒီ အခါက ကျောင်းသားငယ်လေးတွေ သုံးကြစွဲကြတဲ့ 'ဗန်းစကား' တွေများ ဖြစ်မလားလို့လည်း အောက်မေ့ မိတယ်။ ပြောရဦးမယ် ဒီ သျှိုးလိုက်ရတုတွေကို တစ်ချို့က သျှိုးလိုက်ရကန်လို့တောင် ၊ ရေးတတ်တာကို သတိထားခဲ့မိပါတယ်။ ရကန်ဆရာတွေက ဒီလို



www.burmeseclassic.com

www.burmeseclassic.com



တောက်တီး တောက်တဲ့တွေကို ထည့်ပြီးရေးလိုက်ဖို့ ဝန်မလေးတတ်ကြဘူး။ သူ့ခေတ် သူ့အခါမှာ အသုံးတွင် ရေပန်းစားနေတဲ့ 'ဗန်းစကား' လို ဟာမျိုး တွေကိုလည်း ထည့်ပြီးရေးချင် ရေးပစ်လိုက်တာ ။ ဒီတော့နောက်ခေတ်တွေမှာ စကားလုံးအဓိပ္ပာယ်ကို မှန်းကြည့်နိုင်စေဦးတော့ တိတိကျကျ ပြောနိုင်ဖို့ မလွယ်တာကို မကြာခဏတွေ့ရတယ်။

ဦးတိုးရဲ့ 'ရာမရကန်' မှာဆိုရင်လည်း ဒီလို စကားလုံးမျိုးတွေ ခဏခဏ တွေ့ရတယ်။ အဘိဓာန် တွေ ဘာတွေထဲမှာ ရှာလို့လည်း ရနိုင်တာမဟုတ်ဘူး။ ဒီလိုတောက်တီး တောက်တဲ့တွေကို ကြံဖန်ပြီး စဉ်းစား၊ စာတိုစာစ တွေကိုဖတ်၊ တောင်မေးမြောက်မေး ဆည်းပူးတတ်တဲ့ သွားလေသူ ဆရာကြီး ဦးဆန်းထွန်း တို့လို ပုဂ္ဂိုလ်မျိုးတွေကမှ သိတတ်တာ။

ဆရာကြီး ဦးဆန်းထွန်းကို ရာမရကန် တက်ချင်တယ် - သင်ပေးပါ လို့ ပြောဖူးတယ်။ သင် ပေးပါ့မယ်လို့လည်း ပြောပါတယ်။

"ကိုအောင်သင်း - ရာမရကန်ကို သင်ပြီးသား မဟုတ်လား၊ ဘာကြောင့် ကျုပ်ဆီမှာ ထပ်ပြီးတက်ချင် သေးတာလဲ" လို့မေးတယ်။ "ဟာ ဆရာကလည်း သိရက်သားနဲ့ ရကန်ထဲက တစ်ချို့စကားတွေက



www.burmeseclassic.com

www.burmeseclassic.com



ပညာရှိတိုင်း သိတာမှမဟုတ်ဘဲ၊ ဆရာတို့လို ဘရုတ် သုက္ခပညာရှိကမှ သိတာ” လို့ပြောလိုက်တော့ ဆရာကြီးဦးဆန်း ရယ်လိုက်တာလေ။ မော်လမြိုင်ရောက်၊ ပြင်ဦးလွင် စစ်တက္ကသိုလ်ရောက်နဲ့ မသင်လိုက်ရဘူး။ နှမြောဖို့ ကောင်းတယ်။

တောင်ရောက် မြောက်ရောက်ဖြစ်နေရင် သည်းခံပါ။ ဂန္ထဝင်တွေရဲ့ သဘာဝတွေကို သိနေအောင် ကြုံတုန်းထည့်ရေး လိုက်ရတာ။

အသဒိသ ကိုဆက်လိုက်ကြဦးစို့။

ကောင်းကင်က ကျလာတဲ့ မြားဟာ သရက်ညှာကျန်တစ်ဝက် ဖြတ်လိုက်တော့ ကျလာတဲ့ သရက်သီးကိုရော မြားကိုပါ အလောင်းတော်က ဖမ်းယူလိုက်တယ်။ လူတွေအားလုံးဟာ အံ့သြကြလွန်းလို့ ရတနာတွေကို ပစ်ကြဲပူဇော်ကြ၊ ဦးရစ်ဦးပေါင်းတွေကို ပစ်ကြဲဂုဏ်ပြုကြပေါ့။

အမျိုးသမီးတွေကတော့ -

ရှုယ်နုထွားသည်၊ ရွှေပါးနံ့သာတင် ၊ ကန္တဲ့ကနောင်း၊ ယဉ်ပျော့ပျောင်းသည်၊ ပျိုပေါင်းလှညက်စင်နှင့်

တစ်ရေစင်၊ တစ်လင်ကွာခုလပ် ၊ ထဘီ



www.burmeseclassic.com

www.burmeseclassic.com



လံပိုင်း၊အပျိုဟိုင်းက ၊ မြင်တိုင်းချစ်ဖွယ်၊ တစ်ယောက်မယ်သည်၊

နုနယ်ရင့်ပျော့ဖတ်တို့

အထပ်ထပ်သည်၊ ညပ် တိုးဝင်ကာ ၊ ကွမ်းကတုံးပိတ်၊ ကြာဖူးလိပ်နှင့် ၊ ဖဲမြိတ်ရွှေချည်လွှာကို

ထုပ်ချည်ကာ၊ ယူပါ-ယူလှည့်စမ်း၊ ကိုယ်ကိုဘန်းပြ၊ ဟန်ယုယသည်၊ မျက်စ တလျှမ်းလျှမ်းနှင့် ဆက်ကြကမ်းသည်၊ လက်လှမ်း မီ့တမီ ၊ ပျိုအိုအပေါင်း စေနာဟောင်းထက် ၊ ထပ်လောင်းဆယ်ဆလီသည်။

ယာယီ ချစ်ပါဦးတည့်လေး ၊ ပြုံးချို ပြုံးချို လောင်းဘုန်းမိုမှာ ၊ ပျိုအို မေတ္တာတိုးတည့်လေး။

မျိုးဆက်သစ်လူငယ်တွေ ဒီရတုကို ဖတ်ကြည့်ကြစေချင်ပါတယ်။ တကယ်ပျော်စရာကောင်းလို့ ညွှန်လိုက်ရတာပါ။ ဖတ်တဲ့အခါမှာလည်း သူတို့ခေတ် သျှိုးတိုက်ကြတာကို စိတ်ကူးမြင်ယောင်ကြည့်ဖို့သင်ပါတယ်။

ကဲ. . . ဒီလောက်ဆို ဂန္ထဝင်ဆိုတာ ဘာလဲ ၊ ဘာ့ကြောင့် ဂန္ထဝင်စာပေကို မင်းတို့ မျိုးဆက်သစ်လူငယ်တွေ လေ့လာဖတ်ရှုသင့်သလဲဆိုတာ သဘောပေါက် လောက်ရောပေါ့။ ဒီတော့ ငါ့အနေနဲ့ မင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com



တိုက်တွန်းလိုက်ချင်တာက အခုခေတ်ပေါ် မော်ဒန်တို့ ပို့စ်မော်ဒန်တို့ ဆိုတာတွေကိုလည်း စိတ်ဝင်စားရင် လေ့လာကြပေါ့။ ငါ့အနေနဲ့ ဘာမှ မပြောလိုပါဘူး။ သို့ပေမယ့် တစ်ဖက်ကလည်း ငါတို့တိုင်းပြည်၊ ငါတို့လူမျိုးရဲ့ မူပိုင်ဖြစ်ပြီး ခေတ်ကာလ အပိုင်းအခြားကို ငဲ့စရာမလိုအောင် အစဉ်သဖြင့် ရှင်သန်တောက်ပနေတဲ့ မြန်မာ့ဂန္ထဝင် စာပေများကိုတော့ဖြင့် မဖြစ်မနေ လေ့လာကြပါ။ ဂန္ထဝင်စာပေကပေးတဲ့ အကျိုးကျေးဇူးကို ဆွတ်ယူခံစားကြပါ။ ပြီးတော့ ကိုယ်တိုင်လည်း ဂန္ထဝင်စာပေကို ဖန်တီးနိုင်သူများ၊ ဆရာ့ထက်တပည့် လက်စောင်းထက်သော၊ တိုင်းပြည်နဲ့ လူမျိုးအကျိုးကို ဆထက်တပိုး သယ်ပိုးနိုင်တဲ့ ပခုံးစွမ်းအားရှိသော အမျိုးသားကောင်း အမျိုးကောင်းသမီးများ ဖြစ်အောင် ကြိုးပမ်းပြုနိုင်သူများ ဖြစ်ကြပါစေလို့ ဆန္ဒပြုရင်း မျိုးဆက်သစ်အတွက် ဂန္ထဝင်မိတ်ဆက်ကို ဒီလောက်နဲ့ပဲ နိဂုံးချုပ်ထားလိုက်ပါရစေဦး။ BURMESE CLASSIC .com

(ရွက်နုဝေ၊ ဩဂုတ်လ၊ ၁၉၉၉)

Future Publishing House

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com